# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ကိုရီးယားသမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင်ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံတည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေးနှင့်ဝန်ကြီးချုပ် မစ္စတာ ဟွမ်ကျိုအန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်းလေးဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများက ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်သို့ရောက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

> “အင်းလေးကန်အတွင်းရှိ သဲနုန်းများတူးဖော်ရာတွင် ပိုမိုထိရောက်မှု ရှိစေရန်အတွက် နယ်သာလန်နိုင်ငံမှ ခေတ်မီသောသောင်တူးစက်တစ်ခုကို မှာယူထားရာ မကြာမီရောက်ရှိတော့မည်ဖြစ်၊ ၎င်းသောင်တူးစက်ကို အင်းလေးကန်တွင် အမြဲတမ်းထားရှိပြီး ရေလမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်”




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နွားနို့သောက်ခြင်း အလေ့အထ

နွားနို့တွင် ပါဝင်သော အာဟာရဓာတ်များသည် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးမှုနှုန်းကို ကောင်းစေသည့်အပြင် အရိုးအဆစ်များကို သန်မာကြံ့ခိုင်မှုအားကောင်းစေ၍ ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။ အထူးသဖြင့် ကျောင်းသားအရွယ်ကလေးငယ်များ နွားနို့ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဟု ကျန်းမာရေးသုတေသီများက သုံးသပ်ထားပါသည်။ နွားနို့သောက်သုံးခြင်းသည် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပါသည်။

ထို့ကြောင့်လည်း ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနားများကို အခြေခံပညာ ကျောင်းအချို့၌ ပြုလုပ်ခဲ့ကြပါသည်။ ဤအစီအစဉ်သည် ကလေးအရွယ်မှစကာ နွားနို့သောက်သုံးသည့် အလေ့အထကို အစပျိုးပေးလိုက်ခြင်းဖြစ်ပါသည်။ ကလေးများ နွားနို့ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ နွားနို့တွင် ကယ်လ်ဆီယံဓာတ်အပြည့်အဝပါရှိသောကြောင့် အရိုးအဆစ်များကို သန်မာစေသည်။

ကျောင်းများ၌ နွားနို့တိုက်ကျွေးရေး အစီအစဉ်များ ကမ္ဘာနှင့်ချီ၍ ဆောင်ရွက်နေခြင်းသည် အကြောင်းအကျိုးရှိပါသည်။ ကမ္ဘာ့နေရာအချို့တွင် အာဟာရပြည့်ဝစွာ စားသုံးနိုင်မှုအားနည်းလာ၍ ခန္ဓာကိုယ်ထွားကျိုင်းမှုကိုဖြစ်စေရန် ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နွားနို့တိုက်ကျွေးရေး အစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြပါသည်။

အမှန်မှာ အခြေခံပညာကျောင်းများ၌ နွားနို့ တိုက်ကျွေးရေး အစီအစဉ်ကို ပုံမှန်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်ဖို့ လိုပါသည်။ အနည်းဆုံး တစ်ပတ်တစ်ကြိမ် နွားနို့တိုက်ကျွေးနိုင်အောင် စီစဉ်ဆောင်ရွက်သင့်ပါသည်။ သို့မှသာ နွားနို့သောက်သုံးသည့် အလေ့အထများ ရှင်သန်လာကာ ကလေးများ၏ ကျန်းမာရေးကိုလည်း အမှန်တကယ် အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အတွက် ကျန်းမာသန်စွမ်းသော လူငယ်လူရွယ်များ မွေးထုတ်ပေးရန်မှာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ကျောင်းများ၌ နွားနို့တိုက်ကျွေးရေးလုပ်ငန်းစဉ်သည် အသေးအဖွဲကိစ္စမဟုတ်ပါ။ အလေးအနက်ထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

သို့ဖြစ်၍ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးအစီအမံများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားသင့်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၂**

လူ့ဘောင်သစ်ပါတီ၊ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီနှင့် ၈၈ မျိုးဆက်ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့်ရွှေFM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

(သတင်းစဉ်)

## ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းဖွင့်

**ခမောက်ကြီး အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်နံနက်က တိလောကာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ဆရာတော်သံဃာတော်ကြီးများ၊ ခမောက်ကြီးတပ်နယ် စစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များ ဓမ္မစကူးသင်တန်း ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်မည်ဖြစ်ပြီး အခန်းပေါင်း ၄၀ ကျော်ပါဝင်သည့် သင်ခန်းစာများကို ရက်သတ္တပတ်လျှင် သင်ခန်းစာနှစ်ခန်းသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## အာမခံသချာ်လုပ်ငန်းစဉ်ပညာရပ်နှင့် အာမခံလုပ်ငန်းကြီးကြပ်ရေး သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂**

အာမခံသချာ်လုပ်ငန်းစဉ်ပညာရပ်နှင့် အာမခံလုပ်ငန်းများ ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် Seminor On Actuarial Training သင်တန်းဆွေးနွေးပွဲကို နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ Prudential Holdings Limitedမှ ဒါရိုက်တာ Mr. Ivan Chak နှင့် Singapore Actuarial Society (SAS) ဥက္ကဋ္ဌ Ms Choo Oi San တို့ တက်ရောက်သည်။




သင်တန်းနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက "ဘဏ္ဍာမဟုတ်တဲ့ ငွေကြေးအဖွဲ့အစည်းတွေအတွက် ကြီးကြပ်ကွပ်ကဲပေးရတဲ့ တာဝန်ပါ။ Regulator အဖြစ်နဲ့ ဆောင်ရွက်ပေးရမယ်။ ဒီဌာနကဖွဲ့ထားတာ သက်တမ်းက လပိုင်းပဲရှိသေးတယ်။ ဒီဌာနက ဝန်ထမ်းတွေအနေနဲ့က capacity building တွေ အများကြီးလိုတဲ့ အတွက်ကြောင့် ဒီလိုသင်တန်းတွေ ဖွင့်ပေးရပါမယ်။ ဒီဌာနကနေ နောက်ပိုင်း အာမခံလုပ်ငန်းတွေ ကြီးကြပ်ရမှာဖြစ်ပြီး နောက်မှာ Actuarial Science ဆိုပြီး သင်တန်းထပ်ဖွင့်ပေးဖို့ရှိပါတယ်။ အခုလည်း စင်ကာပူနိုင်ငံ (SAS) အသင်းက Actuarial ပညာရှင်တွေနဲ့ သင်ပေးတာပါ။ သင်တန်းကို တစ်လတစ်ခါ ဖွင့်ပေးမှာပါ" ဟု ပြောကြားသည်။

အာမခံ ဝယ်သူများအကြား အကျိုးစီးပွား ကာကွယ်ပေးနိုင်ရန် အတွက် Mr. Ivan Chak က သင်တန်းပို့ချပြီး အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## သပိတ်ကျင်းမြို့နယ် ကွင်း၃၀ ကျေးရွာ လျှပ်စစ်မီးလင်းပြီ

**သပိတ်ကျင်း အောက်တိုဘာ ၂**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုန်းဖုန်းကျေးရွာအုပ်စု ကွင်း (၃၀) ကျေးရွာ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ပံ့ပိုးမှု၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့ရာ မီးလင်းခဲ့ပြီဖြစ်၍ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါကျေးရွာ၏ လျှပ်စစ်မီးလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ကွင်း (၃၀) ကျေးရွာ လျှပ်စစ်မီးလင်းရေးမှခ်ဦး၌ ကျင်းပသည်။

ဆက်လက်၍ကွင်း(၃၀) ကျေးရွာ ရွှေအောင်မြေကျောင်းတိုက်၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း မီးလင်းရေးစီမံချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကွင်း (၃၀) ကျေးရွာသည် အိမ်ခြေ ၁၃၈၅ အိမ်၊ လူဦးရေ ၅၉၃၄ ဦးနေထိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ကျေးရွာမီးလင်းရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ရန်ပုံငွေဖြင့် လိပ်ကျကျေးရွာမှ ကွင်း (၃၀)ကျေးရွာသို့ လက်ပန်လှ-မိုးကုတ် ၃၃ ကေဗွီအေ မဟာဓာတ်အားလိုင်းမှ ၂ ဒသမ ၅ မိုင် ရရှိပြီး ကျေးရွာအတွင်း ဗို့အား ၄၀၀ လိုင်းကို ပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၉၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၂၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၁ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

■ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟဲဟိုးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ညောင်ရွှေမြို့သို့ ဆက်လက်ထွက်ခွာရာ လမ်းဘေးဝဲယာတစ်လျှောက်၌ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် စက်ယန္တရားများ အသုံးပြု၍ ကန်အတွင်းသို့စီးဝင်သည့် ချောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်းများပြန်လည်တူးဖော်နေမှု၊ ရေမှော်၊ ဗေဒါနှင့် ဒိုက်ပင်များ ရှင်းလင်းနေမှုအခြေအနေများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အင်းလေးကန်အတွင်း ရေလမ်းခရီးသွားလာရေးအတွက် အဓိကအသုံးပြုနေသည့် ငါးဖယ်ချောင်း ရေလမ်းကြောင်းအဝတွင် ကလောချောင်းမှ စီးဝင်လာသော သဲနုန်းများကြောင့် တိမ်ကောလာသဖြင့် မြေကျင်းပေါင်း တစ်သိန်းခန့် ပြန်လည်တူးဖော်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။


ဖောင်တော်ဦးဘုရားသို့သွားသည့် ငါးဖယ်ချောင်း ရေလမ်းကြောင်းတစ်လျှောက်တွင်လည်း မြေကျင်းပေါင်း ၁ ဒသမ ၅ သိန်းခန့် ပြန်လည်တူးဖော်ရန် ဆောင်ရွက်နေပြီး ရေလမ်းကြောင်းအတွင်းသို့ စိုက်ပျိုးခြံများ ကျူးကျော်မှုမရှိစေရန်အတွက် အလျား သုံးမိုင်ရှိကာ ခြံစည်းရိုးကာရံသွားမည် ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ညောင်ရွှေမြို့ရှိ နဒီကန်ပြန်လည်တူးဖော်နေမှုနှင့် ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကန်အတွင်းသို့ စီးဝင်သည့် ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခင် မိမိခရီးစဉ်အတွင်း အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်ပြီး နဒီကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ သာစည်ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ငါးဖယ်ချောင်းအဝ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ငါးဖယ်ချောင်းရေလမ်း သဲနုန်းတူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း။

ယခုခရီးစဉ်တွင် ထိုလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လာရောက်စစ်ဆေးပြီး ရေရှည်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း။

သဲနုန်းများ တူးဖော်ခြင်း၊ နုန်းထိန်းတမံနှင့် နုန်းစစ်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်သကဲ့သို့ အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း သဲနုန်းများပို့ချမှုကို ကာကွယ်ရန်အတွက် သစ်တောသစ်ပင်များ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မှန်ကန်သည့် မြေအသုံးချမှုနှင့် စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကိုလည်း ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

အင်းလေးကန်အတွင်းရှိ သဲနုန်းများ တူးဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် နယ်သာလန်နိုင်ငံမှ ခေတ်မီသော သောင်တူးစက်တစ်ခုကို မှာယူထားရာ မကြာမီရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယင်းသောင်တူးစက်ကို အင်းလေးကန်တွင် အမြဲတမ်းထားရှိပြီး ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားပြီး အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နမ့်ဟူးကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယ ဟဲယာရွာမ ရွှေဘုံသာဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသ အမှူးပြုသော အင်းလေးဒေသမှ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဟဲယာရွာမ ရွှေဘုံသာဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ညောင်ရွှေမြို့ရှိ နဒီကန်သို့ရောက်ရှိပြီး နဒီကန်ပြန်လည်တူးဖော်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နဒီကန်ပြန်လည်တူးဖော်ပြီးစီးမှု၊ ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နဒီကန်သည် အင်းလေးကန်အတွင်း သဲနုန်းဝင်ရောက်ခြင်းမှ ကာကွယ်ပေးမည့် နုန်းစစ်ကန်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို ရေပေးဝေခြင်း၊ အင်းလေးကန် ရေနည်းချိန်တွင် ရေကူဖြည့်တင်းပေးခြင်းတို့ကို ပြုလုပ်သည့်ကန်ဖြစ်ပြီး ယခုအခါ ကန်တွင်းသဲနုန်းဝင်ရောက်မှုများပြားပြီး တိမ်ကောလာသဖြင့် ပြန်လည်တူးဖော်နေခြင်းဖြစ်သည်။

သာစည်ကန်သည်လည်း နဒီကန်နည်းတူ နုန်းစစ်ကန်ဖြစ်ပြီး စိုက်ပျိုးမြေ ဧက ၄၀၀ ကျော်ကို ရေပေးဝေနိုင်သည့် ကန်ဖြစ်သည်။ နဒီကန်နည်းတူ တိမ်ကောလာသဖြင့် ပြန်လည်တူးဖော်နေခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရွှိုင်ရယ်နဒီဟိုတယ်သို့ရောက်ရှိရာ ဝမင်းကုမ္ပဏီမှ ဦးလွင်မိုးက အင်းလေးကန် သန့်ရှင်းသာယာလှပရေးအတွက် အင်းပေါ်ခုံကျေးရွာရှိ အိမ်ခြေ ၂၅၈ လုံး၊ လူဦးရေ ၂၂၀၀ အသုံးပြုနိုင်ရန် Kubota Johkasou KZ-5 ရေဆိုးသန့်စင်စက် ၆၅ လုံး တပ်ဆင်အသုံးပြုမည့် အစီအစဉ်၊ အင်းလေးဖောင်တော်ဦးဘုရားတွင် ဝမင်းကုမ္ပဏီအုပ်စုနှင့် YAMAHA ကုမ္ပဏီတို့က လှူဒါန်းထားသော ရေဆိုးသန့်စင်စက်များ အခြေအနေနှင့် ဝမင်းကုမ္ပဏီနှင့် YAMAHA ကုမ္ပဏီတို့ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ အခြေခံပြည်သူများအတွက် တစ်ရက်လျှင် မိသားစု ၁၆၀၀၊ လူဦးရေ ၈၀၀၀ သောက်သုံးနိုင်မည့် သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေနိုင်မည့် အစီအစမံကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**



**ညောင်ရွှေမြို့ရှိ နဒီကန်ပြန်လည်တူးဖော်နေမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ - YHT)

## အီဂျစ်ဘုရင် တူတန်ခမမ်ဂူဗိမာန်ရှိ ဝှက်ထားသော အခန်းများကိုရှာဖွေရန် ရေဒါများသုံးမည်

ကိုင်ရို အောက်တိုဘာ ၂

ရှေးဟောင်းသုတေသနပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အီဂျစ်ဘုရင်တူတန်ခမမ်၏ ဂူဗိမာန်အတွင်းဝှက်ထားသော အခန်းများကို ရှာဖွေရန် ရေဒါကိရိယာများကို အသုံးပြုမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ရှေးဟောင်းသုတေသနပညာရှင်အဖွဲ့သည် အီဂျစ်တောင်ပိုင်း လူဇာရှိ တူတန်ခမမ်ဂူဗိမာန်ထဲတွင် လမ်းကြောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းလမ်းကြောင်းများသည် ဂူအတွင်းဝှက်ထားသော အခန်းများနှင့်ဆက်သွယ်နေသည်ဟု ရှေးဟောင်းသုတေသနပညာရှင်အဖွဲ့ကယုံကြည်ထားသည်။

ရှေးဟောင်းသုတေသနပညာရှင်အဖွဲ့ခေါင်းဆောင် နီကိုလက်စ်ရီးဗ်က အီဂျစ်ဘုရင်မ နီဖာတီတီသည် အဆိုပါဝှက်ထားသော အခန်းတစ်ခုခုတွင်ရှိနိုင်ကြောင်း အောက်တိုဘာ ၁ ရက်တွင် ကိုင်ရို၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ သူသည် အီဂျစ်ဘုရင်တူတန်ခမမ်၏ မိထွေးတော်ဖြစ်သည်။

ထို့အပြင် အီဂျစ်ရှေးဟောင်း သုတေသနဝန်ကြီး မန်ဒေါ့ဟ်အယ်ဒမက်တီက အခြားကြွင်းကျန်ရစ်သော မဟာဆီမဟာသွေးများ၏ ရုပ်အလောင်းများကိုလည်း အဆိုပါအီဂျစ်ဘုရင်တူတန်ခမမ်၏ ဂူဗိမာန်တွင်ဝှက်ထားနိုင်ကြောင်း ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## ဘာကီနာဖာဆို အာဏာသိမ်းဗိုလ်ချုပ်ကြီး အစိုးရကို အာဏာလွှဲပြောင်းပေး

ကွာဂါဒိုဂို အောက်တိုဘာ ၂

ဘာကီနာဖာဆို အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂေးလ်ဘတ် ဒင်ဒီရီက ဗာတီကန်သံရုံးအတွင်း ခိုလှုံရန်ကြိုးစားပြီးနောက် ကြာသပတေးနေ့တွင် အစိုးရသို့ အာဏာလွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ယာယီအစိုးရအဖွဲ့က ကြာသပတေးနေ့တွင် ပြောသည်။

ထောက်လှမ်းရေး အကြီးအကဲဟောင်း ဒင်ဒီရီသည် လွန်ခဲ့သောလက ကြားဖြတ် သမ္မတနှင့် ဝန်ကြီးချုပ်တို့ကို ထိန်းသိမ်းပြီး သမ္မတအစောင့်တပ်ထံမှ အာဏာသိမ်းခဲ့သည်။

အဆိုပါ အာဏာသိမ်းဗိုလ်ချုပ်ကြီးသည် ကြားဖြတ်အစိုးရကယခုလအတွင်း ရွေးကောက်ပွဲကျင်းပပြီး အာဏာပြန်ရယူရန် ကြိုးပမ်းနေချိန် လွန်ခဲ့သောရက်များက အဆိုပါသံရုံးတွင် ခိုလှုံခွင့်တောင်းခဲ့သည်ဟု ဆိုသည်။ “သူက ဘာကီနာဖာဆို အာဏာပိုင်တွေကို အာဏာလွှဲပြောင်းပေးလိုက်ပါပြီ”ဟု ကြားဖြတ် အစိုးရနှင့်နီးစပ်သူ ရှေ့နေသတင်း ရပ်ကွက်တစ်ခုက ပြောသည်။ **(ရိုက်တာ)**



## ဆီးရီးယားစစ်ပွဲအီရန်ပါဝင်လာ၊ စီအိုင်အေလေ့ကျင့်ပေးထားသောသူပုန်စခန်းကို ရုရှားကဗုံးကြဲ



ဘေရွတ် အောက်တိုဘာ ၂

ဆီးရီးယားအရေးသည် ဒေသအရေးနှင့် ကမ္ဘာ့အရေးဖြစ်လာဖွယ်ရှိပြီး ရာပေါင်းများစွာသော အီရန်တပ်ဖွဲ့ဝင်များက သမ္မတအာဆတ်၏ အဓိကမြေပြင်ထိုးစစ်အတွင်း အကူအညီပေးရန် ဆီးရီးယားသို့ရောက်ရှိလာကြောင်း လက်ဘနွန်သတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောသည်။

ထိုအတောအတွင်း ရုရှားစစ်လေယာဉ်များက ဒုတိယနေ့အဖြစ် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က လေ့ကျင့်သင်ကြားပေးထားသော သူပုန်စခန်းကို ဗုံးကြဲချလိုက်ပြီဖြစ်ရာ မော်စကိုနှင့် ဝါရှင်တန်တို့သည် စစ်အေးခေတ်ပြီးကာလ ပထမဆုံးအကြိမ်အဖြစ် အရှေ့အလယ်ပိုင်း ပဋိပက္ခအတွင်း ဝင်ရောက်လာခြင်းကြောင့် အဆိုပါ အုပ်စုတပ်မှူးက ပြောဆိုလိုက်သည်။

အမေရိကန်နှင့် ရုရှားထိပ်တန်း တာဝန်ရှိသူများသည် ကြာသပတေးနေ့က လေကြောင်းမှ ဆီးရီးယားပစ်မှတ်များကို အပြိုင်တိုက်ခိုက်နေသဖြင့် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တစ်နာရီကျော်ကြာ ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

“ကျွန်တော်တို့အနေနဲ့ ဆီးရီးယားစစ်ဆင်ရေးမှာ ဘေးကင်းလုံခြုံရေးကို အတတ်နိုင်ဆုံး ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ပါတယ်”ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ပီတာကွတ်က ပြောသည်။

ရာပေါင်းများစွာသော အီရန်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော ၁၀ ရက်က လက်နက်များနှင့် အတူ အဓိကမြေပြင်ထိုးစစ်တွင်ပါဝင်ရန် ဆီးရီးယားသို့ရောက်ရှိနေကြောင်း လက်ဘနွန်သတင်းရပ်ကွက်နှစ်ခုက ပြောသည်။

၎င်းတို့အား အာဆတ်၏ လက်ဘနွန် မဟာမိတ်များနှင့် အီရတ်မှ ရှီးယိုက်တိုက်ခိုက်ရေးသမားများက ကျောထောက်နောက်ခံပြုထားပြီး ရုရှားက လေကြောင်းမှ ပစ်ကူပေးထားသည်။

ဆီးရီးယားမှရောက်ရှိနေသည့် ရာပေါင်းများစွာသော အီရန် မြေပြင်တပ်များအနေဖြင့် အကြံပေးမဟုတ်ဘဲ တိုက်ပွဲတွင်ပါဝင်မည်ဖြစ်ကြောင်း၊ စစ်လက်နက်များလည်းပါဝင်ကြောင်း လက်ဘနွန်သတင်းရပ်ကွက်က ပြောသည်။ **(ရိုက်တာ)**

## တရုတ်တွင် စာအိတ်ဗုံးများပေါက်ကွဲ

ပေကျင်း အောက်တိုဘာ ၂

တရုတ်နိုင်ငံတောင်ပိုင်း ဗုံးပေါက်ကွဲမှုတွင်သံသယရှိသူ တရားခံသည် ကျောက်တူးသမားတစ်ဦးဖြစ်နိုင်ပြီး ဖောက်ခွဲရေးပစ္စည်းများကိုင်တွယ်ရာ၌ အတွေ့အကြုံရှိနိုင်ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

အောက်တိုဘာ ၁ ရက်တွင် ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ လုချန်းစီရင်စုတွင်စာအိတ်ဗုံးများပေါက်ကွဲခဲ့ရာ လူခုနစ်ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့ကာ အခြားနှစ်ဦးကို ပျောက်ဆုံးနေသော စာရင်းတွင်ဖော်ပြထားသည်။ ပြီးခဲ့သောဗုဒ္ဓဟူးနေ့က ရဲများက အဆိုပါပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အသက် ၃၃ နှစ်ရှိ ဒေသခံတစ်ဦးကို ရှာဖွေဖော်ထုတ်ထားသည်။ သူသည် ဒေသတွင်း ကျောက်မိုင်းတွင် အလုပ်လုပ်နေသူဖြစ်နိုင်ပြီး ဖောက်ခွဲရေးပစ္စည်းများကို ကိုင်တွယ်ရာ၌ အတွေ့အကြုံရှိနိုင်ကြောင်း ဒေသတွင်း မီဒီယာက ဖော်ပြထားသည်။ ထို့အပြင် လမ်းဘေးဈေးသည်တစ်ဦးကိုလည်း အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာဖြင့် စာအိတ်ပို့ခိုင်းခဲ့ကြောင်း အစီရင်ခံစာ ကဖော်ပြသည်။ စာအိတ်ကိုဖွင့်လိုက်သောအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။ ယခုအချိန်တွင် မိမိတို့မသိသောသူများက စာအိတ်ပေးပို့လာခြင်းကို လက်မခံရန် သက်ဆိုင်ရာမှ ဆော်သြထားသည်။ **(အင်န်အိတ်ချ်ကေ)**

## အမေရိကန်စစ်ဘက်လေယာဉ် အာဖဂန်နစ္စတန်တွင် ပျက်ကျ

ကာဘူးလ် အောက်တိုဘာ ၂

အမေရိကန်၏ စစ်ဘက်ဆိုင်ရာလေကြောင်း သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန် အရှေ့ဘက် ဂျာလာလာဘတ်ဒ်၌ ရုတ်တရက်ပျက်ကျသွားခဲ့ရာ လေယာဉ်ပေါ်ပါသူ ၁၁ ဦး သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ စစ်ဘက်ဆိုင်ရာ အရာရှိများက လေယာဉ်ပျက်ကျခြင်းကိုစုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး လေယာဉ်ပျက်ကျချိန်တွင် ဘေးပတ်ဝန်းကျင်၌ ရန်သူရှိကြောင်း ဖော်ပြချက်တစ်စုံတစ်ရာမပြုလုပ်ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောကြားချက်ကို ရိုက်တာသတင်းတစ်ရပ်က ကိုးကား ဖော်ပြခဲ့သည်။ သို့သော် အောက်တိုဘာ ၂ရက်တွင် ထုတ်ပြန်လိုက်သော ကြေညာချက်တွင် စစ်သွေးကြွများက လေယာဉ်ကိုပစ်ချခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## အမေရိကန်အော်ရီဂွန်ကောလိပ်တစ်ခုအတွင်း သေနတ်ပစ်ခတ်မှုကြောင့် ကိုးဦးသေဆုံး

အော်ရီဂွန် အောက်တိုဘာ ၂

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် အနောက်တောင်ပိုင်း ကောလိပ်ဝင်းအတွင်း သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်သွားခဲ့ရာ ကိုးဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ယင်းအကြမ်းဖက်မှုသည် အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးထွက်သံယို အဖြစ်ဆုံး လက်နက်ကိုင် အကြမ်းဖက်မှုဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါ သေနတ်သမားသည် ကျောင်းသား ကျောင်းသူများ အပြည့်ရှိသော စာသင်ခန်းအတွင်း သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ သူသည် အမ်ကွာကောလိပ် စနိုက်ဒါခန်းမကြီး၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အပြန်အလှန် ပစ်ခတ်ကြစဉ် ရဲ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။ အဆိုပါ အမျိုးသား၏အမည်မှာ မည်သူမည်ဝါဖြစ်သည်ကို ဒေသအာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော်လည်း စီဘီအက်စ်၊ စီအင်န်အင်န်၊ အင်န်ဘီစီနှင့် နယူးယောက်တိုင်းမ်က အဆိုပါ သေနတ်သမားသည် အသက် ၂၆ နှစ်အရွယ်ရှိ ခရစ်ဟာ ပါမက်ကာဖြစ်ကြောင်း ရှေ့နေ သတင်းရပ်ကွက်ကို ကိုးကားပြီး ဖော်ပြခဲ့ကြသည်။ ယင်းဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ **(ရိုက်တာ)**



# လွတ်လပ်တရားမျှတသောရွေးကောက်ပွဲကြီးကျင်းပပေးနိုင်ရေး ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများပူးပေါင်းဆောင်ရွက်

မြစ်ကြီးနား အောက်တိုဘာ ၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၁၀ နာရီတွင် မြန်မာ့လေကြောင်းခရီးဖြင့် မြစ်ကြီးနားသို့ ရောက်ရှိသည်။**

ထို့နောက် မြစ်ကြီးနားလေဆိပ် ဧည့်ခန်းမဆောင်၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့က ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ နှင့် သွားလာရန်ခက်ခဲသည့် ပူတာအို ခရိုင်အတွင်းရှိ နောင်မွန်း၊ ခေါင်လန်ဖူး၊ မချမ်းဘောမြို့နယ်များရှိ မဲရုံများတွင် အသုံးပြုမည့် မဲရုံသုံး ပစ္စည်း ၃ ဒသမ ၃ တန်ကို မြစ်ကြီးနားမှ ပူတာအိုသို့ တပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ဖြင့် သယ်ယူပို့ဆောင်မည့် အစီအစဉ်နှင့် ပူတာအိုမှတစ်ဆင့် တပ်မတော် ရဟတ်ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်များသို့ ဆက်လက်ပို့ဆောင်မည့် အခြေအနေတို့ကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ပူတာအိုလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအို တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းမြင့်၊ ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ လူမှုအဖွဲ့ အစည်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ သည် နိုင်ငံတော်အတွက် လွန်စွာ အရေးကြီးသည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသ ကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များ ရွေးချယ်ပေးရသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သော လူမျိုးစုများတွင် လူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်း ထက်များသော လူမျိုးစုများကိုလည်း တိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ရွေးချယ်ပေးရပြီး အုပ်ချုပ်ရေးကိစ္စ များတွင် ပါဝင်နိုင်အောင် ဆောင် ရွက်ပေးရကြောင်း၊ အထွေထွေ ရွေးကောက်ပွဲသည် နိုင်ငံတော် အတွက် လွန်စွာအရေးကြီးပြီး ကော်မရှင်အနေဖြင့်လည်း တာဝန် ကြီးမားပါကြောင်း။




ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန် ကြီး ရှစ်ရပ်ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေအရ လည်း တာဝန်(၁၃)ရပ် သတ်မှတ် ပြဋ္ဌာန်းထားပါကြောင်း၊ အနှစ်ချုပ် လိုက်လျှင် အဓိကတာဝန်သုံးခုသာ ရှိကြောင်း၊ (၁)လွှတ်တော်အသီးသီး အတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပေးခြင်း၊ (၂) ရွေးကောက်ပွဲ ဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေး နိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့စည်းခြင်း၊ (၃) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ပါတီများကို မှတ်ပုံ တင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ် စေခြင်းတို့ ဖြစ်ပါကြောင်း။

လွှတ်တော်အတွင်း လူတော် လူကောင်းများရောက်ရှိမှသာ နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲ များကို ငါးနှစ်တစ်ကြိမ် ကျင်းပပေး ရမည်ဖြစ်ပြီး ပထမအကြိမ် လွှတ်တော် အသီးသီး၏ သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲ ကျင်းပပေးရမည် ဖြစ်ကြောင်း။

လွတ်လပ်တရားမျှတသော ရွေး ကောက်ပွဲကြီးကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပပေးနိုင်ရေး အတွက် ပြည်သူများ၊ နိုင်ငံရေးပါတီ များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ၊ Obeserver များနှင့် မီဒီယာများ အပြုသဘောဆောင် ပူးပေါင်းဆောင် ရွက်သွားကြရန်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ရန် မဖြစ်မနေ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်း ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူတာအိုလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည် ထွက်ခွာလာရာ မြစ်ကြီးနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိ ကြသည်။

**(သတင်းစဉ်)**

# မဲဆွယ်စည်းရုံးရေးအတွက်စိုက်ထူထားသော ဆိုင်းဘုတ်များအတွက် စည်ပင်အခွန်ငွေပေးဆောင်ရမည်

**စစ်တွေ အောက်တိုဘာ ၂**

၂၀၁၅ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်များ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များအနေဖြင့် အောင်နိုင်ရေး၊ မဲဆွယ် စည်းရုံးရေးအတွက် စိုက်ထူထားသော ဆိုင်းဘုတ်များကို စည်ပင်သာယာနယ်နိမိတ်အတွင်း ကျရောက်ပါက စည်ပင် အခွန်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း ရခိုင် ပြည်နယ် စည်ပင်သာယာရေးညွှန်ကြားရေးမှူးရုံးမှ သိရ သည်။

“စည်ပင်အခွန်ပေးဆောင်ရတယ်ဆိုတာက ကိုယ်စား လှယ်တော်တွေရဲ့ ဆိုင်းဘုတ်မှမဟုတ်ပါဘူး။ စီးပွားရေး ကြော်ငြာတွေလည်း ပေးနေရတာပါပဲ၊ ပြည်သူတွေ သိထားသင့်တာကတော့ ဆိုင်းဘုတ်တွေမထောင်ခင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီကို အကြောင်းကြားတင်ပြရပါတယ်။ သက်ဆိုင်ရာကော်မတီ အနေနဲ့လည်း တင်ပြလာတဲ့ ဆိုင်းဘုတ်ရဲ့အကြောင်းအရာ၊ အရွယ်အစားနဲ့ ဆိုင်းဘုတ်ထောင်မယ့်နေရာ စတဲ့ အချက် တွေကို စိစစ်ပြီး ခွင့်ပြုပေးတာဖြစ်ပါတယ်။ သက်ဆိုင်ရာ စည်ပင်ရုံးတွေကလည်း ပြေစာတွေ စနစ်တကျ ပြုလုပ်ပေး ပါတယ်”ဟု ရခိုင်ပြည်နယ် စည်ပင်သာယာရေး ညွှန်ကြား ရေးမှူး ဦးတက်ထွန်းက ပြောကြားသည်။

စည်ပင်အခွန်ပေးဆောင်ရာတွင် တစ်မြို့နယ်နှင့် တစ်မြို့နယ် မတူညီကြောင်း၊ အချို့မြို့နယ်များတွင် နှုန်း ထားများပြီး အချို့မြို့နယ်များတွင် နှုန်းထားနည်းမည်ဖြစ် ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေခွန်ကောက်ခံမှု အခြေအနေနှင့်ဆိုင်ကြောင်း၊ အခွန်အခကို တစ်စတုရန်းပေနှုန်းထားတွင် သတ်မှတ် ကာပေးရကြောင်း စသည်ဖြင့် ၄င်းက ဆက်လက် ပြောကြားသည်။

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်မှ ဦးစံရွှေမောင်က “ဒီအောင်နိုင်ရေးဆိုင်းဘုတ်တွေကို စည်ပင်ခွန်ကောက်တာ မှာ တခြားစီးပွားရေးကြော်ငြာနှုန်းထားအတိုင်း မကောက် သင့်ဘူးလို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆိုင်း ဘုတ်တွေဟာ အများပြည်သူအကျိုးအတွက် ဆောင်ရွက် မယ့် ကိုယ်စားလှယ်တွေရဲ့ ဆိုင်းဘုတ်တွေဖြစ်နေလို့ပါ” ဟု သူ့အမြင်ကို တင်ပြသည်။

စည်းရုံးရေးဆိုင်းဘုတ်များအတွက် အခွန်ကောက်ခံ ရာတွင် စည်ပင်သာယာရေးနယ်နိမိတ်မှ လွတ်ကင်းသော နေရာများအတွက် ပေးဆောင်ရန်မလိုကြောင်း၊ သို့သော် ၄င်းဧရိယာနှင့်ဆိုင်သောသူများထံတွင် ခွင့်ပြုချက်ရယူ ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးစော**

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၂**

အောက်တိုဘာ ၂ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ ၀၀ မိနစ် ၀၂ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်-အနောက်မြောက် ဘက် မိုင် ၁၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဟားခါးမြို့၏ အနောက်တောင်ဘက် ၂၃ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ် တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်း ငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# စလင်းမြို့နယ် သစ္စာမြိုင်ကျေးရွာ၌ မြေငှားဂရန်များထုတ်ပေး

**စလင်း အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သရက်ချဉ် ကျေးရွာအုပ်စု သစ္စာမြိုင်ကျေးရွာမှ ဒေသခံပြည်သူများ အား ကျေးရွာမြေငှားဂရန်များကို အောက်တိုဘာ ၂ ရက် က ထုတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားကို သစ္စာမြိုင်ကျေးရွာ ပြည်တော် ပြန်ဘုရား တန်ဆောင်းအတွင်း၌ ကျင်းပရာ မြို့နယ် အဆင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး အထူးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မြေငှားဂရန် ၂၀၇ ခု ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပင်းတယ အောက်တိုဘာ ၂**

ယခုလာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အဆင်ပြေ ချောမွေ့ အောင်မြင်စွာ ပြီးစီးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေစိုးက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇင်မောင်မောင်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ လုံခြုံရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲ ဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် အချက်အလက်များကို ဆွေးနွေးပြောကြား သည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးသန်းဇော်ဦးက ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်နှင့်ပတ်သက်၍လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဥပဒေအရာရှိ ဒေါ်အေးအေးဇင်က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ တရားမဲ့ပြုကျင့်မှုများ သိမှတ်ဖွယ်ရာများလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်သည့်အကြောင်း အရာများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသော စေ့စပ်ညှိနှိုင်း ရေးကော်မတီအဖွဲ့ဝင်များက အပြန်အလှန်ညှိနှိုင်းပြီး နားလည်မှုရယူခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေ များ ဆက်လက်ဖြစ်ပေါ်နေမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေ သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်း ငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# အလုပ်ရှင်၊ အလုပ်သမားအငြင်းမပွားစေရာ၊ ရှင်းလည်းလျှောက်သာ၊ ပျားလည်းစွဲသာ ညှိနှိုင်းအဖြေရှာ

ကိုမြင့်ကြွယ်(ဥပဒေ)

**အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်ကိုယ်ချင်းစာတရား၊ စာနာထောက်ထားမှုများနှင့်အတူ လုပ်ငန်းခွင်မပျက် ညှိနှိုင်းဆွေးနွေးအဖြေရှာကာ နှစ်ဦးနှစ်ဖက်အတွက် ရှင်းလည်းလျှောက်သာ၊ ပျားလည်းစွဲသာမည့်နည်းလမ်းဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမှသာ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်**

မြန်မာနိုင်ငံသည် ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ စက်ရုံ၊ အလုပ်ရုံများ၏ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အလုပ်ရှင်နှင့် အလုပ်သမား ပြောဆိုဆက်ဆံရာတွင် ပြေပြစ်ကောင်းမွန်ရေးတို့မှာ အလွန်ပင်အရေးကြီးပါသည်။

စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝနှင့် မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် လူမှုဖူလုံရေးအဖွဲ့တို့သည် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ စည်းကြပ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့အပြင် အလုပ်သမားများ၏လူမှုအကျိုးစီးပွား တိုးတက်စေရန် ခေတ်နှင့်မလျော်ညီတော့သည့် အလုပ်သမားဥပဒေအချို့ကို ပယ်ဖျက်၍ အသစ်ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပြီး ဥပဒေအချို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့သဖြင့် ယခုအခါ ယခင်ကထက် ပိုမိုကောင်းမွန်သော ဥပဒေပါအကျိုးခံစားခွင့်များ ရရှိလာကြကြောင်း တွေ့မြင်နေရပါသည်။

၁၉၅၁ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သဖြင့် အလုပ်သမားများသည် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ (သို့မဟုတ်) လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်ခံစားခွင့်ရရှိခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများ မီးမဖွားမီ ရက်သတ္တခြောက်ပတ်နှင့် မီးဖွားပြီး ရက်သတ္တရှစ်ပတ်ကို သက်ဆိုင်ရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ် ခံစားခွင့် ရရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းဖြင့် အလုပ်သမားများသည် ဥပဒေနှင့်အညီ အခြေခံအလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များနှင့် မြန်မာနိုင်ငံအလုပ်သမားရေးရာအဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်များကို ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ဥပဒေနှင့်အညီ အဆင့်ဆင့်ဆွေးနွေး ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ခြင်းတို့ဖြင့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်ကို မလိုက်နာသူများအား ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ပိုင်ခွင့်များရရှိခဲ့ပါသည်။ ထို့အပြင် အလုပ်သမားများအား အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှ ရပ်နားခြင်းခံရပါက လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို ဥပဒေနှင့်အညီ ခံစားခွင့်ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းဖြင့်လည်း အလုပ်သမားများသည် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ယခင်ကထက် ပိုမိုကောင်းမွန်သော အခွင့်အရေးရရှိခံစားခဲ့ကြောင်း၊ အထူးသဖြင့် မမာမကျန်းမှုနှင့်ဆိုင်သော အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ပေးအပ်ခဲ့ခြင်းများကို Media များတွင် သတင်းဖော်ပြထားရှိမှုများအရ တွေ့မြင်နေရပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းဖြင့် အလုပ်သမားများ အလုပ်လုပ်ကိုင်ရာတွင် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်မည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခြင်း၊ သင့်တော်ကောင်းမွန်သည့် လုပ်သားဈေးကွက်များဖော်ထုတ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အလုပ်အကိုင်များရရှိပြီး အလုပ်လက်မဲ့များ နည်းပါးစေကာ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ စည်းကမ်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် အထောက်အကူများ ရရှိခံစားရမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိမီ ၁၉၄၉ ခုနှစ် အနည်းဆုံးအခကြေးငွေ အက်ဥပဒေအရ ဆေးပြင်းလိပ်နှင့် ဆေးပေါ့လိပ်လုပ်သားများ၏ အနည်းဆုံးလုပ်ခနှုန်းထားနှင့် ဆန်စက်လုပ်ငန်းဆိုင်ရာ အနည်းဆုံးလုပ်ခနှုန်းထားနှစ်မျိုးကိုသာ ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လုပ်ငန်းအမျိုးအစားအားလုံးအတွက် အနည်းဆုံးလုပ်ခနှုန်းထားများ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ၁၉၈၄ ခုနှစ်တွင် နောက်ဆုံးထုတ်ပြန်ခဲ့သည့် ဆန်စက်လုပ်ငန်းဆိုင်ရာ အနည်းဆုံးအခကြေးငွေ နှုန်းထားမှာ တစ်နေ့လျှင် ငွေကျပ် ၂၀ သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။ နှစ်ပေါင်း ၂၀ ကျော်ကြာမှ လုပ်ငန်းအမျိုးအစား အားလုံးအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ထုတ်ပြန်လိုက်ခြင်းကို ဝမ်းသာကြိုဆိုရမည်ဖြစ်ပါသည်။ အလုပ်သမားများအတွက် အာမခံချက်ပေးသော လုပ်ရပ်တစ်ခုဟု မြင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၉၆ ခုနှစ်ခန့်မှစ၍ စက်မှုဇုန်ကြီးများ ဖွံ့ဖြိုးပေါ်ပေါက်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းဝင်ရောက်လာပါသည်။ ထိုအချိန်က မြန်မာနိုင်ငံသည် လုပ်အားခဈေးပေါမှုကြောင့် အထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့သော်လည်း အလုပ်သမားများ၏ တစ်နေ့လုပ်အားခမှာ ထိုစဉ်အချိန်က ကျပ် ၅၀နှင့် ၁၀၀ ကြားတွင်သာရရှိပြီး ဥပဒေအရပေးရန် တာဝန်သတ်မှတ်ထားခြင်းမရှိသည့် အပိုဆောင်းငွေများဖြစ်သော ရက်မှန်ကြေး၊ အချိန်ပိုမှန်ကြေး၊ မုန့်ဖိုး၊ ထမင်းဖိုး၊ ကားခ၊ အထည်ကြေး (Piece Rate)၊ လုပ်သက်ဆုကြေး၊ ကျွမ်းကျင်ကြေး၊ ထောက်ပံ့ကြေး၊ အခြားဟူ၍ စာတိုင်အမျိုးမျိုးခွဲကာ လုပ်ခလစာတွင် ပေါင်းထည့်၍ လစာပေးချေကြောင်း တွေ့ရှိရပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် အစိုးရဝန်ထမ်းများအား ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၌ လစာတိုးပေးသည့်အချိန်တိုင်းတွင် အလုပ်သမားများကလည်း စက်ရုံ၊ အလုပ်ရုံများတွင် လစာတိုးတောင်းသည့်ကိစ္စရပ်များ ပေါ်ပေါက်လာသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်များအနေဖြင့် ထိုကဲ့သို့ လစာတိုးတောင်းသည့် ကိစ္စရပ်များတွင် အချို့က မူရင်းလစာအပေါ်တွင် တိုးပေးသော်လည်း အချို့သည် မူရင်းလစာအပေါ်တွင် အနည်းငယ်တိုးပေးပြီး အပိုဆောင်းငွေအဖြစ်ပေးသည့် အခြားစာတိုင်များတွင်သာ တိုးပေးခဲ့ပါသည်။ ထိုသို့အခြားစာတိုင်တွင် အပိုဆောင်းငွေအဖြစ် တိုးပေးခြင်းသည် အတိုးအလျှော့ပြုလုပ်နိုင်ခြင်းကြောင့်လည်းကောင်း၊ အချိန်ပိုလုပ်ခတွင် တိုးပေးရန်မလိုအပ်ကြောင်း သိရှိနားလည်ခြင်းကြောင့်လည်းကောင်း၊ လာရောက်လုပ်ကိုင်ကြသည့် နိုင်ငံခြားသားလုပ်ငန်းပိုင်ရှင်များသည် နိုင်ငံတကာတွင် လုပ်ကိုင်ပေးချေရသည့် အလေ့အကျင့်အရလည်းကောင်း ထိုသို့ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

စက်ရုံ၊ အလုပ်ရုံများတွင် ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်လိုလို ဖေဖော်ဝါရီလနှင့် မတ်လများ၌ အလုပ်သမားသည် လုပ်ခလစာတိုးတောင်းသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆန္ဒပြတောင်းဆိုမှုဖြစ်ပွားခဲ့ခြင်းတို့ကြောင့် လုပ်ငန်းအပ်နှံသူများသည် အဆိုပါကာလများတွင် အလုပ်အပ်သည့်အမှာစာများ လျော့နည်းသွားကြောင်း လုပ်ငန်းပိုင်ရှင်များက ပြောဆိုနေကြသည်ကို ကြားသိရပါသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများသည် အငြင်းပွားမှုတစ်ခုခုဖြစ်ပေါ်လာပါက **လုပ်ငန်းခွင်မပျက် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသည့်လုပ်ငန်းစဉ်**ကို ကျင့်သုံးရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြောင်းကိစ္စတစ်ခုခုပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ စက်ရုံအတွင်း ဖွဲ့စည်းထားရှိသည့် ညှိနှိုင်းဖျန်ဖြေရေးကော်မတီတွင် ညှိနှိုင်းခြင်း၊ ပြေလည်မှုမရရှိပါက မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းဖြေရှင်းခြင်း၊ ပြေလည်မှုမရရှိပါက ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ အဆုံးအဖြတ်ကို ခံယူခြင်းမပြုဘဲ အလုပ်မလုပ်ဘဲ ဆန္ဒပြနေခြင်း၊ စက်ရုံအတွင်း၊ အပြင်၌ စုဝေးဆန္ဒပြခြင်းတို့ကို အမြဲတမ်းလုပ်ဆောင်နေပါက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ရေရှည်တွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေနိုင်ပြီး အခြားနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်ပါက နိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသွားနိုင်သည်ကို ဂရုပြုရမည်ဖြစ်ပါသည်။ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားများအား အငြင်းပွားမှုဖြစ်ပွားပါက **ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးပြောဆိုပေးရန်** လိုအပ်ပါသည်။

၂၈-၈-၂၀၁၅ရက်နေ့တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီ သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ငွေကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ အနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခဲ့ရာ အလုပ်သမားများအတွက် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ပါသည်။ အလုပ်သမားများနေ့စဉ်ဘဝအတွက် ဖူလုံမှုရှိသည်ဟုမဆိုနိုင်သော်လည်း ယခင်ကထက် ပြေလည်မှုရရှိခဲ့ပါသည်။

အဆိုပါ အနည်းဆုံးအခကြေးငွေနှုန်းထားများ မကြေညာမီ အထည်ချုပ်စက်ရုံရှိ အလုပ်သမားများ၏ တစ်ရက် ၈ နာရီလုပ်ခမှာ အနည်းဆုံးငွေကျပ် ၅၀၀ မှ အများဆုံးငွေကျပ် ၁၂၀၀ သာရရှိသဖြင့် တစ်လလျှင် အခြေခံလစာ အနည်းဆုံး ငွေကျပ် ၁၅၀၀၀ မှ အများဆုံး ငွေကျပ် ၃၆၀၀၀ ရရှိပြီးအချိန်ပိုကြေးအပါအဝင် အခြားသောဆုကြေးများ၊ ထောက်ပံ့ကြေးများနှင့် ပေါင်းလိုက်ပါက တစ်လလျှင် အနည်းဆုံး ငွေကျပ် ၇၀၀၀၀ မှ အများဆုံး ငွေကျပ် ၁၅၀၀၀၀ အထိ ရရှိပါသည်။ ထုတ်ပြန်ကြေညာခဲ့သည့် အနည်းဆုံးအခကြေးငွေအရ အလုပ်သမားတစ်ဦးသည် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် တစ်နေ့ ၈ နာရီအတွက် လုပ်ခမှာ အနည်းဆုံး ငွေကျပ် ၃၆၀၀ သတ်မှတ်လိုက်သဖြင့် တစ်လလျှင် အနည်းဆုံး ငွေကျပ် ၁၀၈၀၀၀ ရရှိမည်ဖြစ်ပြီး ယခင်အတိုင်း အချိန်ပိုလုပ်ကိုင်ရလျှင် အလုပ်သမားတစ်ဦးအတွက် ရရှိမည့်တစ်လအတွက် အနည်းဆုံးလုပ်ခမှာ အခြားသော **ဆုကြေးနှင့် ထောက်ပံ့ကြေးများမပါဝင်ဘဲ** ငွေကျပ် ၁၅၀၀၀၀ နှင့်အထက် ရရှိခံစားရမည်ဖြစ်ပါသည်။

၁-၉-၂၀၁၅ ရက်နေ့မှစ၍ သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေနှုန်းထားအတိုင်း အလုပ်သမားများအား ခံစားခွင့်ပြုရသည်ဖြစ်ရာ အထည်ချုပ်လုပ်ငန်းများတွင် နိုင်ငံခြားမှ တိုက်ရိုက် အော်ဒါရရှိသော လုပ်ငန်းပိုင်ရှင်များအနေဖြင့် ပေးချေနိုင်သည်ဟုဆိုသော်လည်း တိုက်ရိုက်အော်ဒါမရရှိ၍ ပြည်တွင်း၌ တစ်ဆင့်ပြန်လည်အော်ဒါယူ၍ လုပ်ကိုင်ရသည့် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းရေရှည်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်ကြိုးစားရမည်ဖြစ်ပါသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်လိုက်သည့်အခါ အထည်ချုပ်လုပ်ငန်းပိုင်ရှင်များသည် သတ်မှတ်နှုန်းထားအတိုင်း အလုပ်သမားများကို ပေးချေနိုင်ရေးအတွက် ယခင်လုပ်အားခနည်းသည့်အချိန်က အပိုဆောင်းပေးထားသည့် ဆုကြေးများ၊ ထောက်ပံ့ကြေးများကို ရရှိလိုသည့် ကိစ္စများနှင့်စပ်လျဉ်း၍ မပြေလည်မှုများဖြစ်နေသည်ကို ကြားသိနေရပါသည်။

နိုင်ငံ့ဝန်ထမ်းများအား လစာနည်းသည့်အချိန် ၁၉၉၆ ခုနှစ် ဝန်းကျင်၌ ရန်ကုန်မြို့ရှိ နိုင်ငံ့ဝန်ထမ်းများ ရုံးတက်ရုံးဆင်းအဆင်ပြေစေရန် ကူပွန်များပေး၍ လိုင်းကားများစီးနိုင်ရန် နိုင်ငံတော်မှ စီစဉ်ပေးခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ လစာတိုးပေးသည့်အခါ အဆိုပါကူပွန်စနစ်ကို ပယ်ဖျက်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၃၀၀၀၀ ခံစားခွင့်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လစာတိုးပေးသည့်အခါ အဆိုပါ အပိုထောက်ပံ့ကြေးခံစားခွင့်မရှိတော့ဘဲ နိုင်ငံတော်မှတိုးပေးသည့် လစာကိုသာ ခံစားခွင့်ရရှိပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားတို့သည်တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်မှီခိုပြီး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားကို အပြန်အလှန် အထောက်အကူပြုရမည်ဖြစ်ပါသည်။ အလုပ်သမားများသည် ဥပဒေပါရပိုင်ခွင့်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီတောင်းဆိုပိုင်ခွင့်ရှိပြီး လုပ်အားခနည်းသည့်အချိန်က အလုပ်သမားများ စားဝတ်နေရေးအတွက် အထောက်အကူဖြစ်စေရန် အလုပ်ရှင်က **ရက်မှန်ကြေး၊ အချိန်ပိုကြေး၊ မုန့်ဖိုး၊ ထမင်းဖိုး၊ ကားခ၊ အထည်ကြေး (Piece Rate)၊ လုပ်သက်ဆုကြေး၊ ကျွမ်းကျင်ကြေး၊ ထောက်ပံ့ကြေး** စသည့် အပိုဆောင်းငွေများကို ပေးထားခဲ့သော်လည်း ယခုကဲ့သို့ အနည်းဆုံးအခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးပြီးချိန်၌ ယင်းကဲ့သို့သော အပိုဆောင်းငွေများ ဆက်ပေးနိုင်၊ မပေးနိုင်ဆိုသည်မှာ လုပ်ငန်းအကျိုးအမြတ်မည်မျှရှိသည်ဆိုသည့်အချက်ပေါ်တွင် မူတည်နေသဖြင့် အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန် ကိုယ်ချင်းစာတရား၊ စာနာထောက်ထားမှုများနှင့်အတူ လုပ်ငန်းခွင်မပျက် ညှိနှိုင်းဆွေးနွေးအဖြေရှာကာ နှစ်ဦးနှစ်ဖက်အတွက် ရှင်းလည်းလျှောက်သာ၊ ပျားလည်းစွဲသာမည့်နည်းလမ်းဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမှသာ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

# ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်းကျော် လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထား

**ကျော်သဲအိမ်**

လေကြောင်းလိုင်းများဖြင့်သော်လည်းကောင်း၊ နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် သော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ခရီးသွားရာသီ ဝင်ရောက်လာသည်နှင့်အမျှ မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ၂၀၁၄ ခုနှစ်က ဝင်ရောက်လာခဲ့သည့် အရေအတွက်ဖြစ်သော ၃ ဒသမ ၀၈ သန်းထက် ပို၍ပင်များပြားနေကြောင်း၊ လက်ရှိအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ပါက ယခုနှစ်ကုန်ပိုင်းအထိဆိုလျှင် နိုင်ငံအတွင်း ဝင်ရောက်လာမည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ၄ ဒသမ ၅ သန်းထက် ကျော်လွန်မည်ဟု ခန့်မှန်းရကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က စက်တင်ဘာ ၂၉ ရက်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ယခင်ကထက် ပို၍သက်ဝင်လှုပ်ရှားလာပြီဖြစ်ရာ မိမိတို့အနေဖြင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ငါးသန်းဝင်ရောက်လာရေး ရည်မှန်းချက်ထားရှိခဲ့ကြောင်း ခရီးသွားမြှင့်တင်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက ယခုနှစ်စောစောပိုင်းတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဩဂုတ် ၃၁ ရက်အထိ စာရင်းအင်းအချက်အလက်များအရ မြန်မာနိုင်ငံ၌ ဟိုတယ် ၁၂၂၅ လုံးရှိပြီး အခန်းပေါင်း ၄၇၉၁၁ ခန်းရှိသည်။ ထို့အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ ကုမ္ပဏီ ၁၈၄၇ ခုရှိကြောင်း သိရသည်။

**(ဂျီအင်န်အယ်လ်အမ်)**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျာမန်ပေါင်းစည်းရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအိန်ဂျလာ မာကဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျာမန်ပေါင်းစည်းရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဖရန့် ဝေါတာ စတိုင်းမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပထမဦးဆုံးအကြိမ် Myanmar Security Expo ပြပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

စင်ကာပူနိုင်ငံ Security Systems Association of Singapore (SSAS) မှပံ့ပိုးမှုနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ အကူအညီဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် Myanmar Security Expo ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာစီးပွားရေးစင်တာ အဆောက်အအုံ၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် တက်ရောက်အားပေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အမှတ်(၂)လုံခြုံရေးတပ်ဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်တို့က ပြခန်းအတွင်းခင်းကျင်းပြသထားရှိသော လုံခြုံရေးဆိုင်ရာ စာပေပစ္စည်းများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါပြပွဲတွင် ပြည်ပနိုင်ငံပေါင်း ၁၂ နိုင်ငံမှ လုံခြုံရေးဆိုင်ရာပစ္စည်းများ ပြသထားပြီး ပြခန်းပေါင်း ၇၂ ခန်းဖြင့် သုံးရက်ကြာပြသခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံတည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယွန်ပြောင်ဆဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ရှေးဟောင်းသဲကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူ သထုံမြို့နယ်၌ တွေ့ရှိ

**သထုံ အောက်တိုဘာ ၂**



မွန်ပြည်နယ် သထုံမြို့နယ် ကျုံပါကျေးရွာ တောင်ပိုင်း ကွင်းစပ်အနီး ရော်ဘာခြံအတွင်း၌ သစ်ဝါးချုံနွယ်များ ပိတ်ဖုံးကာ မျက်နှာတော်တစ်ခြမ်းကွာကျနေသည့် ဘူမိဖဿမုဒြာဟန် ရှေးဟောင်းသဲကျောက်ဆစ် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို သထုံမြို့ဟောင်း ကွင်းဆင်းသုတေသနအဖွဲ့က အောက်တိုဘာ ၁ ရက်က တွေ့ရှိခဲ့သည်။

"ဒီ သဲကျောက်ဆစ်ရုပ်ပွားတော်ဟာ အိန္ဒိယအရှေ့တောင်ပိုင်း အခု ဘင်္ဂလားနယ်ထဲမှာ ထွန်းကားခဲ့တဲ့ (Pala-Sena Period) လက်ရာမျိုးလို့ ယူဆရပါတယ်။ အေဒီ ၇ ရာစုမှ ၁၁ ရာစုအတွင်း သထုံမြို့ဟောင်းခေတ်မှာ ထုဆစ်ခဲ့တာဖြစ်လို့ နှစ်ပေါင်းတစ်ထောင်ကျော်ပြီလို့ ခန့်မှန်းရပါတယ်။ သထုံခေတ်နှောင်းပိုင်းနဲ့ ပုဂံခေတ် အစပိုင်းတွေလောက်မှာ ဒီလိုလက်ရာမျိုးတွေကို တွေ့ရတယ်" ဟု သမိုင်းသုတေသနပညာရှင် ဦးစံဝင်းက ပြောကြားသည်။

"ဆင်းတုတော်က သဲကျောက်ဆစ်ဖောင်းကြွ (Haif Relief) ဖြစ်လို့ လက်ရာက မကြမ်းဘူး၊ နောက်ခံတံကဲလည်းပါတယ်၊ ဘူမိဖဿဟန်နဲ့ ပကတိလူအရွယ်နီးနီးပဲ။ ရာသီဥတုဒဏ်တွေကြောင့် မျက်နှာတော်က တစ်ခြမ်းကွာ ကျနေတယ်။ ကျွန်တော် လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်က ဒီဆင်းတုတော်ကိုလာပြီး လေ့လာဖူးပါတယ်။ အဲ့ဒီအချိန်ကတည်းက မျက်နှာတော် ကွာကျနေတာပါ။ ဆင်းတုတော်အောက်မှာ ဂဝံအုတ်ခုံနဲ့ ပလ္လင်သုံးထပ်ရှိတယ်။ ဒီသဲကျောက်ဆစ်ရုပ်ပွားတော်ဟာ သထုံရဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဖော်ထုတ်ပြသမယ့် အထောက်အထားတစ်ခုပါပဲ" ဟု ဆက်လက်ပြောကြားသည်။

အဆိုပါ ရှေးဟောင်းရုပ်ပွားတော်ကို ကျုံပါကျေးရွာတောင်ပိုင်းမှ ဦးဘပွေးပိုင် ရော်ဘာခြံအတွင်း ချုံနွယ်များအကြားတွေ့ရှိရပြီး နောက်ခံတံကဲကျောက်ပြားအမြင့် ၄၂ လက်မ၊ အောက်ခြေအကျယ် ၂၄ လက်မ၊ ရုပ်ပွားတော် ထုဆစ်ထားသော ကျောက်မှာ အောက်ခြေ၌ ၁၀ စင်တီမီတာနှင့် ထိပ်ပိုင်း၌ ၃ စင်တီမီတာထုရှိပြီး ရုပ်ပွားတော်အောက်ခြေ၌ လေးထောင့်ပုံ ဂဝံအုတ်ရိုးစီ ပလ္လင်သုံးထပ်ခံထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ ပလက်ဝ၌ ကျင်းပ

**ပလက်ဝ အောက်တိုဘာ ၂**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အခမ်းအနားနှင့် ဘိုးဘွားများပူဇော်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ကီမိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပလက်ဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်က ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အခမ်းအနားနှင့် ပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားကာ ဌာနဆိုင်ရာများနှင့် အလှူရှင်များလှူဒါန်းကြသည့် ပူဇော်ဝတ္ထုငွေနှင့် ပစ္စည်းဖိုးငွေကျပ် ၃၂၁၆၇၂၀ ကိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၈၀ တို့အား အလှူငွေပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်(၂၇၃/၂၇၉)ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ တက်ရောက်လိုသော ကျောင်းသားကျောင်းသူများသည် ဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၂၉ ရက် (အင်္ဂါနေ့)မှ အောက်တိုဘာ ၁၅ ရက် (ကြာသပတေးနေ့)အထိ စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအတွင်း ထုတ်ယူလျှောက်ထားနိုင်ပြီဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၌ တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ် ၄၀၀ ကျော်ရရှိသူများ လျှောက်ထားခွင့်ရှိကြောင်းနှင့် အဆိုပါကောလိပ်၌ သတင်းအတတ်ပညာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုပညာသင်တန်း၊ ခရီးသွားဆိုင်ရာ အတတ်ပညာသင်တန်းနှင့် English for Professional Purposes များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နှင်းနုဝေ**

# ဆရာ ဆရာမများ၏ဘာသာရပ် စွမ်းရည်မြှင့်အလုပ်ရုံဆွေးနွေး

**စစ်တွေ အောက်တိုဘာ ၁**

ရခိုင်ပြည်နယ်ရှိအခြေခံပညာကျောင်းများမှ အထက်တန်းပြ ဆရာ ဆရာမများ၏ ဘာသာရပ်စွမ်းရည်မြှင့်အလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်မှ ၁၀ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို စစ်တွေမြို့အ. ထ. က(၄)ရှိ မဟာပညာကျော်ခန်းမ၌ အောက်တိုဘာ ၁ ရက်ကကျင်းပရာ ရခိုင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးဦးလှစိန်ထွန်းက အမှာစကားပြောကြားပြီး စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ထက်/လယ်/မူကျောင်းအုပ်ဆရာကြီးများ၊ ဦးဆောင်ဆွေးနွေးမည့် ဆရာ ဆရာမ ၁၈ဦးနှင့် ရခိုင်ပြည်နယ်ရှိ အ. ထ. ကများမှ အထက်တန်းပြ ဆရာ ဆရာမ ၂၅၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကိုကြီးစော**

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း ၃၃၈၂၉၀ ဒသမ ၅၈၆ တန် ပြည်ပသို့ တင်ပို့နိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၇)ကြိမ်မြောက် မီဒီယာရှင်းလင်းပွဲကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ရှင်းလင်းခဲ့သည်။** (အောက်ပုံ)




ကယားပြည်နယ် ဖရူဆိုမြို့နယ် မာခရော်ရှေ့ကျေးရွာ၏ အနောက် ဘက်ထီးသဲကူးကျေးရွာ၌ ကြက် အကောင် ၂၀၀ မွေးမြူထားရာ ဖွန်လမှစဖြစ်ပွားခဲ့သည့် သံသယ ဖြစ်ဖွယ် ကြက်လည်လိမ်ရောဂါကို စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်း စစ်ဆေးကာ တောင်သူများအား အပူဒဏ်ခံ ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး ($I_2$) မျက်စဉ်းဆေး ပြန်လည်၍ အခမဲ့ထုတ်လုပ်ကာ တောင်သူများအား ပညာပေးခြင်း များဖြင့် ကြက်၊ ဘဲ ရောဂါကာကွယ် ရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု (၇)ကြိမ်ရှိခဲ့ရာ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက် နိုင်ခဲ့ကြောင်းနှင့် ဖြစ်ပွားမှုများ တွေ့ရှိက မြို့နယ်ဦးစီးဌာနရုံးများသို့ အကြောင်းကြား အကူအညီ တောင်းခံနိုင်ကြောင်း၊ ရေထွက်ပစ္စည်း၊ ပြည်ပတင်ပို့ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များမှ ပြည်တွင်း စားသုံးမှု ဖူလုံစေရန် မြန်မာပြည် အနှံ့ တောင်ပေါ်ဒေသများသို့ပင် တင်ပို့နိုင်ခဲ့သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မက်ထရစ် တန်ချိန် ၃၇၈၄၅ ဒသမ ၆၈၉ တန် ပြည်ပတင်ပို့ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်တို့တွင် အအေးခန်း သိုလှောင်ရုံ ၁၁၆ ရုံ၊ ကဏန်းပျော့ စက်ရုံ နှစ်ရုံရှိလာပြီး ပြည်တွင်း စားသုံးမှုများလာသဖြင့် မက်ထရစ် တန်ချိန် ၃၃၈၂၉၀ ဒသမ ၅၈၆ တန် ပြည်ပသို့တင်ပို့နိုင်ခဲ့၍ အနည်းငယ် လျော့နည်းခဲ့ကြောင်း အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော်က ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသများတွင် လမ်း၊ တံတားနှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တံတားအရှည် ၂၁၅၂၇၆ ပေအထိ တည်ဆောက် နေကြောင်း၊ ရေပေးဝေရေး ကဏ္ဍ တွင် ရေရရှိရေးလုပ်ငန်း ၁၃၉၃၅ ခုဖြင့် ကျေးရွာပေါင်း ၁၂၇၅၁ ရွာ အတွက်ဆောင်ရွက်နေကြောင်း၊ မီး လင်းရေးလုပ်ငန်းပေါင်း ၃၆၅၆၅၀ ခုဖြင့် ၄၈၄၀ ရွာအတွက် လည်း ကောင်း တစ်နိုင်ငံလုံး မီးရရှိရေး စီမံချက်(NEP)နှင့်အညီ (Solar Home System) ဖြင့် ဝေးလံ ဒေသများမှစတင်ပြီး (Off-Grid System) လိုင်း ပြင်ပဆောင်ရွက် ခြင်း၊ Micro HydroPower၊ ဇီဝ ဓာတ်ငွေ့နှင့် အသေးစားရေအား လျှပ်စစ်စနစ်တို့ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကျေးလက်အိမ်ရာ ဆောင်ရွက်ထားရှိမှုကို ပြီးခဲ့သည့် နှစ်က ၅၄၃ ရွာတွင် ဆောင်ရွက်ပေး နိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် ရွာပေါင်း ၄၁၁ ရွာတွင် ဆောင်ရွက်ရန် လျာထားကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ Consortium of Development Partners ကို အဖွဲ့ပေါင်း ၃၂ ဖွဲ့ဖြင့် ကျေးလက် မီးလင်းရေး၊ ကျန်းမာရေး၊ သောက် သုံးရေရရှိရေး၊ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများအား USD ၆၉၉ ဒသမ ၉၉၁၁ သန်းနှင့် ယူရို ၂၇ သန်း ကုန်ကျခံအကောင် အ ထည်ဖော်လျက်ရှိကြောင်း၊ အသက် မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ပန်းရန်သင်တန်း၊ အပ်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင် သင်တန်း၊ ဇီဝသဲရေအိုးပြုလုပ်နည်း သင်တန်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ သင်တန်းများဖွင့်လှစ် ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဘတ်ဂျက်ငွေကျပ် ၂၃၉၄ သန်းဖြင့် ဆက်လက်ဖွင့်လှစ်ရန်ဆောင်ရွက် နေကြောင်း။

သဘာဝဘေးသင့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများကို ထောက်ပံ့ ပေးအပ်လျက်ရှိပြီး ပျက်စီးဆုံးရှုံး ခဲ့သည့် ငါးအင်းလေးအင်းနှင့် ဌာနပိုင်အဆောက်အအုံ ဝန်ထမ်း နေအိမ်များအပါအဝင် နေအိမ်နှင့် အဆောက်အအုံများအတွက် ပြန် လည်ထူထောင်ရေး ဆောင်ရွက် နေကြောင်း၊ ခိုင်းကျွဲ၊ နွား၊ ပျား၊ ငါးကန်နှင့် ကြက်၊ ဝက်၊ ဆိတ်၊ မြင်း ငါးဖမ်းရေယာဉ်များ၊ တိရစ္ဆာန် မွေးမြူရေးပစ္စည်းများ ဆုံးရှုံးမှုများ အား ပြန်လည်ထူထောင်ပေးရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ ထောက်ပံ့မှုများ၊ ငါးသားပေါက်နှင့် ကြက်၊ ဘဲများ ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်ပေး ကြောင်း သိရသည်။

ဌာနပိုင်ရုံး အဆောက်အအုံ ၂၇ လုံးနှင့် သုတေသန အင်းလေး အင်းမှ ငါးများဆုံးရှုံးမှု စုစုပေါင်းတန် ဖိုးသန်း ၁၁၆ ဒသမ ၈၄၀၊ သဘာဝ ဘေးသင့်တိုင်းဒေသကြီးနှင့် ပြည် နယ်နှင့် ငါးခုမှ ဝန်ထမ်းနေအိမ် ပေါင်း ၃၁ လုံး ပျက်စီးဆုံးရှုံးမှု တန် ဖိုးငွေကျပ် ၃၃ ဒသမ ၃၅၀၊ တိရစ္ဆာန် မွေးမြူရေးပစ္စည်းများ ပျက်စီးမှု ခန့် မှန်းတန်ဖိုးငွေကျပ် ၄၁၄၈၀ ဒသမ ၀၄၅ သန်းခန့်ရှိကြောင်း။

အမျိုးသားစီမံခန့်ခွဲမှုကော်မတီ သို့ ငွေကျပ် ၄၈၆၈၄ ဒသမ ၀၀၇ သန်း၊ နိုင်ငံတော်သမ္မတ သီးသန့်ရန်ပုံ ငွေမှ ငွေကျပ် ၅၁၅၃ ဒသမ ၉၇၅ သန်းအားလည်းကောင်း တင်ပြ တောင်းခံထားပြီး အဆင့်ဆင့်ဆက် လက်ဆောင်ရွက်သွားမည် ဖြစ် ကြောင်း အမြဲတမ်းအတွင်းဝန်၊ ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်များက ရှင်းလင်းပြော ကြားသည်။

(သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်မှ ၂၈ အထိ ဆန် ၂၀၀၄ အိတ်၊ Family Kits ပုံး ၁၀၀၀၊ ပစ္စည်းစုံတစ်ဖာ၊ အဝတ်အထည်နှစ်အိတ်တစ်ဖာ၊ ကျောင်းစိမ်းအဝတ် ၁၀၁စုံ၊ ပြည်တွင်းအလှူပစ္စည်း ရရှိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၅၀၀၀၀ ဖြစ်သည်။

စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၂ရက်အထိ ပြည်ပအလှူပစ္စည်း ရရှိမှုမှာ ရေသန့် ၂၄ ဘူး ၂၅၉ ကတ်၊ ရေသန့် ငါးလီတာဘူး ၁၂ ဘူး၊ ခေါက် ဆွဲခြောက် ၂၄ ထုပ်ပါ ဖာ ၂၀၀၊ ဘိလပ်မြေ ၄၈၂၂ အိတ်၊ သွပ်ချပ် ၂၆၀၀ ၊ Mosquito net အလုံး ၂၂၀၀၀၊ Halzon Tablets ၁၁၀၀၀၀ ပုလင်း၊ Ringer Lactate Injection ၁၅၀၀၀ ပုလင်း၊ Glucose Injection ၁၅၀၀၀ ပုလင်း၊ Sodium Chloride Injection ၁၅၀၀၀ ပုလင်း၊ Infustion Set ၃၃၀၀၀ ခု၊ First Aid Kit ၁၀၀၀ ခု၊ Life Jacket ၁၀၀၀ ထည်၊ Water Pump အစုံ ၁၀၀၀၊ မိုးကာတဲအလုံး ၂၀၀၊ တီရှပ် ၅၀၀၀ အထည်၊ သွပ်ဆိုဒ်စုံ ၉၈၂ ချပ်၊ သွပ်သံလေးဖာ၊ ဆန် ၅၉အိတ်၊ အဝတ်အထည် မျိုးစုံ ၂၆ အိတ်၊ ကန်တော့ပွဲ ၅၇ လုံး၊ သပိတ်တစ်လုံး၊ ဆေးမျိုးစုံ ၂၆ ဖာ အမယ်စုံ ၁၁ အိတ်၊ အမျိုးသမီးသုံးပစ္စည်း ၁၉ ဖာ၊ အမှိုက်အိတ် တစ်ဖာ၊ မီးချောင်း ၈၃ ချောင်း၊ ပဲင်ပြာရည်သုံးဖာ၊ နို့မှုန့်တစ်ဖာ၊ အမွှေးတိုင်-ဖယောင်းတိုင်ခုနစ်ဖာ၊ ဓာတ်မီး ၃၀လုံး၊ ခေါက်ဆွဲခြောက် ၃၇ ဖာ၊ ပြည်ပအလှူပစ္စည်း ရရှိမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၅၆၈၇၅၀၀ လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

# တိုင်းဒေသကြီး /ပြည်နယ်အလိုက်မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက် အရ အောက်တိုဘာ ၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာ ဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင် ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**



တမူး-စေတီလမ်း မိုင် ၁၈/၀-၁၈/၁ ကြား တံတားအမှတ်(၁/၁၉) နန်းတီဆင်းတံတား ပေ ၁၆၀ တံတား အလယ်မှ ခါးညွတ်၍ ကျိုးကျပျက်စီးသွားသည်ကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)



မိုင် ၁၈/၀-၁၈/၁ ကြား တံတားအမှတ်(၁/၁၉) နန်းတီဆင်းတံတား ပေ ၁၆၀ ယာယီရေနိမ့်ဘေလီတံတား ဆောင်ရွက်ပြီးစီးသည်ကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

# မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံ အာဆီယံရှေ့နေချုပ်များ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂**

စင်ကာပူနိုင်ငံတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများအတွင်းရှိ အင်္ဂလိပ်ဥပဒေစနစ်ကျင့်သုံးသည့် နိုင်ငံများဖြစ်သော စင်ကာပူ၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့၏ ရှေ့နေချုပ်များ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် စင်ကာပူနိုင်ငံ ရှေ့နေချုပ် Honourable Mr.V.K Rajah၊ မလေးရှားနိုင်ငံ ရှေ့နေချုပ် Honourable Mr.Mohamed Apandi ALi နှင့် ဘရူနိုင်းနိုင်ငံ ရှေ့နေချုပ် Honourable Ms.Datin Hayati Salleh တို့နှင့်အတူ တက်ရောက်ခဲ့သည်။




အဆိုပါ အစည်းအဝေးတွင် တရားစွဲအမှုလိုက်ဆိုင်ရာ ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကိစ္စရပ်များ၊ နိုင်ငံတကာတွင် လတ်တလော ကြုံတွေ့နေရသည့် ဥပဒေပြဿနာများ၊ စီးပွားရေးဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များကို ရှေ့နေချုပ်များနှင့် တက်ရောက်လာကြသည့်အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်ကို သီးခြားအစီအစဉ်အနေဖြင့် ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို ပြောကြားပေးရန် စီစဉ်ပေးခဲ့သဖြင့် ရှင်းလင်းတင်ပြရာတွင် ခေတ်မီသည့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးဖြစ်လာအောင် ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးနေမှု၊ ဥပဒေစိစစ်ရေး၊ တရားစွဲအမှုလိုက်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ပြည်ထောင်စု ရှေ့နေချုပ် ဦးဆောင်သော မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံသို့ ရောက်ရှိစဉ် ပြည်ထဲရေးနှင့် ဥပဒေရေးရာဝန်ကြီး မစ္စတာ ရှမူဂန် ဥပဒေရေးရာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ Senior Minister of State ဖြစ်သူ မစ္စစ်အင်ဒရာနီရာဂျာနှင့် စင်ကာပူနိုင်ငံရှေ့နေချုပ် မစ္စတာ ဗီကေရာဂျာတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ဥပဒေရေးရာကိစ္စရပ်များကို သီးခြားစီ တွေ့ဆုံ ဆွေးနွေးခဲ့သည့်အပြင် ဘရူနိုင်းနိုင်ငံရှေ့နေချုပ် မစ္စစ် ဒါတင်ဟာရတီ ဆလေးနှင့် မလေးရှားနိုင်ငံရှေ့နေချုပ် မစ္စတာ မိုဟာမက်အပန်ဒီအလီတို့နှင့်လည်း နှစ်နိုင်ငံအကြား ဥပဒေရေးရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

၂၀၁၃ ခုနှစ်က ဘရူနိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အစည်းအဝေးတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားခဲ့ရာမှ ယခုအစည်းအဝေးတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို အထူးလေ့လာသူ (Special Observer) အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့သည် ယမန်နေ့ညပိုင်းက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပူတာအိုခရိုင်၌ မဲရုံသုံးပစ္စည်းများ မြို့နယ်များသို့ ဖြန့်ဝေ



**ပူတာအို အောက်တိုဘာ ၂**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုနိုင်ရန် ပူတာအိုခရိုင်အတွင်းရှိ မဲရုံပေါင်း ၁၃၆ ရုံအတွက် လိုအပ်သည့် မဲရုံသုံးပစ္စည်း ခုနစ်မျိုးကို တပ်မတော်(လေ) Y-8 လေယာဉ်ဖြင့် ပူတာအိုလေဆိပ်သို့ အောက်တိုဘာ ၁ ရက်က ရောက်ရှိလာရာ အဆိုပါမဲရုံသုံးပစ္စည်းများကို ပူတာအိုမြို့မှတစ်ဆင့် နောင်မွန်၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်မြို့နယ်များသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လုပ်သက်ရင့်အရာရှိ၊ အကြပ်၊ စစ်သည်များအား ရာထူးအဆင့်မြှင့်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်နှင့်တပ်မတော်အပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပေးအပ်သည့် တာဝန်များကိုလည်း စည်းကမ်းပြည့်ဝစွာ နှစ်ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့ကြသော ပြစ်မှုကင်းရှင်းသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ လုပ်သက်ရင့်အကြပ်၊ စစ်သည်များအား ရာထူးအဆင့်များတိုးမြှင့်ပေးခြင်း အခမ်းအနားများကို အောက်တိုဘာ ၁ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ ရေတပ်စခန်းဌာနချုပ်များ၊ လေတပ်စခန်းဌာနချုပ်များ၌ ကျင်းပခဲ့ရာ တိုင်းမှူးများ၊ ဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက အဆင့်တိုးမြှင့်ခြင်းခံရသည့် အကြပ်၊ စစ်သည်များကို အဆင့်တံဆိပ်များ တိုးမြှင့်တပ်ဆင်ပေးကြသည်။

အလားတူ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြစ်မှုကင်းရှင်းသည့် လုပ်သက်ရင့် ဗိုလ်ကြီး ၁၁၈ ဦးကိုလည်း ယာယီတပ်ခွဲမှူး(ဗိုလ်မှူး)အဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ကြက်ခြေနီသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော ရှေးဦးသူနာပြုကြက်ခြေနီသင်တန်း အမှတ်စဉ်(၂) ဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ ကျင်းပရာ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ကြက်ခြေနီနှင့်စပ်လျဉ်းသော အထွေထွေဗဟုသုတစာမေးပွဲကို စစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာ ကြက်ခြေနီ ရာသက်ပန်အသင်းဝင်ခွင့်ကတ်များကို ပေးအပ်သည်။ အဆိုပါ ရှေးဦးသူနာပြုသင်တန်းကို အောက်တိုဘာ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ထက်ထက်လင်းစံ**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းဆင်း

**စစ်ကိုင်း အောက်တိုဘာ ၂**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၄) သင်တန်းဆင်းပွဲအထိမ်းအမှတ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက တည်ခင်းဧည့်ခံသည့် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲကို စက်တင်ဘာ ၃၀ ရက်က တက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး အောင်ကျော်ဦး၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်တို့ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်အရာရှိခြောက်ဦး၊ အခြားအဆင့်ခြောက်ဦးပေါင်း ၁၂ ဦးတို့သည် စက်တင်ဘာ ၂၉ ရက်က ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ၌ သွေးလှူဒါန်းစဉ်။ တင်မောင်(မန်းကိုယ်ပွား)

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာဒေသများအား လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်ဖြန့်ဖြူးပေး

**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းဒေသနှင့် မုံရွာဒေသသို့ ဓာတ်အားပို့လွှတ်သော ၂၃၀ ကေဗွီဘဲလင်း(ကျောက်ဆည်)-အုန်းတော (စစ်ကိုင်း) နှစ်ထပ်မဟာဓာတ်အားလိုင်းဖြတ်သန်းရာ တံတားဦးမြို့နယ် ကပယ်ရွာအနီးရှိ တာဝါတိုင်အမှတ် (၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈) တစ်ဆက်တည်း ငါးတိုင်သည် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီတွင် လေပြင်းများတိုက်ခတ်၍ ပြိုလဲပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါ ၂၃၀ ကေဗွီဓာတ်အားလိုင်းများ ပြိုလဲချိန်မှစ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသက်ပိုင်မျိုးဦးဆောင်၍ ဝန်ထမ်းအင်အား ၁၈၀ ခန့်ဖြင့် ပြိုလဲသွားသော ဓာတ်အားလိုင်း တာဝါတိုင်များ ပြန်လည်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်း ကြိုးဆွဲသားခြင်းများကို စဉ်ဆက်မပြတ် (နေ့/ည) အဆိုင်းများခွဲဝေ၍ တာဝန်ယူတည်ဆောက်ရာ ယနေ့ ညနေ ၄ နာရီ ၂၅ မိနစ်တွင်လုပ်ငန်းများအားလုံးပြီးစီးခဲ့သည်။

ယခုအခါ ၂၃၀ ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော (စစ်ကိုင်း) နှစ်ထပ် မဟာဓာတ်အားလိုင်းကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ ယနေ့ ညနေ ၄ နာရီ ၄၇ မိနစ်မှစ၍ စစ်ကိုင်းဒေသနှင့် မုံရွာဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးညိုမြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**မိုးညို အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မိုးညိုမြို့နယ်အတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာလ တတိယပတ်က မိုးညိုမြို့နယ် ဘုရားငူကျေးရွာအုပ်စု လဖျော်ပင်ရွာရှိ တောင်သူ ဦးမြင့်ဦး၏ မိုးစပါးစိုက်ခင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့်အဖွဲ့က ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၉၇၅၀၀ စုပေါင်း စိုက်ထည့်ကြသည်။ **(အောက်ပုံ)**

စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ငါးမျိုးပြုန်းတီးမှုကိုကာကွယ်စေ၍ ငါးထုတ်လုပ်မှုတိုးတက်ရေး ကျေးလက်ဒေသနေ တောင်သူလယ်သမားများအတွက် ငါးရိက္ခာပိုမိုရရှိပြီး ငါးစားသုံးမှုတိုးတက်စေရေးရှေးရှု၍ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

**အောက်တိုဘာ ၂ ရက်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်လာသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



## သမဝါယမဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် အောက်တိုဘာ ၂**

သမဝါယမဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်စုစုပေါင်း ရှစ်ဦးဖြင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၆၁/၂၀၁၅)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လိုပါက ဦးကျော်ငွေ၊ ဥက္ကဋ္ဌ(အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးရုံး၊ သမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၀၂၈၊ ၀၉-၄၉၂၀၃၃၁၇၊ ဒေါ်ယဉ်ယဉ်နွယ်၊ တွဲဖက်အတွင်းရေးမှူး (လက်ထောက်အတွင်းဝန်၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ဝန်ကြီးရုံးသမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၅၇၂၊ ၀၉-၄၃၀၇၇၁၃၅၊ ဦးဇော်မျိုး၊ အတွင်းရေးမှူး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးရုံး၊ သမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၀၃၀၊ ၀၉-၄၂၀၇၃၇၇၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့ပေးသည့် ခေတ်မီဓာတ်ခွဲခန်းများတွင် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်တော့မည်

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ချစ်သမီး**

**နေပြည်တော် အောက်တိုဘာ ၂**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် ခေတ်မီသုတေသနဓာတ်ခွဲခန်းများနှင့် သုတေသနအထောက်အကူပြု ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပံ့ပိုးကူညီပေးထားရာ အောက်တိုဘာ ၁၆ ရက်မှစ၍ သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

" JICA က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတွက် ဂျပန်ယန်း ၁၀၀၈ သန်းကို ကူညီထောက်ပံ့ပေးထားပါတယ်။ အဲဒီငွေတွေကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ဌာနကြီးကိုးခုအတွက် ခေတ်မီသုတေသနဓာတ်ခွဲခန်း ကိုးဆောင်နဲ့ သုတေသနလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ အသုံးပြုသွားမှာပါ။ အခု ခေတ်မီတဲ့ ဓာတ်ခွဲခန်းကိုးဆောင်ကလည်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်တဲ့အတွက် သုတေသနအတွက် လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ စတင်တပ်ဆင်နေပါပြီ။ အောက်တိုဘာ ၁၆ ရက်မှာ ဖွင့်ပွဲနဲ့တွဲပြီး သုတေသနလုပ်ငန်းတွေဆောင်ရွက်သွားမှာပါ။ သုတေသနပိုင်းမှာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာပိုင်းဆိုင်ရာတွေကို ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်၊ ကိုဘေးတက္ကသိုလ်၊ ရာမဂူချီတက္ကသိုလ်နဲ့ ချီဘာတက္ကသိုလ်တွေက ပါမောက္ခတွေကိုယ်တိုင် ရေဆင်းစိုက်ပျိုးရေးကျောင်းက ဆရာဆရာမတွေကို လာရောက်ပြီး သင်ကြားပေးသွားမှာပါ။ အခုလို ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်တဲ့အတွက် နိုင်ငံတကာကနေ နည်းပညာတွေရရှိလာမှာဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က သင်ကြားရေးတစ်ခုတည်း မဟုတ်ဘူးလေ။ သုတေသနလည်းလုပ်ရတဲ့အတွက် တောင်သူတွေကို အသိပညာပေးမှုတွေလုပ်ရတယ်။ ဒီလိုတွေလုပ်ဖို့အတွက် နိုင်ငံတကာကလို ပညာရှင်တွေ လိုအပ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။




**JICA မှ ထောက်ပံ့ထားသည့် သုတေသနဓာတ်ခွဲခန်း အဆောက်အအုံကို တွေ့ရစဉ်။**

"ဂျပန်နိုင်ငံက မြန်မာနိုင်ငံနဲ့တွဲပြီး စိုက်ပျိုးရေးတိုးတက်ဖို့ ဘာလုပ်ရမလဲဆိုတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က စိုက်ပျိုးရေးနဲ့ပတ်သက်လို့ အဓိကကျတဲ့အတွက် ဒီကျောင်းကနေစလုပ်မယ်ဆိုပြီး လာရောက်လေ့လာတာပါ။ ဓာတ်ခွဲခန်းတစ်ဆောင်မှာ အလျား ၄၅ မီတာ၊ အနံ ၁၂ ဒသမ ၃ မီတာ၊ အမြင့် ၄ ဒသမ ၅ မီတာရှိပြီး ငလျင်ဒဏ်ခံအောင်လည်း ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ သုတေသနဓာတ်ခွဲခန်းပစ္စည်းတွေကလည်း ခေတ်မီတဲ့ပစ္စည်းတွေဖြစ်ပါတယ်။ မြေကြီးရဲ့ အချဉ်ဓာတ်၊ အငန်ဓာတ်တွေကို ယူလာပြီး စမ်းသပ်တာတွေပါတယ်။ အပင်တွေကို ဓာတ်ခွဲစမ်းသပ်တဲ့နေရာမှာ သုံးတဲ့ပစ္စည်းတွေလည်းပါတယ်။ အပင်ဆိုတာ အရွက်တို့ အရိုးတို့ အမျိုးမျိုးရှိတယ်။ အဲဒါတွေကို ဓာတ်ခွဲစမ်းသပ်နေရာမှာ အမှုန့်ဖြစ်သွားအောင်လုပ်ဖို့လိုတယ်ဆို အဲဒီအပင်ကို ဓားနဲ့စဉ်းလို့မရဘူး၊ ငရုတ်ဆုံနဲ့ထည့်ထောင်းလို့မရဘူး။ သန့်သန့်ပြန့်ပြန့်နဲ့ သုံးနိုင်ဖို့အတွက် ဒီလိုစက်တွေလိုအပ်တယ်။ အမှုန့်ဖြစ်သွားပြီဆိုမှ အဲဒီအမှုန့်ထဲမှာပါတဲ့ ဓာတ်တွေကို တိုင်းလို့ရတဲ့အတွက် ဒီလိုခေတ်မီတဲ့စက်တွေလိုအပ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကိမိလနှင့် သတ္တဗေဒဌာနမှ ဒေါက်တာဒေါ်အငယ်ထွေးက ပြောသည်။

ဂျပန်နိုင်ငံမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဌာနကြီးကိုးခုဖြစ်သည့် လယ်ယာသီးနှံပညာဌာန၊ အပင်မျိုးမွေးမြူရေး ဇီဝကမ္မနှင့် ဂေဟဗေဒဌာန၊ မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန၊ အပင်ရောဂါဌာန၊ ကိမိလနှင့် သတ္တဗေဒဌာန၊ ဥယျာဉ်ခြံသီးနှံနှင့် ဇီဝနည်းပညာဌာန၊ စိုက်ပျိုးစီးပွားဌာန၊ မွေးမြူရေးပညာဌာနနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနအတွက် ခေတ်မီသုတေသနဓာတ်ခွဲခန်း ကိုးဆောင်နှင့် သုတေသနအထောက်အကူပြု ဓာတ်ခွဲခန်းသုံးပစ္စည်း ၂၂၈ မျိုးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းမှာ ၂၀၁၅ မှ ၂၀၁၉ အထိ ငါးနှစ်ကာလဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မည့် ဌာနများမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပါဝင်ကြောင်း သိရသည်။

"ငါးနှစ်စီမံကိန်းမှာ မြန်မာနိုင်ငံအလယ်ပိုင်းပါမယ်။ မိုးနည်းတဲ့ဒေသတွေပါမယ်။ အဓိကကတော့ စပါး၊ ပဲ၊ နှမ်းတွေပါမယ်။ ဥပမာ သီးနှံတွေကို စစိုက်တဲ့အချိန်မှာ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကိုရွေးရမယ်။ စပါးစိုက်မယ်ဆိုရင် ရာသီဥတုပူတဲ့နေရာမှာ စိုက်ပျိုးမယ့်စပါးမျိုးက အပူဒဏ်ခံနိုင်ရမယ်။ ရေငတ်ခံနိုင်တဲ့စပါးဖြစ်ရမယ်။ အဲဒီမျိုးတွေကို ရဖို့အတွက် သူတို့ဆီက သုတေသနပိုင်းဆိုင်ရာနည်းပညာတွေရမယ်။ မြန်မာနိုင်ငံရာသီဥတုနဲ့ ကိုက်ညီတဲ့နည်းပညာတွေကို အသုံးပြုမှာဖြစ်တဲ့အတွက် အဆင်ပြေတယ်။ မြန်မာနိုင်ငံမှာ သီးနှံတွေကို သိုလှောင်တဲ့နေရာမှာ အလွန်အားနည်းတယ်။ သိုလှောင်တဲ့နည်းစနစ်မသိတဲ့အတွက် အိမ်မှာရှိတဲ့ ပုတ်ကလေးတွေ၊ စပါးကျီလေးတွေထဲမှာပဲ သိုလှောင်တာများတယ်။ အဲဒါကြောင့် ရေကြီးမှုတွေဖြစ်တုန်းက ရေထဲမျောကုန်တာများတယ်။ ဒီလို မျိုးစပါးအခက်အခဲတွေမဖြစ်အောင် ဘယ်လိုသိုလှောင်နည်းတွေ သုံးရမယ်ဆိုတာလည်း လုပ်ဆောင်သွားမယ်။ သီးနှံတွေမှာ ပိုးမွှားရောဂါကာကွယ်နည်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်သွားမယ်" ဟု ဒေါ်အငယ်ထွေးက ဆက်လက်ပြောကြားသည်။

စီမံကိန်းကာလအတွင်း နည်းပညာပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဂျပန်တက္ကသိုလ်မှ စိုက်ပျိုးရေးပညာရှင်နှစ်ဦး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ငါးနှစ်လုံးနေထိုင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများကို သင်တန်းများပို့ချပေးသွားမည်ဖြစ်သည်။ ထို့နောက် သက်ဆိုင်ရာနည်းပညာအလိုက် ဂျပန်တက္ကသိုလ်မှ ပညာရှင်များက အလှည့်ကျလာရောက်၍ နည်းပညာများကို သင်တန်းပို့ချခြင်းနှင့် နည်းပညာဖလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်တွေ့ကွင်းဆင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသအသီးသီးရှိတောင်သူများနှင့် တိုက်ရိုက်ထိတွေ့၍ စိုက်ပျိုးနည်းများ၊ မျိုးရွေးချယ်ခြင်းများ၊ ပိုးမွှားကျရောက်မှုကာကွယ်နည်းများ၊ ငွေကုန်ကြေးကျနည်းသည့်စိုက်ပျိုးနည်းစနစ်များ၊ သီးနှံသိုလှောင်သည့် နည်းစနစ်များကို ပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။



သုတေသနအထောက်အကူပြု ဓာတ်ခွဲခန်းသုံးပစ္စည်းများ အသုံးပြုပုံနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှ ပညာရှင်များက ရှင်းပြစဉ်။

# ကျောက်ဆည်မြို့နယ်ရှိ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကို ယဉ်ကျေးမှုအမွေအနှစ်ဇုန် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နေ့လယ်ပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသို့ရောက်ရှိ၍ ခေတ်အဆက်ဆက်က ဗုဒ္ဓဆင်းတုတော်များ၊ အင်္ဂတေပန်းတမော့လက်ရာများ၊ ဗိသုကာလက်ရာများ တူးဖော်ထိန်းသိမ်းထားမှုများ၊ ဘုရားအနီးတွင် တူးဖော်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အများပြည်သူ လာရောက်ဖူးမြော်သည့်အခါ ကောင်းသော သာသနာ့အကျိုးများရှိသကဲ့သို့ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေမှုနှင့် ရှေးဟောင်းမူပျက်ယွင်းတတ်စေမှုတို့ ရှိတတ်၍ ရှေးဟောင်း သုတေသနဌာနနှင့် အစဉ်အမြဲဆက်သွယ်ဆက်ဆံကာ အစိုးရနှင့် သံဃာတော်များ၊ ဂေါပကများ ပူးပေါင်းထိန်းသိမ်းစည်းကမ်းသတ်မှတ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အနေဖြင့်လည်း ရှေးဟောင်းပစ္စည်းများ အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဥပဒေနှစ်ခုကို ယခုလပိုင်းအတွင်းကပင် ပြင်ဆင်ရေးဆွဲ အသစ်ထုတ်ပြန်ပေးခဲ့ကြောင်း၊ အလားတူ တမုတ်ရွှေဂူကြီးဘုရားကိုလည်း ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် သတ်မှတ်၍နိုင်ငံတော်အဆင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်း တမုတ်ရွှေဂူကြီးဘုရားသည် ပုဂံခေတ်အစောပိုင်း၊ ပုဂံခေတ်နှောင်းပိုင်းနှင့် ပင်းယခေတ်တို့၏ အနုပညာလက်ရာတန်ဖိုး၊ ရှေးဟောင်းအဆောက်အအုံတန်ဖိုး၊ ဘာသာရေးဆိုင်ရာတန်ဖိုး၊ ဗိသုကာဆိုင်ရာတန်ဖိုး၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများစွာတွေ့ရှိရပါသဖြင့် နိုင်ငံသားတိုင်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်စောက်ကျေးရွာတွင် တည်ရှိပြီး ကျောက်ဆည်မြို့၏ အနောက်ဘက် ခြောက်မိုင်အကွာ ကျောက်ဆည်-တံတားဦး ကားလမ်း၏ တောင်ဘက်တွင် တည်ရှိသည်။ တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်ကြီးသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက် လယ်တွင်း ကိုးခရိုင်မြို့များတွင် ရွှေဂူစေတီကိုးဆူတည်ခဲ့ရာ တမုတ်ရှင်ပင်ရွှေဂူစေတီတော်ကြီးသည် တစ်ဆူအပါအဝင် ဖြစ်သည်။

**(သတင်းစဉ်)**

# (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲသူရိန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ရဲတပ်ဖွဲ့အလိုက် ဘက်စုံအကောင်းဆုံးဆုရ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့နှင့် ၂၀၁၅ ခုနှစ်အတွင်း မှုခင်းများအား စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သော ဆုရရဲတပ်ဖွဲ့ဝင်များကို ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ထားဝယ်**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက်ကကျင်းပခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရဲလုပ်ငန်း စွမ်းဆောင်နိုင်မှုထူးချွန်ဆုရသူများအား ဆုချီးမြှင့်ခြင်းနှင့် မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဒုရဲမှူး၊ ဒုရဲအုပ်များ၊ မှုခင်းဖော်ထုတ်ရာတွင် ရဲတပ်ဖွဲ့ဝင်နှင့်ပူးပေါင်းပါဝင်ခဲ့သော ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**


**ကျွန်းစု**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ကျွန်းစုမြို့ မြို့မရဲစခန်း၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းများကို အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးကြသောပြည်သူများ၊ ဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်(အဘိဇမဟာရဋ္ဌဂုရု) ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၂**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ (အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ဆရာတော်ကြီးသည် သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါအရ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂-၁၀-၂၀၁၅ ရက် (သောကြာနေ့)၊ နံနက် ၁၀း၄၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**နိုင်ငံတော်ဩဝါဒါစရိယ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် (အဘိဓဇမဟာရဋ္ဌဂုရု)ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ပန်းဒလဲကျေးရွာ ခမည်းတော် ဦးလူကြီး-မယ်တော် ဒေါ်ငယ်တို့မှ ၁၂၈၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် လောင်းလုံမြို့ ပန်းဒလဲကျောင်းကြီး ဆရာတော် ဦးပညာသိရီကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၄ ခုနှစ်တွင် ထားဝယ်မြို့နယ် ပန်းဒလဲကျေးရွာ ပန်းဒလဲကျောင်းဒါယကာ၊ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပန်းဒလဲရွာကျောင်းဆရာတော်၊ ထားဝယ်မြို့ ဃောသိတာရာမကျောင်း ဆရာတော်များ၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းကျောင်းဆရာတော်များထံ၌ ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ တောင်သမန်ကျောင်းတိုက်နှင့် ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချကာ ဝိနယပါဠိပါရဂူကျမ်းနှင့် အခြေခံဝိနည်းကျင့်ဝတ်ဘာသာကျမ်းတို့ကို ရေးသားပြုစုခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် ပထမအကြိမ်မှ တတိယအကြိမ်အထိ လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယခုအခါ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သောလုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓဥ္စနဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၆၄၊ ၂၀၀၃ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါအရ ၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂-၁၀-၂၀၁၅ ရက်(သောကြာနေ့) နံနက် ၁၀ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့ရာ နည်းလမ်းတစ်ခု

**သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ဓာတ်ပုံ-ကိုကြီးတင်**

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုက တစ်နေ့ထက်တစ်နေ့ ပို၍ဆိုးရွားလာသည်။ ရုံးတက်ချိန်၊ ရုံးဆင်းချိန်မှသာမဟုတ်တော့ပေ။ တစ်နေကုန်နီးပါးမျှ ကျပ်လာခဲ့သည်။ ပြီးခဲ့သောနှစ်က ခရီးတစ်ခုကို တစ်နာရီ အချိန်ပိုပေး၍ ရနိုင်ခဲ့သော်လည်း ယခုမရတော့ပေ။ ထို့ထက်ပို၍ ပေးလာရသည်။

ယခင်က မြို့လယ်နှင့် လူအများစည်ကားရာတို့တွင်သာ အဓိကကျပ်တည်းခဲ့သော်လည်း ယခုနေရာအနှံ့အပြားတွင် ကပ်ရောဂါပိုးတစ်ခုသဖွယ် ကူးဆက်ကျပ်တည်းလာခဲ့သည်။

ယခင်က လမ်းကြောရှင်းခဲ့သော ကြည့်မြင်တိုင်မြို့နယ်ကဲ့သို့ မြို့စွန်တစ်ခုမှာပင် ယာဉ်ကြောကျပ်တည်းမှုဒဏ်ကို ခံစားလာကြရပြီဖြစ်သည်။ ကြည့်မြင်တိုင်ကမ်းနားလမ်းဟောင်းသည် ထီးတန်းကွန်တိန်နာဝင်းမှသည် ဘုရင့်နောင်လမ်းဆုံအထိ အစဉ်အမြဲ ကျပ်တည်းမှုဖြစ်လာခဲ့သည်။

အောက်ကြည့်မြင်တိုင်လမ်းမ၌မူ ဗားကရာမီးပွိုင့်မှသည် ဟုမ်းလမ်းမှတ်တိုင်အထိ ရှည်လျားသော ယာဉ်ကြောကြီးတစ်ခုက နေ့စဉ် ညနေတိုင်းဖြစ်ပေါ်နေသည်။ ထိုအချိန်တွင် ဗားကရာမီးပွိုင့်က မူလသတ်မှတ်ထားသောအချိန်ဖြင့် အော်တိုထိန်း၍ မရနိုင်တော့သည့်အတွက် မီးပွိုင့်မီးလာနေသော်လည်း ယာဉ်ထိန်းရဲက လမ်းမပေါ်ထွက်ပြီး ယာဉ်ကြောအခြေအနေကိုကြည့်၍ လက်ဖြင့် အချက်ပြစေလွှတ်ထိန်းကျောင်းပေးမှုကို ပြုနေရသည်။

ကမ်းနားလမ်းဟောင်းပေါ် ယာဉ်ကြောကျပ်တည်းမှု၏ အဓိကအချက်မှာ ကုန်တင်ယာဉ်ကြီးများအချိန်ပြည့်မောင်းနှင်နေခြင်းကြောင့် ဖြစ်သည်။ မောင်းနှင်ရာတွင်



လည်း အခွင့်အလမ်းသာသည်နှင့် နှစ်စီးယှဉ်ပြိုင်၍ မောင်းနှင်နေခြင်းအတွက် ခရီးသည်တင်ယာဉ်လိုင်းများနှင့် အခြားသောယာဉ်တို့မှာ သူတို့နောက်မှ တဖြည်းဖြည်းချင်း မောင်းနှင်နေရသောကြောင့်ဖြစ်သည်။

ထို့အတွက် ကမ်းနားလမ်းယာဉ်ကြောရှင်းလင်းရေးအတွက် ကွန်တိန်နာယာဉ်ကြီးများကို ညနေ ၆ နာရီနောက်ပိုင်းမှသာလျှင် ထိုလမ်းပေါ်မှဖြတ်သန်းမောင်းနှင်စေခြင်းဖြင့် ကမ်းနားလမ်း၏ ယာဉ်ကြော ရှုပ်ထွေးကျပ်တည်းသော ထိုအပိုင်းတွင် အထိုက်အလျောက် ယာဉ်ကြောကျပ်တည်းမှုလျော့သွားနိုင်မည်ဖြစ်သည်။

အောက်ကြည့်မြင်တိုင်လမ်းပေါ်တွင်မူ အထက်ကြည့်မြင်တိုင်လမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းတို့ဆုံရာ၊ ထို့အပြင် စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ထိစပ်ရာ ဗားကရာလမ်းပေါ်မှ ဖြတ်သန်းတည်ဆောက်ထားသော မီးရထားခုံးကျော်တံတားတစ်ခုရှိသည်။ ထိုကုန်းပေါ်၌ ယခုမီးရထားလမ်းနှင့် ယှဉ်၍ ယခင်က ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းရန် ကားလမ်းဟောင်းတစ်ခုရှိခဲ့ဖူးသည်။ အထက်ကြည့်မြင်တိုင်လမ်း ဘူတာရုံဘက်အထိ သွားနိုင်သောလမ်းဟောင်းဖြစ်သည်။

အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့သော ဗားကရာခုံးကျော်ယာဉ်သွားလမ်းဖြစ်သည်။ ၁၉၈၈ ခုနှောက်ပိုင်းတွင် ထိုလမ်းဟောင်းကို အသုံးပြုခြင်းမရှိတော့သည့်အတွက် ခုံးကျော်ကားလမ်းကိုပါ ဖျက်သိမ်းခဲ့သည်။ ဗားကရာချောက်ကိုဖြတ်သန်းသော ရထားလမ်းတစ်ခုသာကျန်ခဲ့ခြင်းဖြစ်သည်။

ယခုလို အောက်ကြည့်မြင်တိုင်လမ်းတစ်လျှောက် ယာဉ်ကြောကျပ်တည်းလာသည့်အခါတွင် ယခင်ဗားကရာခုံးပေါ်မှ ဖြတ်သန်းမောင်းနှင်နိုင်စေသောလမ်းဟောင်းခုံးကျော်တံတားကို ပြန်လည်တည်ဆောက်၍ လမ်းဟောင်းကိုပြန်လည် ရှင်းလင်းဖော်ထုတ်သင့်ပေသည်။

သို့မှသာ ယာဉ်ကြောကျပ်တည်း၍ အချိန်ကုန်ခံစောင့်နေရသော ယာဉ်များကို ဘူတာဘက်ဆီသို့ ထိုအပေါ်လမ်းမှ တိုက်ရိုက်သွားနိုင်စေခြင်း၊ ခရီးသည်တင်ယာဉ်ကြီးများနှင့် ဗားကရာဘက်ဆီသို့ကွေ့ဝင်ကြသည့်ယာဉ်များကို လမ်းဟောင်းမှ အတည့်သွားစေခြင်းဖြင့် အောက်ကြည့်မြင်တိုင်လမ်းကြောတစ်လျှောက် အထက်ကြည့်မြင်တိုင်လမ်းကြောတစ်လျှောက်၊ ဗားကရာလမ်းတစ်လျှောက် မီးပွိုင့်စောင့်ဆိုင်းရသောဒုက္ခများမှ သက်သာစေပြီး ယာဉ်ကြောကျပ်တည်းမှုကိုပါ လျော့နည်းသွားနိုင်မည့် နည်းလမ်းကောင်းတစ်ခုအဖြစ် တင်ပြရေးသားလိုက်ရပါသည်။

# တံတားဖွင့်ပွဲအထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် ချမ်းသာရ ထုံးကုန်းရပ်ရှိ သမိုင်းဝင် ဆုတောင်းပြည့်ချမ်းသာရဘုရား လုံးတောင်ပြည့်ရွှေစင်၊ ရွှေပြားကပ်လှူပူဇော်ခြင်းအောင်ပွဲ၊ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က ဆောက်လုပ်ခဲ့သော ချမ်းသာရသစ်သားတံတား ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါလှေလှော်ပြိုင်ပွဲတွင် အလှပြလောင်းလှေများ၊ တစ်ယောက်စီးလောင်းလှေများ၊ ငှက်လှေများက အလှပြလှော်ခတ်ပြသကြပြီး အမျိုးသား ငါးတက်အပျော်တမ်းပြိုင်ပွဲတွင် ရပ်ကွက်အသင်းခြောက်သင်းပါဝင်ကာ၊ အလွတ်တန်းပြိုင်ပွဲ၌ ရွှေကြက်ယက်ကျေးရွာ၊ လပခ အသင်း၊ ဆင်တပ်ကျေးရွာတို့မှ လှေအသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ယခု ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခဲ့သည့် ချမ်းသာရ သစ်သားတံတားကြီးအား ဂေါပကအဖွဲ့ကကြီးမှူး၍ အများပြည်သူများ စုပေါင်းလှူဒါန်းသော အလှူငွေကျပ်သိန်း ၁၅၀ ကျော် အကုန်အကျခံ၍ တစ်လခွဲကြာ ပြုပြင်မွမ်းမံခဲ့ကြောင်းနှင့် အဆိုပါ ချမ်းသာရ တံတားကြီးအရှည်မှာ ၇၆၈ ပေ၊ အကျယ် ရှစ်ပေနှင့် အခန်းပေါင်း ၉၆ ခန်း ပါဝင်ကြောင်း သိရသည်။

**ကျော်ထူး**



# ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်

**ပေါက်ခေါင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြေသားကန် ၁၀ ကန်၊ လက်တူးတွင်း လေးတွင်းနှင့် လေးလက်မ စက်ရေတွင်း ၁၁ တွင်း တူးဖော်ခြင်းလုပ်ငန်းများကို Golden Hour ကုမ္ပဏီမှ တင်ဒါအောင်မြင်ငွေ ၁၂၈ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လှည်းကူး၊ ဂျင်းစိမ်း၊ ဖလံပင်၊ ထူးပေါက်၊ သီးကုန်း၊ ဒုံတောင်၊ ကုတင်မနှင့် ချောင်းကျိုးကျေးရွာတို့၌ မြေသားကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်နှင့်အဖွဲ့က စက်တင်ဘာ ၃၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ပေါက်ခေါင်းမြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြေသားကန်တစ်ကန်နှင့် လေးလက်မစက်ရေတွင်း ၂၆ တွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသော ကျေးရွာများတွင်လည်း ဦးစားပေးအလိုက် ကျေးလက်ရေရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာ-ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သွားဘက်ဆိုင်ရာ ဆေးကုသမှုများ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံ Chosun University နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်းပြီး ကုသမှုများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် Chosun University မှ တွဲဖက်ပါမောက္ခ Moon Seong Yong ဦးဆောင်သောအဖွဲ့နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ မေးရိုးနှင့် ခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများပူးပေါင်းပြီး စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၂၉ ဦးအား အခမဲ့ခွဲစိတ်ကုသခြင်း၊ မေးရိုးတွင်းဖြစ်ပွားသော အဖုအကျိတ် လူနာနှစ်ဦးအတွက် အရိုးအစားထိုးခြင်းနှင့် အသားအစားထိုးခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

***✻ ကျောဖုံးမှ***

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်နေရာများတွင် ပရဟိတလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံသို့ Logos Hope သင်္ဘောကြီး လာရောက်ခဲ့ခြင်းနှင့် ပတ်သက်၍ စီစဉ်ခဲ့သူ Operation Mobilization ၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာဂိုချင်ဇမ်းက "သင်္ဘောပေါ်မှာက စာအုပ်မျိုးစုံ ငါးထောင်ကျော်ပါပါတယ်။ ၃ ရက်နေ့ကစပြီး ၁၄ ရက်နေ့အထိ နံနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ စာပေချစ်သူ အများပြည်သူတွေ အခမဲ့လာရောက်ကြည့်ရှုပြီး ဝယ်ယူနိုင်အောင် ဖွင့်လှစ်ပေးသွားမှာပါ။ တနင်္ဂနွေတစ်ရက်တည်းသာ မွန်းလွဲ ၁နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမှာပါ။ စာအုပ်တွေကိုလည်းအများပြည်သူ အလွယ်တကူ ဝယ်ယူနိုင်အောင် မြန်မာငွေနဲ့ ရောင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အစာပြေစားနိုင်အောင် ရေခဲမုန့်နဲ့ အခြားအစားအသောက်တွေကို ရောင်းချပေးသွားမှာပါ။ နောက်လာရောက်တဲ့သူတွေ စိတ်အပန်းဖြေနိုင်အောင် သင်္ဘောကုန်းပတ်တွေကို လေ့လာလို့ရအောင် ဖွင့်ပေးထားမှာ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ယင်းကမ္ဘာ့အကြီးဆုံး စာအုပ်သင်္ဘောကြီးသည် ကမ္ဘာ့နိုင်ငံအနှံ့သို့ လှည့်လည်သွားလာကာ စာအုပ်များကိုရောင်းချပြီး ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရပြီး ယခုအခါတွင် အာရှတိုက်ဒေသ ခရီးစဉ်အတွင်း မလေးရှားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောကြီး လာရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ Logos Hope ၏ မန်နေဂျင်းဒါရိုက်တာ Mr. Ronald Lappin က "ကျွန်တော်တို့ Logos Hope အနေနဲ့ ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံအတွက် တတိယအကြိမ်မြောက်ခရီးစဉ်ပါ။ ပထမ ၁၉၉၈ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၀၂ ခုနှစ်မှာ တစ်ကြိမ် Logos Hope သင်္ဘောဟောင်း Doulos နဲ့ လာဖူးပါတယ်။ အခုကတော့ ဆယ့်လေးနှစ်အကြာမှာ ကမ္ဘာ့အကြီးဆုံး သင်္ဘောနဲ့ ပထမဆုံးအကြိမ် လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီသင်္ဘောပေါ်မှာ နိုင်ငံပေါင်း ၆၈ နိုင်ငံကအခကြေးငွေမယူဘဲ စေတနာနဲ့ လုပ်ကိုင်ပေးတဲ့ဝန်ထမ်း လေးရာကျော်ပါ ပါတယ်။ သူတို့က သင်္ဘောပေါ်မှာ နှစ်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ကြတာပါ။ သူတို့အနေနဲ့ သင်္ဘောပေါ်က တာဝန်တွေကို ဆောင်ရွက်သလို ရောက်တဲ့နိုင်ငံတွေမှာမိတ်ဆွေဖွဲ့ပြီး ပရဟိတအလုပ်တွေလုပ်ကြပါတယ်။ အခု မြန်မာနိုင်ငံမှာလည်း လုပ်လို့အဆင်ပြေမယ့်နေရာတွေမှာ ပရဟိတလုပ်ငန်းတွေ လုပ်သွားကြမှာပါ"ဟု ပြောသည်။

Logos Hope သည် ဂျာမနီနိုင်ငံတွင် မှတ်ပုံတင်ထားသည့် နိုင်ငံတကာ စေတနာရှင်အဖွဲ့ကြီးဖြစ်ပြီး ၁၉၇၀ ခုနှစ်မှ စတင်ကာ နိုင်ငံပေါင်း ၁၆၀ မှ လူဦးရေ ၄၄ သန်းကို ၎င်းတို့၏သင်္ဘောပေါ်သို့ လက်ကမ်းကြိုဆိုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

# ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် ပွဲတော်အထိမ်းအမှတ် သရုပ်ဆောင်ပြိုင်ပွဲကျင်းပမည်

**တောင်ငူ အောက်တိုဘာ ၂**

ကေတုမတီ (တောင်ငူ)မြို့ရှိ ရွက်ပုန်းသီးသရုပ်ဆောင် အနုပညာရှင် မျိုးဆက်သစ်လူငယ်များအား ဖော်ထုတ်ရေးအတွက် ကေတုမတီ သမိုင်းဇာတ်ဝင်ခန်း သရုပ်ဆောင်ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် တောင်ငူမြို့ ဘုရင့်နောင်ခန်းမ တော်ဝင်ကေတုမတီဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

သရုပ်ဆောင်ပြိုင်ပွဲတွင် အသက် (၁၅ နှစ်)မှ (၃၀ နှစ်) အတွင်း အမျိုးသား အမျိုးသမီးသတ်မှတ်ထားပြီး ကေတုမတီ(တောင်ငူ) သမိုင်းဇာတ်ဝင်ခန်းများကို ကျရာဇာတ်ရုပ်နေရာတွင် သရုပ်ဆောင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သက်ဆိုင်ရာများ၏ ထောက်ခံချက်နှင့်အတူ အောက်တိုဘာ ၄ ရက်မှစ၍ ၁၁ ရက် နောက်ဆုံးထားကာ ဗိုလ်မှူး ဖိုးကွန်းလမ်း ကြက်မင်းညီနောင်တော်ဝင် ကေတုမတီဟိုတယ်၌ ယှဉ်ပြိုင်မည့်သူကိုယ်တိုင်လာရောက်၍ လျှောက်လွှာများ ဖြည့်စွက်ရပါမည်။ အောက်တိုဘာ ၁၄ ရက်တွင် ဇာတ်ကောင်ရွေးချယ်ခြင်း၊ ဇာတ်ညွှန်းထုတ်ယူခြင်း၊ ပြိုင်ပွဲအဖွဲ့ငယ်များ ဖွဲ့စည်းခြင်းများ ပြုလုပ်ပြီး အောက်တိုဘာ ၁၈ ရက်တွင် သရုပ်ဆောင်ပြိုင်ပွဲကို ယှဉ်ပြိုင်စေမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထူးချွန်စွာ ရွေးချယ်ခံရပါက ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် အထိမ်းအမှတ်အဖြစ် ထုတ်ဝေဖြန့်ချိပြီး မီဒီယာများတွင် ထုတ်လုပ်ပြသမည့် သမိုင်းဇာတ်ဝင်တေးသီချင်း ၁၀ ပုဒ်ပါ ဗွီဒီယိုအခွေတွင် ပါဝင်သရုပ်ဆောင်ရိုက်ကူးခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# အောက်တိုဘာ ၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၂၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၆၅ မှ ၂၅၀၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၀၀ မှ ၁၄၅၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၇၀ |
| ၁၁ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၃၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၀ မှ ၈၇၀ |
| ၁၃ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၂၀၀ မှ ၄၀၀၀ |
| ၁၄ | သြဇာသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၈၀၀ မှ ၄၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ ကာကွယ်ရေးအသင်း တံခွန်စိုက်ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂**

(၆)ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒိုတံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြပြီး အမျိုးသား အမျိုးသမီးတစ်ဦးချင်း၊ အသင်းလိုက် "ခတ"၊ အမျိုးသား အမျိုးသမီး အသင်းလိုက် Kihon Waza၊ အမျိုးသား အမျိုးသမီး တစ်ဦးချင်း Kihon Waza Heian Tekki Shondan၊ WKF Lndikate၊ အမျိုးသမီး -၅၀၊ -၅၅၊ -၆၁၊ - ၆၈ ကီလို "ကုမိတဲ့"၊ အမျိုးသား -၆၀၊ -၆၇၊ -၇၅၊ -၈၄၊ + ၈၄ ကီလို "ကုမိတဲ့" ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော အားကစားသမားများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi က တံခွန်စိုက်ဆုရရှိသွားသော ကာကွယ်ရေးအသင်းအား ဆုများ ချီးမြှင့်ခဲ့သည်။ (ယာပုံ)

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ပရိသတ်အကြိုက် နာမည်ရ မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)မှ စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲ ခြောက်ကြိမ်မြောက်အထိ ပရိသတ်အကြိုက် နာမည်ရ လက်ဝှေ့သမားကောင်းအဆင့်ရှိ ရွှေဖားစည်၊ ကောင်းကောင်း၊ ရာမာန်၊ ရန်တိုင်းကျော်၊ ဒိုးလေး၊ ကျားဘဟိန်း၊ ထယ်ကြီး၊ လွှမ်းချိုင်းတို့ ထွက်ပေါ်လာပါတယ်။ သုံးချီပွဲမှာ လက်စွမ်းပြလာနိုင်တဲ့ လက်ဝှေ့သမားတွေကို တစ်ဆင့်တက်ပြီး လေးချီပွဲတွေ တင်ပေးရပါတယ်။

"ဒီလို တစ်ဆင့်ပြီးတစ်ဆင့် တင်ပေးမှ ပထမတန်းလက်ဝှေ့သမားများ ထွက်ပေါ်လာမှာပါ။ မျိုးဆက်သစ်လက်ဝှေ့ပွဲကြောင့် ယခင်လက်ဝှေ့ကလပ် ၁၈ ခုရှိခဲ့ရာ ယခုဆိုရင် ကလပ်ပေါင်း ၃၀ ရှိခဲ့ပါတယ်။ မြန်မာမီဒီယာဂရု(ပ်)က ပွဲတိုင်း ကလပ်များကို တစ်နှစ်စာဆန်ဖိုး ထောက်ပံ့ခဲ့ပါတယ်။ ကလပ်တွေ တည်ထောင်မယ်ဆိုရင်လည်း အဖွဲ့ချုပ်က အသိအမှတ်ပြုကလပ်များ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သုံးချီစိန်ခေါ်ပွဲတွင် အောင်နေဦး(ဒို့ရိုးရာ)နှင့် ကျော်စွာဝင်း(မန္တလေးယူနိုက်တက်)၊ စိန်ကျော်စိုးဟန်(ရွှေဒေါ်ပုံ)နှင့် ကျော်ကျော်နိုင်(ရွှေဖူး)၊ သပြေအောင်(ရွှေသောင်ရင်း)နှင့် ကျော်နိုင်ထွန်း(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)၊ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် မင်းထက်အောင်(ဒို့ရိုးရာ)၊ ကောင်းကောင်း(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)နှင့် ရန်တိုင်းကျော် (အလင်းရောင်)၊ လေးချီပွဲတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ရွှေဖားစည်(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)၊ ဖူးသစ်(မြိုင်ကလေးဘီလပ်မြေစက်ရုံ) နှင့် ကျော်ဇင်(ရွှေသောင်ရင်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ ပရိသတ်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

သရေကစားခဲ့သလို ယခုပွဲတွင်လည်း သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ နိုင်ပွဲဆက်ရေးအတွက် ကြိုးစားအားထုတ်မှု အပြည့်ဖြင့် ကြိုးပမ်းခဲ့သော်လည်း ဂိုးမရရှိခဲ့၍ နိုင်ပွဲပျောက်ခဲ့ရပြီး ခြေစစ်ပွဲ အောင်မြင်ရန် လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းရတော့မည်။

မြန်မာအသင်းမှာ ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲထွက်လူစာရင်းမှ ရွှေကိုနေရာတွင် ဈာနေရသူကို ပြောင်းလဲခဲ့ပြီး ကျန်နေရာများတွင် ယခင်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ခြေအသာဖြင့်ဖိကစားနိုင်ခဲ့သော်လည်း တီမောအသင်းက ဂိုးရနိုင်သည့် အခွင့်အရေးပိုရခဲ့သည်။ မိနစ် ၂၀ တွင် ခရုစ်၏ ခေါင်းတိုက်ဂိုးလူကျွံဘောဖြစ်နေသလို မိနစ် ၄၀ တွင် ဝေါ်လ်တာ၏ အပိုင်ကန်ချက်မှာလည်း လွဲချော်ခဲ့၍ တီမောအသင်း နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်းမှ အောင်မိုးသူ၏ ခေါင်းတိုက်ချက် လွဲချော်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက တစ်ဖက်သတ်ဖိကစားသွားပြီး ဂိုးသွင်းခွင့် အမြောက်အမြားရရှိခဲ့သည့် မြန်မာအသင်းမှာ ဂိုးကံခေမှု၊ အဆုံးသတ် အားနည်းမှုနှင့်အတူ အဖိုးတန် အနိုင်သုံးမှတ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ၆၃ မိနစ်တွင် ထူးခန့်လွင်၏ကန်ချက် ဘားထိထွက်ခဲ့သလို ၆၇ မိနစ်၌ စစ်မင်း၏ ပယ်နယ်တီ ဧရိယာအစပ်မှ ကန်သွင်းမှုမှာလည်း တိုင်ထိထွက်ခဲ့၍ မြန်မာအသင်း နစ်နာခဲ့ရသည်။ ဂိုးသွင်းခွင့်များကို အသုံးမချနိုင်ခဲ့သည့် မြန်မာအသင်းမှာ ပွဲပြီးခါနီး၌ အကောင်းဆုံး အခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။ ပြစ်ဒဏ်ဘောကို တိုက်ရိုက်မကန်ဘဲ အောင်ဇင်ဖြိုးကို ခင်းပေးသော်လည်း အသုံးမချနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမပွဲတွင် ဗီယက်နမ်က ဘရူနိုင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်မှာ အနိုင်ဂိုးများကို ပထမပိုင်းကတည်းက သွင်းယူခဲ့ပြီး နှစ်မိနစ်နှင့် ၄၅ မိနစ်တွင် ဟိုမင်ဒီ၊ ၂၄ မိနစ်တွင် လမ်ထရန်း၊ ၃၃ မိနစ်တွင် ထရန်ဒူခန်၊ ၃၅ မိနစ်တွင် ဖန်ထရန်ဟွာတို့က သွင်းယူပေးခဲ့သည်။

❊ *ကျောဖုံးမှ*

နှစ်သင်းစလုံး လူစားလဲမှုများနှင့်အတူ တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း နိုင်ဂိုးမရရှိဘဲ ပွဲပြီးချိန်တွင် သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ရှာဘင်ကာဇန်နှင့် ဘော်ဒိုးပွဲမှာ သရေပွဲဖြစ်ခဲ့သည်။

**ယူရိုပါလိဂ်အခြားအုပ်စုပွဲစဉ် ရလဒ်များ**

| | | |
|---|---|---|
| **အုပ်စု (A)** | | |
| ဆဲလ်တစ် | ၂-၂ | ဖီနာဘာချီ |
| မိုလ်ဒီ | ၁-၁ | အိုင်းရစ် |
| **အုပ်စု (C)** | | |
| ခရက်နိုဒါ | ၂-၁ | ကာဘာလာ |
| PAOK | ၁-၁ | ဒေါ့မွန် |
| **အုပ်စု (D)** | | |
| ကလပ်ဘရူ | ၁-၃ | မစ်ဂျယ်လန်း |
| လီဂီယာ | ၀-၂ | နာပိုလီ |
| **အုပ်စု (E)** | | |
| ဗိုင်နမိုမင့်ခ် | ၀-၁ | ရက်ပစ်ဝီအန် |
| ဗီလာရီးရဲ | ၁-၀ | ပါလ်ဇန် |
| **အုပ်စု (F)** | | |
| မာဆေး | ၀-၁ | လစ်ဘာရေ့စ် |
| ဘရာဂါ | ၁-၀ | ဂရိုနင်ဂျန် |
| **အုပ်စု (G)** | | |
| ရိုစင်ဘော့ | ၀-၁ | ဒီနီပရို |
| လာဇီယို | ၃-၂ | စိန့်အက်တီယန် |
| **အုပ်စု (H)** | | |
| ဘက်ဆစ်တပ် | ၁-၁ | စပို့တင်း |
| လိုကိုမိုးတစ် | ၂-၀ | စကန်ဒါဘူး |
| **အုပ်စု (I)** | | |
| ဘယ်လီနန်ဆက် | ၀-၄ | ဖီအို |
| ဘေဆယ် | ၂-၀ | လက်ချ်ပေါ့နန် |
| **အုပ်စု (J)** | | |
| ကာရာဘက် | ၁-၀ | အန်ဒါလက်ချ် |
| မိုနာကို | ၁-၁ | စပါး |
| **အုပ်စု (K)** | | |
| စပါတာပရက် | ၂-၀ | အေပိုးလ် |
| ရှော်လ်ကေး | ၄-၀ | ထရီပိုလစ် |
| **အုပ်စု (L)** | | |
| အော့စ်ဘတ် | ၁-၃ | ပါတီဇန် |
| အယ်ခမာ | ၂-၁ | ဘီလ်ဘာအို |

■ **သီဟ-ရေးသည်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

စဉ့်ကိုင်မြို့တွင် ၂ ဒသမ ၉၈ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ဖလမ်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် ဖြူးမြို့တွင် ၁ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)


**ပြည့်ကျော်** စာသင်ဝိုင်း
၁၀တန်း ၁၀ဦး ၅လပြတ် အထူးသီးသန့်ဖွင့်ပြီ - ကျောင်းသားလက်ခံပြီ
၂၀၁၆ - ၂၀၁၇ စာသင်နှစ်အတွက် ၉တန်း ၁၀တန်း ကျောင်းသားသစ်လက်ခံပြီ
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉ ၂၅၉ ၂၈၆၇၂၇၊ ၀၉ ၂၅၀၀၀၈၉၆၀

**အမည်မှန်**
ဇန်းမော်မြို့ အနောက်သာစည်ရပ်ကွက်နေ ဦးစိန်ထွန်း၏သား တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မောင်နိုင်ဝင်းအောင်၏ အမည်မှန်မှာ မောင်ညဏ်ပိုင်ထွန်း ဖြစ်ပါသည်။ **မောင်ညဏ်ပိုင်ထွန်း**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အောက်တိုဘာ (၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံတန်းမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း (က) တွင် ပညာသင်ကြားနေသော မောင်အောင်ရဲကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စန်း ဖြစ်ပါသည်။ **ဦးမောင်မောင်စန်း ၇/လပတ(နိုင်)၀၁၁၀၈၁**

**မိခင်အမည်မှန်**
ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ မြသီတာ အထကနေ မချစ်စန်းဖြူ တက္ကသိုလ်ဝင်တန်း(B)၊ မောင်ဆုရဲသစ် တတိယတန်း (A)တို့၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးသဲမွန်-ဒေါ်သန်းဌေးဝင်း ဖြစ်ပါသည်။

**မိခင်အမည်မှန်**
ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ အထကခွဲ မိုင်းခတ်ကျောင်း ဆဋ္ဌမတန်းမှ မသူဇာမြင့်၊ အဋ္ဌမတန်းမှ မဖြူသဇင်ဝင်း၊ တက္ကသိုလ်ဝင်တန်းမှ မစံပယ်ဖြူတို့၏ မိခင်အမည်မှန်မှာ ဒေါ်အဲဖြူ ဖြစ်ပါသည်။ **ဒေါ်အဲဖြူ မိုးမောက်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8L-4163 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

**ဖခင်အမည်မှန်**
မြင်းခြံမြို့၊ အထက (၁)တက္ကသိုလ်ဝင်တန်း(စ)မှ မောင်ဟိန်းမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးချော ၉/မခန(နိုင်)၁၂၁၇၆၅ ဖြစ်ပါကြောင်း။ **ဦးချော**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မြင်းခြံမြို့နယ်၊ ငါ့နန်းကျေးရွာနေ ဦးချစ်တင်၏သမီး မဆာမိ ၉/မခန(နိုင်)၁၂၈၀၁၂ နှင့် မစန်းစန်းမြသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် ဦးသောင်းရွှေ၏ သမီး မနယဉ်ခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၁၉၉၀ ဖြစ်ပါကြောင်း။ **မနယဉ်ခိုင် ၁၂/ရပသ(နိုင်)၀၆၇၃၃၉**

**ပျောက်ဆုံး**
ကျွန်မ မဇာခြည်သိမ့် ၈/တတက(နိုင်)၁၄၈၀၁၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၉၀၈၇၃၇**

**ဖခင် အမည်မှန်**
ဇန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်သောင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆိုင် ၁/မစန(နိုင်)၀၂၅၄၁၁ဖြစ်ပါကြောင်း။ **ဦးမောင်ဆိုင်(လွယ်ဂျယ်မြို့) ၁/မစန(နိုင်)၀၂၅၄၁၁**

**အများသိစေရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၃ ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၇၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးအေးသောင်း အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေအနက်မှ ပေ(၂၀×၆၀)အကျယ်ရှိ မြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၂၅-၉-၂၀၁၅ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေခဲ့ပြီး ၂၉-၉-၂၀၁၅ရက်တွင် ကျန်ငွေအားလုံးကို ပေးချေပြီးဖြစ်ပါ၍ ယင်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းသာ အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်သူ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မြင့်** LL.B, BDS(MOFA) **အထက်တန်းရှေ့နေ (စဉ်-၃၅၆၇၇) အမှတ် ၇၃၉၊ ချယ်ရီလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း**
**ဒေါ်တင်မိုးခိုင်** LL.B,D.B.L **အထက်တန်းရှေ့နေ (စဉ်-၄၆၂၇၁) အမှတ် ၃၊ မြိုင်သာယာလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း**

**ဖခင်အမည်မှန်**
ကျိုက်မရောမြို့နယ်၊ လှိုင်ကမိန်ကျေးရွာ၊ မော်လမြိုင်တက္ကသိုလ်၊ ဒုတိယနှစ် (ဓာတုဗေဒ)မှ မဝါဝါထွန်း၏ဖခင်အမည်မှန်မှာ ဦးကောင်းရွှေ ၁၀/ကမရ(နိုင်) ၀၃၂၉၀၈ ဖြစ်ပါကြောင်း။ **ဦးကောင်းရွှေ**

**အမည်မှန်**
ဦးသန်းကျော်ထွေး၏သမီး ပဲခူးတိုင်းဒေသကြီး (အနောက်) လက်ပံတန်းမြို့ အထက(၃) နဝမတန်း(က)မှ နော်ရှိုင်းနင်းမွန်း၏ အမည်မှန်မှာ နော်ရှိုင်းနီးမွန်း ဖြစ်ပါသည်။ **နော်ရှိုင်းနီးမွန်း**

**မြေဂရန်အမည်ပြောင်းခြင်းကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း**
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရချို ၁/ရကန(နိုင်)၀၀၀၀၁၈ ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်တွင် နေထိုင်သူသည် ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ မင်းကုန်းရပ်ရှိ အကွက်(၈)၊ ဦးပိုင်အမှတ် ၆၂ နေရာရှိ မြေနှင့်အိမ်အား ဂရန်အမည်ပေါက်သူ အဘိုးဖြစ်သူ ဦးညိုမြနှင့် ၎င်း၏သမီး ဒေါ်ခင်အုန်းတို့ထံမှ အမွေဆက်ခံသူဖြစ်ပြီး အထက်ပါမြေနေရာတွင် နှစ်ပေါင်း ၄၀ ခန့် လက်ရှိနေထိုင်သူဖြစ်ပါသည်။ ယခုအခါတွင် ဦးအောင်သူရချိုသည် အထက်ပါမြေနေရာ၏ မြေဂရန်အမည်အား မိမိ၏အမည်ဖြင့် ပြောင်းလဲလျှောက်ထားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေဂရန်အမည်ပြောင်းခြင်းအား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၅၈)**
**အမှတ်(၁)ရပ်ကွက်၊ ရွှေကူမြို့၊ ဖုန်း-၀၉-၄၀၀၀၃၈၆၁၃**

**မိဘအမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ ပြင်စလူမြို့နယ်ခွဲ ကုက္ကိုလ်အုပ်စု၊ ကညွတ်ကွင်းကျေးရွာ အခြေခံပညာ အလက(ခွဲ) တတိယတန်းမှ မချိုမီကို၊ ပထမတန်းမှ မောင်အောင်ဘုန်းသန့်တို့၏ မိဘအမည်မှန်မှာ ဦးမြင့်ဇော် ၁၄/ပစလ(နိုင်)၀၂၅၈၃၀၊ ဒေါ်မြတ်လေးမွန် ၁၄/လပတ (နိုင်) ၁၃၇၀၃၇ ဖြစ်ပါသည်။ **(ဦးမြင့်ဇော်-ဒေါ်မြတ်လေးမွန်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် CC/3060 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ပုဂံမြို့က အနုသုခုမပညာ ရုပ်သေးအကအလှ မြင်ကွင်း

သတင်းဆောင်းပါး-မြင့်မောင်စိုး

ဓာတ်ပုံ-သက္က

**ရုပ်သေးအကများ လူထုမြင်ကွင်းမှ ကွယ်ပျောက်သွားသည်မှာ နှစ်ပေါင်း သုံးလေးဆယ်ခန့် ရှိလိမ့်မည်ဟုထင်မိပါသည်။ ငယ်စဉ်က ရုပ်သေးပွဲကို တစ်ခါသာကြည့်ခဲ့ဖူးပါသည်။ မြန်မာ့ရုပ်သေးအက ကွယ်ပျောက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာညောင်းခဲ့ပြီဖြစ်ပါသည်။ အနုပညာတစ်ရပ်သည် တင်ဆက်သူနှင့် ကြည့်ရှုသူတို့အကြား သဟဇာတမျှတနေမှသာလျှင် ရေရှည်ရှင်သန် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကြည့်ရှုအားပေးသူရှိမှသာတင်ဆက်မှုများလည်း စဉ်ဆက်မပြတ် တိုးတက်ရှင်သန်နေမည်ဖြစ်ပါသည်။ သို့မဟုတ်ချေက ကွယ်ပျောက်သွားနိုင်မည်ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်လွန်ကာလများတွင် ဇာတ်သဘင် အကများတိုးတက်လာပြီးနောက် ရုပ်သေးသည်လည်း တိမ်ကောရမှ တိမ်မြုပ်၊ တိမ်မြုပ်ရာမှ ကွယ်ပျောက်သည့်အနေအထားသို့ ရောက်ခဲ့ရပါသည်။**



သို့သော်ရုပ်သေးအကသည် နေရာတိုင်း၌ ကွယ်ပျောက်သည် မဟုတ်ပေ။ ကြည့်ရှုအားပေးသူနှင့် တင်ဆက်သူတို့အကြားအကန့်အသတ်ဖြင့်ရှင်သန်နေဆဲဖြစ်သည်ကို တွေ့မြင်နေရဆဲဖြစ်ပါသည်။ ရုပ်သေး မျိုးဆက်များ ရှင်သန်လှုပ်ရှားနေဆဲဖြစ်ပါသည်။

တစ်နေ့ပုဂံမြို့တွင် ရုပ်သေးအကဖြင့် ဖျော်ဖြေအသုံးတော်ခံနေသောနာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်သို့ရောက်ခဲ့သည်။ စားသောက်ဆိုင်ဟုဆိုသော်လည်း ပုဂံခေတ်မုခ်ဦးအပြင်အဆင်များနှင့် ခြယ်မှုန်းထားသည်ကို တွေ့ရပါသည်။ အဝင်ဝတွင် ပုဂံခေတ် ဝတ်စုံများ ဝတ်ဆင်ထားသော မိန်းမပျိုလေးများက ဝင်လာသူအပေါင်းကို မင်္ဂလာပါဟူ၍ ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်သည်ကို လည်းသတိပြုမိပါသည်။

အဝင်ပေါက်မုခ်ဦးကိုကျော်လွန်ကာ ဝင်ရောက်သွားသည်ဆိုလျှင်ပင် ဗုံသံဆိုင်းသံတီးမှုတ်သီဆိုသံများကြားရပြီး ပွဲခင်းကြီးတမျှ ရုပ်သေးပွဲကြည့်ရင်း စားမြိန်သောက်ဖွယ်များ သုံးဆောင်နေသော နိုင်ငံခြားသားများကို တွေ့ရပါသည်။ နိုင်ငံခြားသားများ အရသာရှိသော စားမြိန်သောက်ဖွယ်များ သုံးဆောင်ရင်း မြန်မာ့ယဉ်ကျေးမှုအနုပညာရုပ်သေးအက၏ ရသကို ကောင်းစွာခံစားနေကြဟန်တူ၏။ ရုပ်သေးဇာတ်စင်မှာ အလွန်ကြီးမားသော ဇာတ်ပွဲကြီးမဟုတ်သော်လည်း ရုပ်သေးကပွဲကို ကောင်းစွာ ကပြအသုံးတော်ခံနိုင်အောင် စီစဉ်ထားပါသည်။ ရုပ်သေးဇာတ်စင်ကြီးနှင့် ဘေးချင်းယှဉ်လျက် မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးကိုတွေ့ရပြီး ဆိုင်းပညာရှင်များက မြန်မာလို ဝတ်ဆင်ပြီး မောင့်ကျက်သရေခေါင်းပေါင်းများဖြင့် ရုပ်သေးကပွဲအတွက် အကောင်းဆုံးသီဆိုတီးမှုတ်ဖျော်ဖြေပေးလျက်ရှိပါသည်။

တစ်ခါတစ်ရံ ပွဲခင်းအတွင်း စားသောက်နေသော နိုင်ငံခြားသားများက ဩဘာလက်ခုပ်သံများဖြင့် ရုပ်သေးအကကို နှစ်ခြိုက်စွာ အားပေးနေသည်ကိုလည်း တွေ့ရပါသည်။ ရုပ်သေးပွဲကို လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံရိုက်သူရိုက်၊ ဗီဒီယိုရိုက်သူကရိုက်၊ ပရော်ဖက်ရှင်နယ် ကင်မရာများဖြင့် ရိုက်သူများက ရိုက်ဖြင့် ရုပ်သေးပွဲခင်းသည် ရသမြောက်စွာ သက်ဝင်လှုပ်ရှား စည်ကားလှသည်ကို တွေ့ရသည်။

ဤတွင် မြန်မာ့ရုပ်သေးကို မြန်မာပြည်တွင် တိမ်ကောကွယ်ပျောက်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံခြားသားများက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် နှစ်သက်ခုံမင်စွာ အားပေးနေဆဲဖြစ်သည်ကို သတိပြုမိပါသည်။ ထိုစားသောက်ဆိုင်ကြီးအတွင်း ရုပ်သေးစင်နှင့် ခင်းကျင်းပြင်ဆင်ထားသော စားသောက်နေရာ နှစ်နေရာ၊ သုံးနေရာ တွေ့ရသည်။ ပုဂံဒေသသို့ လာရောက်သော နိုင်ငံခြားသားများအား ရုပ်သေးအကဖြင့် ညစာတည်ခင်းသော အဓိက နေရာဖြစ်ဟန်တူပါသည်။

ရုပ်သေးပညာရှင် ကိုစိန်မြင့်အောင်က “ ကျွန်တော် ပုဂံမှာ ရုပ်သေးကတာ ၁၂ နှစ်သားကတည်းကပါ။ ရုပ်သေးကတာ အနှစ် ၂၀ ကျော်သွားပါပြီ။ ရုပ်သေးအက ကွယ်ပျောက်သွားတာ အင်္ဂလိပ်ခေတ်ပြီးကတည်းကပါ။ ဒီရုပ်သေးအကက အပြင်မှာ ကတာ မရှိတော့ပါဘူး။ နိုင်ငံခြားသားတွေက ကြည့်ချင်တယ်ဆိုပြီး စီစဉ်သူတွေ ရှိမှ ကပြနိုင်တာပါ။ ကျွန်တော်က ရုပ်သေးလည်းလုပ်တယ်၊ ရုပ်သေးလည်းကတယ်၊ မျိုးဆက်သစ်တွေကိုလည်း လက်ဆင့်ကမ်းပေးပါတယ်။ ကျွန်တော်က ပုဂံမှာ ကတယ်၊ ကျွန်တော့် သမီးနဲ့ သားက ငပလီသံတွဲမှာ ကတယ်၊ အဘက သူ့ပညာကို ပျောက်တာပျောက် မတိမ်ကောရအောင်ဆိုပြီး အငတ်ခံပြီး ရုပ်သေးကိုကခဲ့တာ။ ကျွန်တော်တို့လည်း အဘပေးခဲ့တဲ့အမွေဆိုတော့ ဆက်ကနေတာပါ။ ကျွန်တော်တို့ရဲ့ ရိုးရာ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အမွေအနှစ် ဘယ်တော့မှ မပျောက်ကွယ်စေရဘူးဆိုတဲ့ ဆန္ဒနဲ့ ယနေ့ရုပ်သေးကို ကနေတာပါ။ ရုပ်သေးကို ခုလည်း ကဦးမှာ နောက်လည်း ဆက်ကနေဦးမှာပါ” ဟု ဇော်ဂျီပုံ ဆရာလှ၏ မြေးဖြစ်သူက ပြောသည်။

အမြင့်သဘင်ဟုခေါ်သည့် ရုပ်သေးအကပညာကို နိုင်ငံခြားသားများအကြိုက် တီထွင်ဆန်းသစ်ကပြအသုံးတော်ခံမှုနှင့် ရုပ်သေးပညာသည် ခက်ခဲနက်နဲသော ပညာတစ်ရပ်ဖြစ်ကြောင်းကိုစိန်မြင့်အောင်က ဆက်လက်ရှင်းပြသည်။

“ရုပ်သေးအကကို ကချင်တိုင်းကလို့ မရပါဘူး။ ရှေးရှေးက ရုပ်သေးပညာရှင်တွေထားရှိခဲ့တဲ့ သမားစဉ်အတိုင်း ကရတာပါ။ ရှေးရှေးရုပ်သေးအကကို ကမ္ဘာပျက်၊ ကမ္ဘာဝေပြီး ကမ္ဘာကြီး ဖြစ်ပေါ်လာတဲ့အတိုင်း ကပြတာဖြစ်ပါတယ်။ ကမ္ဘာကြီးဟာ ဦးစွာပထမရေမြေတောတောင်တွေ၊ ရှုခင်းတွေပေါ်ပေါက်လာတယ်။ ဒီနောက်တိရစ္ဆာန်တွေ ပေါ်ပေါက်လာတယ်။ ရုပ်သေးမှာလည်း ဒီလိုပါပဲ ခုနှစ်ထွေအကဆိုတာရှိတယ်။ အပျိုတော်အက၊ မြင်းအက၊ ဘီလူးအက၊ ဇော်အက၊ ဝံအကနဲ့ သူငယ်တော်အကဆိုပြီး ကရပါတယ်။ ဒီနောက်မှကိုယ်တီထွင်ထားတဲ့ ခုနစ်ထွေအကအပြင် နိုင်ငံခြားသားတွေအကြိုက် ၁၂ ထွေ အကအထိကပြပါတယ်။ ဦးရွှေရိုးဒေါ်မိုးအက၊ ကရင်ဒုံးယိမ်း အက၊ ရှမ်းအက၊ နတ်ဆိုလည်းကိုကြီးကျော်နတ်အကစတဲ့နိုင်ငံခြားသားတွေ နှစ်ခြိုက်မယ့် ကကွက်တွေကို တီထွင်ကပြရပါတယ်၊ နိုင်ငံခြားသားတွေက ကျွန်တော်ကို ပြောတယ်။ ဒီပညာကို သင်ချင်တယ်၊ သင်ကြည့်တယ် မလွယ်ဘူးလို့ ပြောတယ်”ဟု ရုပ်သေးပညာရှင် ကိုစိန်မြင့်အောင်က ဆက်လက်ရှင်းပြသည်။

မြန်မာ့ယဉ်ကျေးမှုသုခုမအနုပညာတစ်ရပ်ဖြစ်သော ရုပ်သေးအက သဘင်ပညာသည် ရှေးမြန်မာဘုရင်များ လက်ထက်က အထူးအားပေးချီးမြှင့် မြှောက်စားခြင်းခံရသော်လည်း ယခုခေတ်တွင်မူကား မြှောက်စားအားပေးမှု မရှိတော့သဖြင့် တဖြည်းဖြည်းမေးမှိန်ကာ တိမ်ကောပပျောက်လုမတတ်ဖြစ်၍နေပေပြီ။ ရုပ်သေးအက ရုပ်သေးသဘင်သည် မြန်မာ့ယဉ်ကျေးမှု အပြည့်အဝပါရှိသဖြင့် တိမ်ကောပပျောက်၍ သွားရန် မသင့်၊ ထိန်းသိမ်းစောင့်ရှောက်အားပေးချီးမြှောက်သင့်လှပေသည်။ ရုပ်သေးအက ဦးစွာပထမ တီထွင်ရခြင်းမှာ မင်းသမီး၊ မင်းသားလူသား အချင်းချင်း တေးသီချင်း၊ ဂီတသံဖြင့် ခါးဖက်လက်တင်ယှဉ်တွဲ၍ပင် မကဝံ့ကြ၊ ကြည့်ရှုသူများကလည်း အရှက်အကြောက် အားကြီးကြသဖြင့် မကြည့်ဝံ့ကြဖြစ်နေသော အချိန်ကအရုပ်လေးများ ပြုလုပ်ကာ ကြိုးစုံတပ်၍ လူ၏ သဏ္ဌာန် ဟန်ပန် အချိုးအစားများ ပြုလုပ်ကပြခဲ့သည်မှအစဖြစ်သည်။ တဖြည်းဖြည်း ပြည်သူတို့က လက်ခံကြည့်ရှုခဲ့ကြသောကြောင့် ချဲ့ထွင်လျက် ရုပ်သေးရုပ်စုံသဘင်ကို ကပြခဲ့ကြလေသည်။

ရှေးမြန်မာဘုရင်များရှိစဉ်အခါက နန်းတွင်းသူများ ပျင်းရိငြီးငွေ့ခြင်းမှ ကင်းဝေး၍ စိတ်နှလုံးရွှင်ပြုံးကြစေရန် အရုပ်များ ပြုလုပ်ကပြခြင်း၊ တေးသီချင်းဂီတများ သီဆိုတီးမှုတ်ခြင်းတို့ကို ပြုလုပ်ပေးခဲ့ရသေးသည်။ ရုပ်သေးကို ဦးစွာပထမ ကြံဆပြုလုပ်သူမှာ ကုန်းဘောင်ခေတ် အလယ်ပိုင်း ဆင်ပေါင်ဝဲရွှာဇာတိဖြစ်သော ဦးကြင်ဥဆိုသော်လည်း “ရုပ်သေးအစ ကျုံးသုံးတန်နှင့် ပုဂံက” ဟု ရှေးရှေးပညာရှိတို့က ဆိုခဲ့ကြလေသည်။

ပုဂံမှစခဲ့သည့် ရုပ်သေးသည် ယခုပုဂံတွင်ကနေဆဲဖြစ်သည်။ ပုဂံတွင် ရုပ်သေးအက ရုပ်သေးသဘင် ရှင်သန်နေဆဲဖြစ်ကြောင်း ဤမြင်ကွင်းက သက်သေထူနေပါသည်။ ရုပ်သေးအက အနုသုခမပညာရပ်ကို ထိန်းသိမ်းရာတွင် တင်ဆက်ဖျော်ဖြေသူနှင့် ကြည့်ရှုအားပေးသူတို့အကြား သဟဇာတ မျှတစွာ အားပေးနေမှသာ အစဉ်ရှင်သန်နေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေပြီဖြစ်ရာ နိုင်ငံခြားသား ခရီးသွားများအား ယခုထက်ကျယ်ကျယ်ပြန့်ပြန့် ရုပ်သေးအကပညာဖြင့် ဖျော်ဖြေမှုအစီအစဉ်များ ထည့်သွင်းဆောင်ရွက်နိုင်ကြမည်ဆိုလျှင် မြန်မာ့ရုပ်သေး အနုသုခုမပညာရပ်သည်လည်း ဆက်လက်ရှင်သန်နေဦးမည်သာ ဖြစ်ပါကြောင်း။ ။

## မင်းတုန်းမြို့နယ်နေ ပြည်သူများ ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်

**မင်းတုန်း အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်၌၂၄နာရီ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ခြောက်မိုင်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်း၊ လေးမိုင်ရှိသော ၄၀၀ဗို့ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာလေးလုံးကို ရပ်ကွက် (၄)ရပ်ကွက်တို့တွင် ထားရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၂၄၉ သန်းဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မင်းတုန်းမြို့၌ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းက ဓာတ်အားပေးစက်ဖြင့် တစ်နေ့လျှင် နှစ်နာရီသာဓာတ်အားဖြန့်ဖြူးပေးနိုင်ရာမှ တည်ဆောက်ရေးလုပ်ငန်းပြီးစီးပါကမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ပြည်သူများနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နီးစပ်သည့်ကျေးရွာ ၂၁ ရွာရှိပြည်သူများအနေဖြင့် ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးရွာ မြေငှားဂရန် ပေးအပ်ပွဲ ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်အတွင်း မြို့နယ်တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များကို မိမိတို့၏မြေပိုင်ဆိုင်ကြောင်း အထောက်အထားများ ရရှိစေရန်အတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာနောက်ဆုံးပတ်က ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျိုင်းတုံခရိုင်မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေဦးက အမှာစကားပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ကျေးရွာမြေငှားဂရန်များ ပေးအပ်ခဲ့သည်။

ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံမြို့နယ်တွင်မြေငှားဂရန်လျှောက်ထားသူ ၈၇ ဦး၊ မိုင်းယန်းမြို့နယ်တွင် မြေငှားဂရန်လျှောက်ထားသူ ၁၅၅ ဦး၊ မိုင်းခတ်မြို့နယ်တွင် မြေငှားဂရန်လျှောက်ထားသူ ၄၂ ဦးနှင့် မိုင်းပျဉ်းမြို့နယ်တွင် မြေငှားဂရန်လျှောက်ထားသူ ၆၇ ဦး စုစုပေါင်း ၃၅၁ ဦးအား မြေငှားဂရန်ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လယ်ယာသုံးစက်ကိရိယာ၊ ရေစုပ်စက်နှင့် အပေါ့စားမီးသတ်စက်များအား အခမဲ့လွှဲပြောင်းပေးအပ်

**ကသာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ အခမဲ့ထောက်ပံ့ပေးအပ် သည့် လယ်ယာသုံးစက်ကိရိယာရေစုပ်စက်နှင့် တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ပေးအပ်သော အပေါ့စားမီးသတ်စက်များအခမဲ့ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကသာမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ လယ်ယာသုံးစက်ကိရိယာရေစုပ်စက် စုစုပေါင်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀ ကို ကလုံကျေးရွာအုပ်စုနှင့် မှတ်တိုင်ကျေးရွာ အုပ်စုတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အပေါ့စားမီးသတ်စက် တစ်လုံးလျှင် ငွေကျပ် ၁၂၈၀၀၀၀ တန်ဖိုးရှိသည့် စက်လေးလုံးကို ဘွက်ကျေးရွာအုပ်စု၊ ဝက်တူးကျေးရွာအုပ်စု၊ ကူးကာကျေးရွာအုပ်စု၊ ဒိုးပင်ကျေးရွာအုပ်စုတို့ကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော အပေါ့စားမီးသတ်စက်ရရှိမှုမှာ ကသာခရိုင် အနေဖြင့် စုစုပေါင်း ၂၂ လုံးနှင့် လယ်ယာသုံးစက်ကိရိယာရေစုပ်စက်မှာ ရှစ်လုံးရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိတ္ထီလာကန်ပတ်လမ်းတွင် လမ်းမီးများထွန်းပေးသဖြင့် ဒေသခံများအဆင်ပြေလျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာမြို့ရှိ မိတ္ထီလာ(မြောက်)ကန်ကြီးကို ဆည်ဖို့ပြုပြင်ပြီးနောက် နန်းတော်ကုန်းရပ်ကွက် ကန်ပတ်လမ်းပေါင်ပေါ်တွင် ကွန်ကရစ်ခင်းကာ လမ်းမီးများထွန်းထားပေးသဖြင့် နံနက်ပိုင်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လိုသူများ အဆင်ပြေသလို ညဘက်တွင် အပန်းဖြေလိုသူများအတွက်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နန်းတော်ကုန်းကန်ပတ်လမ်းသည် အလျားပေ ၁၇၀၀၊ အကျယ် ပေ ၅၀ ရှိပြီး ကန်ပတ်လမ်းပေါ်တွင် ကန်ပေါင်လက်ရန်းများစိုက်ထူခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကျန်းမာရေးလေ့ကျင့်ရန် ပစ္စည်းများထားပေးခြင်း၊ ကလေးများကစားရန် ကစားကွင်းများထားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် နံနက်ပိုင်းတွင် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူများအတွက် အဆင်ပြေကြောင်း သိရသည်။

ထို့အပြင် နန်းတော်ကုန်းရပ်မှ ကန်အရှေ့ဘက် ဓမ္မသုခကန်ဦးစေတီအထိ ကန်ပတ်လမ်းတွင်လည်း ယခင်က လမ်းမီးများမရှိဘဲ သွားရေးလာရေး ခက်ခဲခဲ့ရာမှ ယခုအခါ ဓာတ်တိုင် ၁၃ တိုင် စိုက်ထူထားပြီး ဓာတ်တိုင်တစ်တိုင်လျှင် LED မီးချောင်းသုံးချောင်းစီ ထွန်းပေးထားသဖြင့် ကန်ပတ်လမ်းတစ်လျှောက်တွင် ထိန်ထိန်လင်းလျက်ရှိကာ ကန်ဦးဓမ္မသုခစေတီတွင်လည်း ညလုံးပေါက်မီးထွန်းညှိပူဇော်ထားသဖြင့် ညပိုင်းအချိန်များတွင် ကန်ပတ်လမ်းတစ်လျှောက် လေညင်းခံလမ်းလျှောက်သူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့ရှိ မိတ္ထီလာ(မြောက်)ကန်ကြီးမှာ တိမ်ကောနေသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ဇွန်လနှင့် ဇူလိုင်လများအတွင်း စက်ယန္တရားအစီးရေ ၄၀၀ ခန့်သုံး၍ ဆည်ဖို့ပြုပြင်ခဲ့ခြင်းဖြစ်သည်။ ကန်ပေါင်အလျားကို ပေ ၂၅၆၀၀ အထိ၊ အရှည်ကို ပေ ၅၀ အထိနှင့် အမြင့်ကို ၄၈ ပေအထိ တိုးချဲ့ခဲ့ပြီး ရေလှောင်ပမာဏကို ၃၀၀၀ ဧကပေမှ ၇၂၀၀ ဧကပေအထိ တိုးချဲ့နိုင်ခဲ့ကြောင်း သိရသည်။

ကန်ပေါင်များဖို့ခြင်းနှင့် ပြုပြင်ခြင်းအပြင် သဲနုန်းတူးဖော်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာကျောက်များစီခြင်း၊ ကန်ခြားရေတံခါး ပြုပြင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# ရဲတပ်ဖွဲ့နေ့ အခမ်းအနားများ မြို့နယ်များ၌ ကျင်းပ

**နောင်ချို**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့နေ့ရုံးရှေ့မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း ပေးပို့သော (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က ဖတ်ကြားသည်။ ထို့နောက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု၌ စက်တင်ဘာ ၄ ရက်က ရွှေ၊ ငွေ၊ အပါအဝင် ပစ္စည်း ၁၈ မျိုး တန်ဖိုးငွေကျပ် ၁၃၆ သိန်း ဖောက်ထွင်းမှု၌ ဖော်ထုတ်ဖမ်းဆီးခဲ့သော နယ်ထိန်းတပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များအား ပူးပေါင်းကူညီခဲ့သော ဒေသခံပြည်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ ဒုတိယရဲမှူး ခင်ညိုက နေအိမ်၊ လိုင်းခန်းသာယာသန့်ရှင်းမှုဆု၊ စိုက်ပျိုးရေးထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**အလုံ**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရဲတပ်ဖွဲ့၌ ကျင်းပသည့် (၅၁)နှစ်မြောက်ရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေစခန်းမှူး ဒုရဲမှူးတင်လှနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်မိသားစုများကို ဖိတ်ကြားပြီး နံနက်စာဖြင့် ဧည့်ခံခြင်း၊ တပ်ဖွဲ့ဝင်မိသားစုများအား ကံစမ်းမဲဖောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တင်မောင်ဦး(အလုံ)**

**တာမွေ**

တာမွေမြို့နယ်ရဲတပ်ဖွဲ့ ဓမ္မာရုံ၌ ကျင်းပခဲ့သည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်မြက ဖတ်ကြားပြီး ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြရဲရွေးချယ်ရာတွင် တိုင်းရဲတပ်ဖွဲ့၏ကိုယ်စားပြုရွေးချယ်ခံရသော တာမွေရဲတပ်ဖွဲ့မှ ဒုတပ်ကြပ်ကျော်နိုင်စိုးနှင့် တပ်သားနေလင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့မရဲစခန်းဓမ္မာရုံ၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်မှ ပေးပို့သော သဝဏ်လွှာကို သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဖတ်ကြားပြီး မြို့နယ်အတွင်း မှုခင်းဖော်ထုတ်မှုများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်သူများအား ဂုဏ်ပြုဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မိသားစုနေအိမ်လိုင်းခန်းများတွင် အကောင်းဆုံးသန့်ရှင်းရေးဆုရရှိသည့် တပ်ဖွဲ့ဝင်များ၏ ဇနီးများကိုလည်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ကျိုင်းတုံမြို့တော်ခန်းမ၌ ရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပစဉ်။

**ကျိုင်းတုံ**

ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်းက ဖတ်ကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အာခါတိုင်းရင်းသားရေးဝန်ကြီး ဦးပီတာသောင်းစိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမိုးမောင်သန်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်(၄)ရပ်အား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုများနှင့် အရပ်ဘက်ပုဂ္ဂိုလ်များအား ဆုများချီးမြှင့်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်ဆိပ်ကမ်းသို့ ဆန်အိတ်ဝင်ရောက်မှု များနေဆဲဖြစ်

**ရန်ကုန် စက်တင်ဘာ ၂**

မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့သို့ ရေလမ်းခရီးဖြင့် ဆန်အိတ်များတင်ပို့ရာတွင် မော်ကျွန်း-ရန်ကုန်သင်္ဘောများ၌ ဆန်အိတ်တင်ဆောင်ရမှုမှာ ယခင်ကထက် ထက်ဝက်ခန့်ကျဆင်းလာသော်လည်း ရန်ကုန်ဆိပ်ကမ်းသို့ ဆန်အိတ်ဝင်ရောက်မှုမှာ များပြားနေဆဲဖြစ်ကြောင်း သိရသည်။



စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသော ပုဂ္ဂလိက လူစီး၊ကုန်တင် နှစ်ထပ်ရေယာဉ်ကြီးလေးစင်းတွင် တင်ဆောင်လာသော ဆန်အိတ်ရေ ၁၁၀၀၀ ခန့်ရှိကြောင်း၊ မိမိရေယာဉ်တွင် ဆန်အိတ်ရေ ၃၀၀၀ ဝန်းကျင်ခန့်တင်ဆောင်ခဲ့ပြီး အခြားရေယာဉ်များတွင် ဝန်တင်မျဉ်းမြုပ်သည်အထိ ဆန်အိတ်ရေ ၄၀၀၀ ခန့် တင်ဆောင်ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

စက်တင်ဘာ ၃၀ ရက်တွင်လည်း ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော နှစ်ထပ်ရေယာဉ်ကြီးအချို့တွင် ဆန်အိတ်များ ဝန်တင်မျဉ်းမြုပ်သည်အထိ တင်ဆောင်ထားသည်ကို တွေ့ရသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဝါးခယ်မ၊ မြောင်းမြနှင့် ပုသိမ်ဒေသများမှ ရေလမ်းဖြင့် ဆန်အိတ်ရေလေးသောင်းခန့် နေ့စဉ်ဝင်ရောက်လေ့ရှိသည်။ ယခုလပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်လက်ကျန်နည်းသည်ဆိုသော်လည်း ရန်ကုန်ဈေးကွက်သို့ ရေလမ်းခရီးမှ အများအပြားဝင်ရောက်နေဆဲဖြစ်သည်ကို တွေ့ရသည်။ ယခင်က မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ဆန်အိတ် ၅၀၀၀၀ ကျော် နေ့စဉ်ဝင်ရောက်ရာမှ ယခုရက်များတွင် လေးထောင်ဝန်းကျင်သာ ဝင်ရောက်တော့ကြောင်းသတင်းမှာ ရန်ကုန်ဆိပ်ကမ်းတစ်ခုတည်းမှ ဆန်အဝင်ပမာဏနှင့် နှိုင်းယှဉ်လျှင်ပင် မဖြစ်နိုင်ကြောင်း ရေယာဉ်ကုန်တာဝန်ခံ ဦးညီက ပြောသည်။

မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ကားလမ်းဖြင့်လည်း ဆန်ဝင်ရောက်မှုရှိသော်လည်း ပုသိမ်-ရန်ကုန်ခရီးစဉ်တွင် ကားခ ဆန်တစ်အိတ် ၃၅၀ ကျပ်ခန့်ရှိသဖြင့် ကုန်ရရှိမှုနည်းကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။

ဘုရင့်နောင်ဆန်ပွဲရုံများမှ ဈေးနှုန်းများအရ ရန်ကုန်ဆန်ဈေးကွက်တွင် နှံ့ဆန် တစ်အိတ်လျှင် ၂၃၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ် ခန့်၊ ပေါ်ကျွဲ ၂၈၀၀၀ ဝန်းကျင်၊ ပေါ်ဆန်း ၃၈၀၀၀ ဝန်းကျင်ခန့်ရှိနေပြီး ဆန်ကွဲတစ်အိတ်လျှင် ၁၇၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကျနောက်စိုက်လယ်များမှလွဲ၍ မိုးစပါးများ ပျက်စီးမှုနည်းကြောင်း၊ ယခုလပိုင်းတွင် ဆန်ဈေးနှုန်းများ မြင့်တက်နေမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသများမှ မိုးစပါးစိုက်ပျိုးသူများ အကျိုးအမြတ်များနိုင်ကြောင်း ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ မိုးရွာသွန်းမှုနည်းပြီး နေသာသည့်ရက်များသဖြင့် ကောက်စောစပါးများ ရိတ်သိမ်းလျက်ရှိရာ ရန်ကုန်ဈေးကွက်သို့ မိုးဆန်သစ်များ ဝင်ရောက်မှုများလာနိုင်ကြောင်းလည်း သိရသည်။ **ခင်ဆိုင်**

# စေတနာ

**မောင်ဆွေသက်**

၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သောရွေးကောက်ပွဲဖြင့် တာဝန်ယူခဲ့သော ဦးသိန်းစိန်အစိုးရသည် ဒီမိုကရေစီဖော်ဆောင်ရန်ကြွေးကြော်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် အစစအရာရာပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားစွာ လုပ်ဆောင်ခဲ့သည်။

ယခင်တပ်မတော်အစိုးရလက်ထက်မှာ ပြည်ပဆက်ဆံရေးများ ကန့်သတ်ချက်တွေရှိနေခဲ့သမျှ လမ်းကြောင်းတွေဖွင့်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် တန်းတူရည်တူ ဆက်ဆံမှုလမ်းကြောင်းကို လျှောက်လှမ်းသည်။ ရပ်နီးရပ်ဝေး နိုင်ငံများနှင့် ကူးလူးဆက်ဆံမှုတွေ တိုးမြှင့်ပြုလုပ်သည်။

တစ်ကမ္ဘာလုံးကို တန်းတူရည်တူ ဆက်ဆံရေးတံခါးတွေဖွင့်သလို အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကိုလည်း အလေးဂရုပြုသည်။ အစိုးရချင်း ဆက်ဆံရေးတွေ တိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက်ရင်း ပြည်သူအချင်းချင်း ချစ်ကြည်မှုတိုးတက်ဖို့လည်း ဦးစားပေးသည်။

ထိုပေါ်လစီအရ အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးအတွက် မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်း Myanmar-Thai Friendship Ass-occiation ဟူသော NGO အဖွဲ့ကိုဖွဲ့စည်းပေးပြီး ကျွန်တော့်အား တာဝန်ယူစေသည်။

တကယ်တော့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဆက်ဆံရေးသည် အလွန်ကောင်းမွန်သောအခြေအနေမှာ ရှိသည်။ နှစ်နိုင်ငံအစိုးရချင်း ရင်းနှီးသလို တပ်မတော်ခေါင်းဆောင်များအချင်းချင်းလည်း ရင်းနှီးသည်။ အပြန်အလှန်ဖိတ်ကြားခြင်း၊ တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်းတို့ အရှိန်ရနေကြပြီး ဖြစ်ပေသည်။ ပြည်သူပြည်သားအချင်းချင်း နားလည်မှုရှိရှိ ရင်းနှီးကြဖို့ အရေးကြီးပေသည်။

မြန်မာအစိုးရသည် မူကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းကြောင့် ထိုင်းနိုင်ငံ၌ အစိုးရအကြီးအကဲ ပြောင်းလဲမှုရှိသောအခါမှာလည်း တန်းတူရည်တူဆက်ဆံရေးမူကိုအခြေခံလျက် အရှိန်မပျက် ဆက်ဆံမြဲဆက်ဆံခဲ့ပါသည်။ နှစ်နိုင်ငံအစိုးရချင်း ရင်းနှီးမှုရရှိနေပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံတွင် တစ်ပြည်လုံးမှ လေးစားမှု ခံယူရရှိနေသော ဘုရင်ကြီးရှိသည်။

ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူရာဒက်ရှိသည် အသက်အရွယ်ကြီး၍ ကျန်းမာရေးအရ ခရီးသွားရန်အဆင်မပြေသောကြောင့် ဘုရင်ကြီးကိုယ်စား အိမ်ရှေ့စံမင်းသမီး Crown Princess က ခရီးသွားလေ့ရှိ၏။ ယခုလည်း ဒုတိယသမ္မတကြီး၏ ဖိတ်ကြားချက်အရ အိမ်ရှေ့စံမင်းသမီး မဟာချက္ကရီသီရိဒုံက မြန်မာပြည်သို့ လာရောက်လည်ပတ်ရန် လက်ခံထားသည်။

ထိုင်းဘုရင်ကြီးတွင် ရင်သွေးလေးယောက် ထွန်းကားခဲ့ရာ သားတော်တစ်ပါးတည်းပါသည်။ ထီးနန်းရိုးရာအစဉ်အလာအရ သားတော်သည် အိမ်ရှေ့စံမင်းသား ဖြစ်ရပါ၏။ ထို့ကြောင့် ထိုင်းဘုရင်ကြီးသည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် သားတော်မင်းသား ဗာဂျီလာလောင်ကွန်းအား အိမ်ရှေ့စံတင်မြှောက်ပွဲ ကျင်းပချီးမြှောက်ပြီး "မဟာဗာဂျီရာလောင်ကွန်း" ဘွဲ့အမည် ပေးအပ်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ဘုရင်ကြီးမွေးနေ့တွင် အသက် ၂၂ ရှိ သမီးတော်သီရိဒုံအား "မဟာချက္ကရီသီရိဒုံ"ဘွဲ့အမည် ပေးလျက် အိမ်ရှေ့စံ အရာပေးအပ်သည်။

အိမ်ရှေ့စံမင်းသမီး မြန်မာနိုင်ငံသို့ တရားဝင်လာရောက်မည့် ခရီးစဉ်ရှိကြောင်း ကြားသိရသည်နှင့် ၁၉၈၆ ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ ခြောက်နှစ်ကျော်ကြာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသောဘဝကို ပြန်လည်သတိရနေမိပါတော့သည်။

ထိုင်းနိုင်ငံသည် ဒီမိုကရေစီ ထွန်းကားသောနိုင်ငံဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်၍ အနိုင်ရသောပါတီက အစိုးရဖွဲ့သည်။ ပါတီတစ်ခုတည်းက လုံလောက်သောအင်အားမရရှိလျှင် သင့်တော်ရာပါတီနှင့် ပူးပေါင်း၍ အစိုးရဖွဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် စည်းမျဉ်းခံဘုရင်ဖြစ်၍ အစိုးရအဖွဲ့အထက်မှ above the politics အဖြစ် ဩဇာရှိသည်။ လူထုက ကြည်ညိုသည်။

ဘယ်ပါတီ ဘယ်အစိုးရတက်တက် ဘုရင်ကြီးကတော့ ပုံမှန်လှုပ်ရှားခဲ့သည်သာ ဖြစ်ပါ၏။ ကျေးလက်ဒေသသို့ ကိုယ်တိုင်ကွင်းဆင်းသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကိုအားပေးသည်၊ ဦးဆောင်လမ်းပြသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ royal project များ ထူထောင်ပေးသည်။ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် မိဖုရားကြီးနှင့် သမီးတော်သီရိဒုံတို့က တက်ကြွစွာ ဦးဆောင်သည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံး ကျယ်ပြန့်စွာလှုပ်ရှားသော ထိုင်းကြက်ခြေနီအသင်းနှင့်ပတ်သက်၍ သံတမန်ဘဝက အတွေ့အကြုံသည် မမေ့ရက်စရာ တစ်သက်တာမှတ်တမ်းအဖြစ် ရှိခဲ့ပါသေးသည်။

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရေးအခင်းဖြစ်သည်။ ထိုသို့ အရေးအခင်းဖြစ်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရတက်သည်။ အရေးအခင်းတွင် ပါဝင်ခဲ့မိ၍ ဖမ်းမှာဆီးမှာကြောက်ရွံ့ကြသော ကျောင်းသား ကျောင်းသူလေးအချို့ နေအိမ်မှထွက်ပြေးကြသည်။ အစိုးရနှင့်ဝေးရာပြေးကြသူများအတွက် လက်နက်ကိုင်သောင်းကျန်းသူတို့ ရှိရာအရပ်သည်သာ ဦးတည်ရာဖြစ်လာပါတော့သည်။

မြန်မာထိုင်းနယ်စပ်ရှိ လက်နက်ကိုင်သောင်းကျန်းသူစခန်းများသို့ အမြို့မြို့အနယ်နယ်မှ လူငယ်လေးများ ရောက်ရှိသွားကြသည်။ လက်ခံသူတို့ကလည်း လိုလားစွာကြိုကြသည်။ စစ်သင်တန်းတွေပေးသည်။ လက်နက်ကိုင်အင်အားစုအဖြစ် စုဆောင်းကြသည်။ လူငယ်လေးအများစုမှာ အများနှင့်ရော၍ အရေးအခင်းမှာပါခဲ့သော်လည်း တကယ်နိုင်ငံရေးအသိကြောင့် မဟုတ်ကြ။ တောတွင်းရောက်မှ အစားဆင်းရဲခြင်း အနေဆင်းရဲခြင်း သင်တန်းပင်ပန်းမှုဒဏ် မခံနိုင်ခြင်းတို့ကြောင့် မိဘရပ်ထံသို့ ပြန်လိုစိတ်ပြင်းထန်လာကြသည်။ ပြန်လိုသော်လည်း ပြန်ခွင့်မရကြ။ အသက်ဘေးကိုလည်း မျက်မြင်တွေ့ရလေသောအခါ ထိုင်းနယ်မြေဘက်ကူးလာကြသည်။ သံရုံးသို့ ဆက်သွယ်လာသည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် သံရုံးမှတတိယအတွင်းဝန် ဦးသစ်လွင်နှင့် စစ်သံရုံးမှတပ်ကြပ်ကြီးတစ်ဦးကို နယ်စပ်အနီးရှိ မဲဟောင်ဆောင်မြို့သို့ စေလွှတ်၍ ကျောင်းသားလေးများနှင့် ဆက်သွယ်ရပါသည်။ အခြေအနေကို နဝတသို့တင်ပြပြီး ထိုင်းအစိုးရနှင့်ညှိနှိုင်း၍ ထိုင်းတပ်မတော်နှင့် အသေးစိတ်စီစဉ်ရပါတော့သည်။

ထိုင်းအစိုးရမှ စိတ်အားထက်သန်စွာကူညီသော်လည်း ပြည်ပနိုင်ငံကြီးများက ဖိအားပေးကန့်ကွက်ကြမည်ကိုလည်း စိုးရိမ်ရပါသေးသည်။ ထို့ကြောင့် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ချင်း လွှဲပေးသောအစီအစဉ်နှင့် ဆောင်ရွက်ရပါတော့သည်။ ထွက်ပြေးလာသောကလေးတွေကို အမြန်စုရင်း နယ်စပ်ရှိတပ်ခ်(tak)မြို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်ရပါသည်။ ထိုသို့ အပြေးအလွှားစီစဉ်နေဆဲတွင် ကြက်ခြေနီအဖွဲ့တာဝန်ရှိသူတို့ကလည်း တာဝန်ယူရမည်ကို စိုးရိမ်ကြပြန်သည်။ သူတို့စိုးရိမ်မှုကို ကျွန်တော့်အားပြောလာသောအခါ အခက်တွေ့ရပြန်ပါတော့သည်။

နောက်ဆုံးမှာ အားကိုးအားထားပြုစရာကို စဉ်းစားမိရပါသည်။ ကြက်ခြေနီအဖွဲ့အား ကိုယ်ဖိရင်ဖိကြီးကြပ်သူ အိမ်ရှေ့စံမင်းသမီးကိုသာ အားကိုးပြုရပါတော့သည်။ ကျောင်းသားလေးများ၏ အသက်ဘေးဖြစ်၍ မလွှဲရှောင်သာသောကြောင့်သာ ချဉ်းကပ်ရခြင်းဖြစ်ပါ၏။ နန်းတော်သို့ဆက်သွယ်၍ မင်းသမီးနှင့် တွေ့ရပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သောအရေးအခင်းကြောင့် ကြောက်ရွံ့စိတ်နှင့် ထွက်ပြေးလာကြသော ကျောင်းသားလူငယ်လေးများကို တပ်(ခ်)မြို့တွင် ကယ်ဆယ်ထားရှိသည်ကို မင်းသမီးသိရှိပြီးဖြစ်သည်ဟု ယူဆပါကြောင်း၊ ထိုလူငယ်လေးများကို မိဘရပ်ထံပြန်ပို့ရေးအတွက် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ချင်း ဆက်သွယ်စီစဉ်နေပါကြောင်း ကျွန်တော်က သတင်းပို့လိုက်ပါသည်။

ကျွန်တော်၏ပြောကြားချက်ကို နားထောင်ရင်း အိမ်ရှေ့စံမင်းသမီးက တဖြည်းဖြည်းပြုံးလာပါသည်။ ကြင်နာခြင်း၊ သနားခြင်း၊ ကရုဏာသက်ခြင်းတို့ သူ့မျက်နှာမှာပေါ်နေသည်ဟု ကျွန်တော်ထင်သည်။ ပြီးမှသူ့ရဲ့ပုံမှန်မူဟန်အတိုင်း နှုတ်ခမ်းလေးနှစ်ခုကို စုလိုက်သည်၊ ဖြည်းဖြည်းလေးစကားပြောလာသည်။

"တောထဲမှာ ဆင်းဆင်းရဲရဲနေကြရတဲ့ ကျောင်းသားလေးတွေ သနားပါတယ်။ မိဘရပ်ထံပြန်ပို့မယ်ဆိုတဲ့ အစီအစဉ်ဟာ ကောင်းတဲ့အစီအစဉ်ပါ" ဟု ပြောလာပါတော့သည်။

ကျွန်တော်၏တင်ပြချက်နှင့် အိမ်ရှေ့စံမင်းသမီး၏ တုံ့ပြန်စကားက အလိုလိုဟန်ချက်ညီပါသည်။ ကျွန်တော်က မင်းသမီးထံ ခွင့်ပြုချက်တောင်းခံသော တိုက်ရိုက်စကားမဟုတ်ပါ။ အိမ်ရှေ့ မင်းသမီးပြောသော စကားကလည်း ခွင့်ပြုကြောင်းပြောသော တိုက်ရိုက်စကားမဟုတ်ပါ။

မြန်မာနိုင်ငံကိုယ်စားပြုသံအမတ်၏ ခွင့်တောင်းချက်မဟုတ်သော တင်ပြချက်နှင့် ဘုရင့်သမီးတော်၏ တုံ့ပြန်စကားတို့ နှစ်ခုဆက်နွှယ်၍ ကျောင်းသူကျောင်းသား လူငယ်လေးများကို ပြန်ပို့ဖြစ်ခဲ့ပါတော့သည်။ မည်သည့်နိုင်ငံကြီးကမှ ဝေဖန်စကား အပြစ်တင်စကား ရှုတ်ချစကားမပြောခဲ့ကြတော့ပါ။

၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ မြန်မာ့တပ်မတော်လေယာဉ် ၁၃ ခေါက်ဖြင့် ကျောင်းသား ကျောင်းသူ လူငယ် ၃၆၉ ဦးကို တပ်(ခ)မြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်ပြန်ပို့ဖြစ်ခဲ့ပါတော့သည်။ သားသမီးများအား နယ်စပ်စခန်းအထိ လိုက်၍ခေါ်ဆောင်ရင်း ပြန်ခွင့်မရဘဲ သောင်တင်နေကြသော မိဘများကိုလည်း ပြန်ပို့ပေးလိုက်ရပါသည်။

ကယားပြည်နယ် လောပိတမြို့မှ ထွက်ပြေးကျောင်းသား ကျောင်းသူလေးများကို လိုက်လံခေါ်ယူကြသော သံယာတော်သုံးပါးလည်း သောင်တင်နေခဲ့ကြသည်ကို တွေ့ရပါသည်။ ထိုသံဃာတော်များက ရောက်တုန်းရောက်ခိုက် မြတ်ဘုရားဖူးချင်သည်ဆို၍ ဘန်ကောက်မှတစ်ဆင့် ဘီအေစီလေယာဉ်နှင့် ပြန်ပို့ပေးလိုက်ရပါသည်။

ပြန်ပို့လိုက်သောကျောင်းသားများအား သတ်ဖြတ်သည်၊ ဖမ်းဆီးထောင်ချသည်ဟူသော ဝါဒဖြန့်မှုများလည်း ထွက်ပေါ်ခဲ့သေးသည်။ ထိုသို့ ပြန်ပို့ပြီးနောက် ထွက်ပြေးလာမည့် ကျောင်းသားလေးများ မဲဟောင်ဆောင်နှင့် တပ်(ခ်)နယ်မြေအထိ ထွက်မပြေးနိုင်အောင် လုံခြုံရေးတွေတင်းကြပ်လာသောကြောင့် နယ်စပ်မှာပင် လက်ခံရေးစခန်း ၂၇ ခု ဖွင့်လိုက်ရပါသည်။ ၁၉၉၀ခုနှစ် ဒီဇင်ဘာလကုန်အထိ လူငယ်လေးများ ၃၃၂၀ ဦး မိဘရပ်ထံ ပြန်ရောက်လာကြပါသည်။

ကျောင်းသားလူငယ်များ ပြန်ပို့ရေးအတွက် ပြည်ပနိုင်ငံကြီးများ ဖိအားပေးမည့်ရန်မှလွတ်ကင်းစွာ ဆောင်ရွက်နိုင်ခြင်းမှာ အိမ်ရှေ့စံမင်းသမီး မဟာချက္ကရီသီရိဒုံ၏ စကားတစ်ခွန်းကြောင့်သာဖြစ်သည်ဟု မှတ်ယူမိပါသည်။

ကျွန်တော်တို့ ပထမဦးဆုံးပြန်ပို့လိုက်သော ကျောင်းသား ကျောင်းသူအားလုံးကို တစ်ယောက်မျှပြန်မတွေ့မိပါ။ ၂၇ နှစ်ကြာခဲ့ပြီ။ ဘယ်သူတွေက ဘာတွေလုပ်နေကြပြီကိုလည်း မသိနိုင်တော့တာ အမှန်ဖြစ်ပါ၏။ စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ်၊ ဘာသာရေးပဲလုပ်လုပ် အောင်မြင်ကြပါစေဟု ဆုတောင်းပေးနေမိပါတော့သည်။ ။

## လောင်းလုံးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**လောင်းလုံး အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ ပန်းဒလဲ၊ စစ်ပြဲ၊ လေးသွန်းခံ၊ ဇလွတ်၊ ကျောက်နီမော်၊ ပြင်းထိန်နှင့် တီဇစ်ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယအင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒုတိယအင်ဂျင်နီယာချုပ် ဦးလှသိန်းအောင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက လောင်းလုံးမြို့နယ်အတွင်းကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော ကျေးရွာရေရရှိရေးလုပ်ငန်း၊ လေးခန်းတွဲရေလောင်းအိမ်သာဆောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ကျေးရွာကုန်ထုတ်လုပ်ငန်းများကို စစ်ဆေးခဲ့ပြီး ပန်းဒလဲကျေးရွာ၌ ကျေးရွာမြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိစေရေးမှာကြားကာ ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်းက စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## ဗျတ္တပန်းဆက်လမ်းတစ်လျှောက် ဘုရားဖူးယာဉ်များထံမှ ငွေကြေးတောင်းခံမှုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ

**ညောင်ဦး အောက်တိုဘာ ၂**

ညောင်ဦး-ပုပ္ပားဒေသ၌ ဘိုးတော်ထွက်ပွဲရှိသောကြောင့် ဘုရားဖူးဧည့်သည်များ လာရောက်မှုများပြားလျက်ရှိရာ ဗျတ္တပန်းဆက်လမ်းတစ်လျှောက်တွင် ဘုရားဖူးပြည်သူများ၏ မော်တော်ယာဉ်များထံမှ ငွေကြေးတောင်းခံကောက်ယူကြသည့် ဒေသခံများကြောင့် ယာဉ်မတော်တဆမှုများဖြစ်မည်ကို စိုးရိမ်နေရကြောင်း ဘုရားဖူးဧည့်သည်အချို့က ပြောသည်။

ဘုရားဖူးများ ဖြတ်သွားမှုများသော ဗျတ္တပန်းဆက်လမ်းတစ်လျှောက်တွင် အနီးဝန်းကျင်ရှိ ကျေးရွာများမှ လူကြီး၊ လူငယ်များနှင့် ကလေးများမကျန် ဘုရားဖူးကားများထံမှ ငွေကြေးတောင်းခံနေမှုများမှာ အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေပြီး ဘုရားဖူးဧည့်သည်များအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်ရသလို ယာဉ်အန္တရာယ်ဖြစ်မည်ကိုလည်း စိုးရိမ်နေရကြောင်း ဘုရားဖူးလာရောက်သော ဧည့်သည်အချို့၏ ပြောပြချက်အရ သိရသည်။

ယခုကဲ့သို့ ဒေသခံများက ငွေကြေးတောင်းရမ်းနေမှုများကြောင့် မလိုလားအပ်သည့်ဆိုးကျိုးများ ဖြစ်လာနိုင်သည့်အတွက် ဘုရားဖူးလာရောက်ကြသည့် ခရီးသွားပြည်သူများအနေဖြင့်လည်း ငွေကြေးတောင်းရမ်းသူများကို အားမပေးသင့်ကြောင်း ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဗျတ္တပန်းဆက်လမ်းတစ်လျှောက်တွင် ဘုရားဖူးကားများထံမှ ငွေတောင်းခံသူများအနေဖြင့် တစ်ရက်လျှင် ငွေကျပ်ငါးထောင်ခန့်မှ တစ်သောင်းခန့်အထိ ရရှိနေသဖြင့် အသက်အန္တရာယ်ဖြစ်မည်ကိုမမြင်ဘဲ အပြိုင်လုယက်ပြီး ငွေကြေးတောင်းရမ်းမှုမှာ ပုပ္ပားဘိုးတော်ထွက်ရက်ပွဲချိန်ရောက်တိုင်း နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်နေကြောင်း၊ ပိုက်ဆံကို လွယ်လွယ်ရသောကြောင့် ကလေးငယ်များက တောင်းရမ်းကြသလို လူကြီးများကလည်း ကလေးများကို မဆုံးမသည့်အပြင် ကလေးများနှင့်အပြိုင် ငွေတောင်းခံနေခြင်းကြောင့်အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေကြောင်း၊ ဘုရားဖူးဧည့်သည်များအနေဖြင့်လည်း ယာဉ်တိုက်မှုအန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေရသည့်အတွက် ထိုသို့ငွေကြေးတောင်းခံနေမှုများ မပြုလုပ်သင့်ကြောင်း ဘုရားဖူးဧည့်သည်တစ်ဦးက ပြောသည်။ **ရဲဝင်းနိုင် (ပြန်/ဆက်)**

## ဆင်းရွှေသွယ်(၃)လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်

**တပ်ကုန်း အောက်တိုဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ ဆင်းရွှေသွယ်(၃)လမ်းကို မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိသည်။ အလျားပေ ၁၉၅၀၊ အကျယ် ၁၂ ပေရှိ ဆင်းရွှေသွယ်(၃)လမ်းကို လမ်းပခုံးတစ်ဖက် ၃ ပေအထိ လမ်းအဆင့်မြှင့်တင်နေသည့်အပြင် ရေစီးရေလာကောင်းမွန်စေရေးအတွက် box culvert တစ်စင်း၊ pipe culvert သုံးစင်းနှင့် မြေသားမြောင်းပေ ၃၉၀၀ တို့ကိုလည်း တစ်ပါတည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်းရွှေသွယ်(၃)လမ်းသည် ယခင်က မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းအခါမှာ သွားလာရေးခက်ခဲခြင်းများကြုံတွေ့ခဲ့ရပြီး ယခုလမ်းအဆင့်မြှင့်ပြီးပါက ရပ်ကွက်နေပြည်သူများအပြင် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များအတွက်ပါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# မတူပီမြို့နယ် ရေဘေးသင့်ဒေသများသို့ ပရဟိတအဖွဲ့များက ဆန်များထောက်ပံ့လှူဒါန်း

**မတူပီ အောက်တိုဘာ ၂**

ချင်းပြည်နယ် မတူပီမြို့နယ်အတွင်း ဂန့်ဂေါ-မတူပီ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ရေဘေးကြုံတွေ့ရသော ဒေသခံပြည်သူများအား လူမှုရေးအသင်းအဖွဲ့များက ဆန်၊ ဆီ၊ ဆား၊ ငါးပိစသည့် အစားအသောက်များနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဂန့်ဂေါ-မတူပီ လမ်းတစ်လျှောက်တွင် အချို့လမ်းပိုင်းများ ပျက်စီးခဲ့ရာ သွားလာရေးအခက်အခဲများ ကြုံတွေ့နေရသည့်အပြင် စပါးနှင့် သီးနှံစိုက်ခင်းများလည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် မတူပီမြို့နယ်အတွင်းရှိ လုံငိုး၊ ဘလေး၊ ဝေါ်တီး၊ ရေဆော၊ လိုတော်၊ ရှာတလိုင်း၊ အိုက္ကား၊ နာဘုန်း၊ တူဖေးစသည့် ကျေးရွာအုပ်စုများ၌ ဒေသခံပြည်သူများမှာ စားဝတ်နေရေးအခက်အခဲနှင့် ကြုံတွေ့နေလျက်ရှိရာ ဆရာတော် ဦးသုမင်္ဂလ(ဒယ်အိုးဆရာတော်)၏ ပရဟိတအဖွဲ့၊ တောင်ကြီးမြို့အခြေစိုက် ပန်းပျိုးလက်လူငယ် ပရဟိတအဖွဲ့၊ ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များကွန်ရက်စသည့် လူမှုရေးအသင်းအဖွဲ့များက စက်ယန္တရားများဖြင့် လမ်းများ ပြန်လည်ပြုပြင်ဖောက်လုပ်ပြီး ရေဘေးကြုံခဲ့သည့် ကျေးရွာများသို့အရောက်သွား၍ စားနပ်ရိက္ခာနှင့် အဝတ်အထည်များ လှူဒါန်းထောက်ပံ့လျက်ရှိသည်။

"ဂန့်ဂေါ-မတူပီလမ်းက မြေသားလမ်းပါ။ လမ်းတွေက တော်တော်ပျက်စီးသွားတယ်။ လမ်းဦးစီးဌာနကလည်း စက်ယန္တရားတွေနဲ့ ပြန်လည်ပြုပြင်နေတာ တွေ့ပါတယ်။ ဆရာတော်ဦးသုမင်္ဂလရဲ့ ပရဟိတအဖွဲ့ကလည်း လမ်းဖောက်စက်ကြီးတစ်စီးပါလာပြီး လမ်းတွေပြန်လည်ပြုပြင်ပေးနေတာ မိုင် ၂၀ လောက်ရှိပါပြီ။ အခုလို လူမျိုးဘာသာမခွဲခြားဘဲ အခက်အခဲတွေကို လာရောက်ကူညီဖြေရှင်းပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အင်မတန်ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်"ဟု လုံငိုးကျေးရွာ လွတ်လပ်သော ဧဝံဂေလိအသင်းတော်မှာ ခရစ်ယာန် ဆရာတော် ဦးစောမောင်က ပြောသည်။

လမ်းများ ပြန်လည်ပြုပြင်ပေးခြင်း၊ စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခြင်းကို ပရဟိတအဖွဲ့များက စက်တင်ဘာ ၂၁ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး အောက်တိုဘာ ၁ ရက်အထိ ဆန်အိတ် ၂၀၀၀ ကျော်နှင့် ဆီ၊ ဆား၊ ငါးပိများ လှူဒါန်းထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

# ၂၀၁၅ ရွေးကောက်ပွဲနှင့် ကြိုတင်ဆန္ဒမဲများ

၂၀၁၀ ရွေးကောက်ပွဲအချိန်က ကြိုတင်မဲများနှင့်ပတ်သက်၍ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အသံမျိုးစုံ ကြားခဲ့ကြရသည်။ ယခုတစ်ဖန် ၂၀၁၅ ရွေးကောက်ပွဲကြီးနီးလာသည်နှင့်အမျှ ကြိုတင်ဆန္ဒမဲများနှင့်ပတ်သက်၍ သို့လော---သို့လော စိုးရိမ်ပူပန်မှု စကားများကို ဟိုနေရာ သည်နေရာများက ကြားလာနေရသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ကြိုတင်မဲအနေဖြင့် တရားဝင်နိုင်ငံခြားသို့ ရောက်ရှိနေကြသူများ၊ ပြည်တွင်း၌မူ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသည့် သင်တန်းတက်ရောက်နေသူများ၊ ကျောင်းတက်နေသူများ၊ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ မီးဖွားနေသူများ၊ ခရီးသွားမည့်သူများ၊ အချုပ်ခံနေရသူများ၊ တပ်မတော်သားများ၊ ၎င်းတို့၏ အိမ်ထောင်စုစာရင်းဝင် မဲဆန္ဒနယ်ပြင်ရောက် မိသားစုဝင်များအနေဖြင့် တောင်းခံလာပါက ကြိုတင်မဲပေးခွင့်ရှိနိုင်သည်ဟု သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက "ကြိုတင်ဆန္ဒမဲတောင်းခံတဲ့ မဲဆန္ဒရှင်ဟာ အခြေခံမဲစာရင်းမှာ ပထမပါရှိဖို့ အဓိကလိုအပ်ပါတယ်။ နိုင်ငံခြားမှာ တရားဝင်သွားရောက်နေတဲ့ ပညာသင်တွေ၊ အလုပ်နဲ့ရောက်နေကြသူတွေက မိမိရောက်ရှိရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနဲ့ ကောင်စစ်ဝန်ရုံးအသီးသီးမှာ ပုံစံ(၁၅)နဲ့ မဲပေးခွင့်လျှောက်ထားရမှာ ဖြစ်ပါတယ်။ အဲဒီစာရင်းတွေက နိုင်ငံခြားရေးဝန်ကြီးမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ အဲဒီကမှ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရောက်ရှိပြီး အဲဒီကမှ မြို့နယ်အသီးသီးနဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွေဆီ ရောက်လာမှာဖြစ်ပါတယ်။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲတွေက စိစစ်ပြီးမဲစာရင်းအမည်ပါရှိ မရှိ အဆင့်ဆင့်ပြန်လည် တင်ပြအကြောင်းကြားသွားမှာဖြစ်ပါတယ်။"

ကြိုတင်ဆန္ဒမဲပေးသည့်အခါတွင် သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံးများက သတ်မှတ်ပေးသည့်ရက်၊ သတ်မှတ်သည့်နေရာတို့၌ လျှို့ဝှက်စနစ်ဖြင့် ပေးရမှာဖြစ်ပြီး ပြည်တွင်းမှာကဲ့သို့ တံဆိပ်တုံးရိုက်နှိပ်ရမည်မဟုတ်ဟုဆိုသည်။ မိမိမဲပေးလိုသူ ကိုယ်စားလှယ်လောင်း၏ အမည်ဘေးအကွက်တွင် အမှန်အမှတ်အသားတစ်ခုတည်းသာ ခြစ်ပေးရမည်ဖြစ်သည်ဟု သိရသည်။ ဆန္ဒမဲပေးပြီး လက်မှတ်ကို သက်ဆိုင်ရာအသီးသီးတွင် လုံခြုံစွာထည့်သွင်းချိတ်ပိတ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအထိ အဆင့်ဆင့်ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်ဟု သိရသည်။ မဲမပေးမီရက်အထိ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးများရှိ ကြိုတင်ဆန္ဒမဲပုံးများတွင် စနစ်တကျသိမ်းဆည်းထားရမည်ဟု သိရသည်။

ဤနေရာတွင် အချို့သောသူများက နိုင်ငံခြားကပေးလိုက်သော ကြိုတင်မဲသည် စာအိတ်ဖြင့်ပိတ်၍ စနစ်တကျသိမ်းဆည်းထားသည်ဟုဆိုသော်လည်း စာအိတ်ပေါ်တွင် သက်ဆိုင်ရာလိပ်စာကလွဲ၍ မည်သည့်အမှတ်အသားမှ မရှိနိုင်သည့်အတွက် မြန်မာနိုင်ငံသို့ ရောက်လာသည့်အခါ စာအိတ်အတွင်းမှ မဲလက်မှတ်သည် ပါတီ၊ အရောင်၊ ပုဂ္ဂိုလ်ပြောင်းလဲမှုများ ဖြစ်သွားနိုင်မည်လားဟု တွေးတောပူပန်မှုများရှိနေကြသည်။ ထိုအပိုင်းအား ဤသို့ ပြန်လည်စဉ်းစားသုံးသပ်ကြည့်ရှုနိုင်ပါသည်။ ရပ်/ကျေးတစ်ခုတွင် နိုင်ငံခြားသို့ရောက်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ မည်မျှရှိမည်နည်း၊ ရာချီ၊ ထောင်ချီ၍မရှိနိုင်ပါ။ ဆယ်ဂဏန်းလောက်သာရှိနိုင်မည်ဖြစ်ပါသည်။ ထိုနိုင်ငံခြားရောက် မဲဆန္ဒရှင်သည် ကြိုတင်မဲတောင်းခံနိုင်ရန် များသောအားဖြင့် မိသားစုမှတစ်ဆင့် အဆက်အသွယ်ပြုကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိမိသားစုကိုဖြင့် အနည်းနှင့်အများဆိုသကဲ့သို့ အတွင်းစကားအဖြစ် ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကို မဲပေးလိုက်ပါသည်ဟု ဆိုကြမည်သာဖြစ်သည်။ ထို့အတွက် မဲရေတွက်သည့်အချိန်၌ စောင့်ကြည့်လေ့လာ၍ ခန့်မှန်းအဖြေတစ်ခုကို ရရှိနိုင်ကြမည်ဟု ယုံကြည်မိသည်။ ၂၀၁၅ ရွေးကောက်ပွဲသည် ပါတီများ၏ စောင့်ကြည့်ခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာခြင်း၊ မီဒီယာများ၏ မျက်စိအောက်တွင်ရှိနေမည်သာ ဖြစ်သည်။ ထိုသို့သောအတွက်ကြောင့် မိမိတို့၏ စိုးရိမ်ပူပန်မှုများ လျှော့ချနိုင်မည်ဖြစ်သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက "နိုင်ငံခြားကြိုတင်မဲစာရင်းအနေနဲ့က အခြေခံရပ်/ကျေးတွေကအစ စာရင်းပြုစုပြီးပေးရတာဖြစ်ပြီး အဲဒီကြိုတင်မဲပေးခွင့်သူများရဲ့ စာရင်းကိုလည်း ကပ်ထားကြေညာပေးသွားမှာဖြစ်တဲ့အတွက် ဖောင်းပွလာမှာကို စိုးရိမ်စရာမရှိနိုင်ပါဘူး။ ပထမကြိုတင်မဲဆန္ဒပြုဖို့ စာရင်းပေးထားပေမယ့် အဲဒီမှာမဲပေးဖို့ အကြောင်းကြောင်းကြောင့် မဲမပေးနိုင်တဲ့ သူတွေအတွက် လျှော့သွားဖို့ပဲရှိပါတယ်"ဟု ဆိုသည်။

နိုင်ငံခြားသို့ မြန်မာလူမျိုးများ မြောက်မြားစွာရောက်ရှိနေသော်လည်း တရားဝင်မဲပေးပိုင်ခွင့်ရှိသူများထဲမှာ နိုင်ငံအသီးသီးရှိ သံရုံးများ၊ အမြဲတမ်းကိုယ်စားလှယ်ရုံးများ၊ ကောင်စစ်ဝန်ရုံးများတွင် စက်တင်ဘာ ၂၈ ရက်အထိ ပုံစံ(၁၅)ဖြင့် လာရောက်ကြိုတင်ဆန္ဒမဲတောင်းခံသူ ၃၄၆၉၇ ဦးသာရှိပြီး အောက်တိုဘာ ပထမအပတ် သို့မဟုတ် ဒုတိယအပတ်၌ မဲပေးနိုင်ရန် စီစဉ်မှုများရှိနေသည်ဟု သိရသည်။

ပြည်တွင်းကြိုတင်မဲဆန္ဒပြုလိုသူများအနေဖြင့် ပုံစံ(၁၅)ဖြင့် တောင်းခံနိုင်ပြီး ထိုကြိုတင်မဲပေးခွင့်ရသူများကိုလည်း ရပ်/ကျေးကော်မရှင်ရုံးခွဲများ၌ ပုံစံ(၁-၁)ဖြင့် ကြိုတင်ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ ရောက်ရှိလာသော ကြိုတင်မဲများကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးရှိ ကြိုတင်ဆန္ဒပြုမဲပုံးများတွင် စနစ်တကျ သိမ်းဆည်းထားပြီး မဲပေးသည့်ရက် မဲရုံမဖွင့်မီ ရပ်/ကျေး မဲရုံမှူးများထံအပ်နှံ၍ ညနေမဲရေတွက်ချိန်ကျမှသာ ဖွင့်ဖောက်ရေတွက်ရမည်ဟု သိရသည်။

သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်မိသားစုများအနေဖြင့် သက်ဆိုင်ရာတပ်ရင်းတပ်ဖွဲ့များက ကြိုတင်ဆန္ဒပြုရန် ပုံစံ(၁၅)ဖြင့် တောင်းခံလာပါကလည်း ပုံစံ(၁-၂)ဖြင့် ပြုစုပေးပို့ရမည်ဖြစ်သည်ဟု ဆိုသည်။

မိမိရပ်/ကျေးအတွင်းရှိ ကြိုတင်မဲများကို သွားရောက်ကောက်ယူရာ၌ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်မှ အဖွဲ့ခွဲမှအနည်းဆုံးနှစ်ဦး ပါဝင်ရမည်ဖြစ်ပြီး ထိုကြိုတင်မဲများကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများတွင် ချိတ်ပိတ်သိမ်းဆည်းပြီး ရွေးကောက်ပွဲနေ့ မဲရုံမဖွင့်မီ မဲရုံမှူးထံသို့ စနစ်တကျအပ်နှံရမည်ဖြစ်သည်။ မဲရုံပိတ်သိမ်းပြီး မဲရေတွက်သည့်အခါတွင်လည်း ကော်မရှင်၊ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် မီဒီယာများ၏ ရှေ့မှောက်တွင် ထင်သာမြင်သာ သံသယမရှိနိုင်အောင် ရေတွက်ရမည်ဖြစ်ရာ ၂၀၁၅ ရွေးကောက်ပွဲသည် အခြေခံအကျဆုံးဖြစ်သော ရပ်/ကျေးကော်မရှင်မဲရုံမှူးနှင့် အဖွဲ့ဝင်များ၏ သမာသမတ်ကျသော စိတ်ထား၊ တိကျမှန်ကန်သော စာရင်းဇယားတို့ဖြင့် နိုင်ငံ၏သမိုင်းမှတ်တမ်းကောင်းတစ်ခုကို ကမ္ဘာ့အလယ်၌ ခိုင်မာစွာ စိုက်ထူပေးသွားနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**ဖြူး အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖြူးမြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့စာရင်းစစ် ဦးဝင်းကြူက အဘိုး လေးဦး၊ အဘွား ၂၉ ဦးတို့ကို နေ့စဉ်ပြုစုစောင့်ရှောက်ကျွေးမွေးမှု တစ်နှစ်တာနှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။ ထို့နောက် ဘိုးဘွားရိပ်သာမှ အသက် ၁၀၂ နှစ်ရှိ အသက်အကြီးဆုံး အဘွားလှရင်၊ တရားဗဟုသုတဆုရှင် အဘိုးမောင်ဦး၊ ဒါနကုသိုလ်ဆုရှင် အဘွားတင်တင်၊ သီလကုသိုလ်ဆုရှင် အဘွားထေရီနန္ဒာ၊ တရားအားထုတ်မှုဆုရှင် အဘွားသောင်းရင်၊ ပရဟိတကျန်းမာရေးစောင့်ရှောက်မှုဆုရှင် အဘွားနုကြည်နှင့် အဘိုးအဘွားများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုဝတ်စုံများကို ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ တက်ရောက်လာကြသော လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကလည်း အဘိုးအဘွား ၃၄ ဦးအား အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **ဖြူးမြင့်ဦး**




# (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၂**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလွင်မောင်သိန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဂုဏ်ပြုဖတ်ကြားသည်။ ထို့နောက် မှုခင်းဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံဖော်ထုတ်နိုင်ခဲ့သည့် ဖျာပုံခရိုင်အတွင်းမှ ရဲတပ်ဖွဲ့ဝင် ၁၉ ဦး၊ ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီပေးခဲ့ကြသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ ၁၁ ဦး၊ ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်များ ပိုမိုထိရောက်ရေးအတွက် ကူညီပေးခဲ့ကြသည့် ဖျာပုံမြို့မှ သတင်းမီဒီယာသမား လေးဦးနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် အပြစ်ကင်းပြီး သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်ငါးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအားအခမဲ့ဆေးကုသပေး



**မုံရွာ အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အကြိုအထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ မုံရွာဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား အခမဲ့ဆေးကုသမှုများကို မုံရွာမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးဦးညွန့်သန်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့က စက်တင်ဘာ ၃၀ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဘိုးဘွားရိပ်သာရှိ အဘိုး ၂၈ ဦးနှင့် အဘွား ၇၀ တို့အား သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအကြော၊ အရေပြား၊ အကြောအဆစ်၊ အထွေထွေရောဂါများနှင့် မျက်စိခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ပရဟိတအသင်းများကလည်း ဘိုးဘွားများအား ကူညီစောင့်ရှောက်မှုများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ် (၈) ကိုတော့ အောက်တိုဘာ ၃ ရက်နဲ့ ၄ရက်နေ့တွေမှာ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာတော့ ထိပ်သီးကလပ်နှစ်သင်းဖြစ်တဲ့ ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲက ပရိသတ်အကြိုက် ပွဲစဉ်ဖြစ်တာမို့ မလွတ်တမ်းကြည့်ရှုအားပေးရဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် ရှော်ကေးနဲ့ကိုလုံး၊ လေဗာကူဆင်နဲ့ အော့စ်ဘတ်တို့ပွဲတွေကလည်း ရလဒ်ကောင်းဖို့ တိုက်စစ်အပြိုင်ဖွင့်ကြမှာမို့ အကြိတ်အနယ်ရှိလာမယ့်ပွဲစဉ်တွေ ဖြစ်နေပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်**

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ နှစ်သင်းစလုံးရှုံးပွဲမရှိသေးတာမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို တိုက်စစ်အပြိုင်ဖွင့်ပြီး ရှာဖွေတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဘိုင်ယန်မြူးနစ်က သုံးပွဲနိုင်ပြီး ဒေါ့မွန်တို့က အဝေးကွင်းမှာ နှစ်ပွဲနိုင်ထားပါတယ်။ ဒေါ့မွန်ရဲ့ အနိုင်နှစ်ပွဲစလုံးဟာ ဘိုင်ယန်မြူးနစ်ကွင်းမှာဖြစ်တာမို့ အိမ်ရှင်တို့သတိထားရပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ရဲ့ လောလောဆယ်ခြေစွမ်းက နိုင်ပွဲဆက်နေပြီး ဒေါ့မွန်တို့ကတော့ သရေပွဲတွေချည်းဖြစ်နေတာမို့ အခုပွဲမှာ အိမ်ရှင်တို့ ရလဒ်မပြတ်သားပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ရှော်ကေးနှင့် ကိုလုံး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ကိုလုံးက သုံးပွဲနိုင်ပြီး ရှော်ကေးက နှစ်ပွဲနိုင်ထားပါတယ်။ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ နိုင်ပွဲတွေ ဆက်နေတဲ့ ရှော်ကေးဟာ သရေပွဲ၊ ရှုံးပွဲတွေ ဆက်နေတဲ့ ကိုလုံးအသင်းကို အိမ်ကွင်းလည်းဖြစ်တာမို့ ဒီပွဲမှာ အနိုင်ကစားပါလိမ့်မယ်။ တိုက်စစ်မထက်မြက်ပေမယ့် ခံစစ်ပိုင်းကျစ်လျစ်သိပ်သည်းတဲ့ ရှော်ကေးကို အခုပွဲမှာ ကိုလုံးတို့ တစ်မှတ်ရရင်ပဲ ဝမ်းသာရမယ့်အနေအထား ဖြစ်ပါတယ်။

**လေဗာကူဆင်နှင့် အော့စ်ဘတ်**

ဝါဒါဘရီမင်နဲ့မိန့်ဇ်အသင်းတွေကို နိုင်ပွဲရအောင်ကစားထားတဲ့ လေဗာကူဆင်နဲ့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ထားတဲ့ အော့စ်ဘတ်တို့ဟာ အခုပွဲမှာလည်း အဝေးကွင်းဖြစ်တာမို့ လေဗာကူဆင်ကို ခက်ခက်ခဲခဲရင်ဆိုင်ရပါလိမ့်မယ်။ လေဗာကူဆင်ဟာ အော့စ်ဘတ်နဲ့ကစားတိုင်း ရှုံးပွဲနည်းတာမို့ အခုပွဲမှာလည်း အိမ်ရှင်တို့ပဲ အမှတ်ရယူဦးမှာ ဖြစ်ပါတယ်။

**ဂလက်ဘတ်နှင့် ဝုဖ်ဘတ်**

ကွန်ချီနဲ့ ဂူစတာဗိုတို့ ဒဏ်ရာရနေတာမို့ ဝုဖ်ဘတ်ရဲ့ စွမ်းအားလည်း ထိခိုက်မှုဖြစ်နေပါတယ်။ ဟန်နိုဗာကို တစ်ဂိုးစီသရေပွဲဖြစ်ပြီး ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့အတွက် ဒီပွဲမှာတော့ ဝုဖ်ဘတ်တို့ နိုင်ပွဲရအောင် အပြင်းအထန်ရှာဖွေပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်ကို ကြည့်ရင် ဝုဖ်ဘတ်က သုံးပွဲနိုင်ပြီး ဂလက်ဘတ်က တစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ထားတာမို့ အခုပွဲမှာဝုဖ်ဘတ်တို့ နိုင်ပွဲပြန်ရှာဖွေပါလိမ့်မယ်။

**ဟော့ဖန်ဟိမ်းနှင့် စတုဂတ်**

ဒေါ့မွန်ကို တစ်ဂိုးစီသရေပွဲကစားပြီး အော့စ်ဘတ်ကို အနိုင်ကစားထားတဲ့ ဟော့ဖန်ဟိမ်းတို့ကတော့ အခုပွဲမှာ စတုဂက်ကို အနိုင်ယူဖို့ အဓိကကစားသမား




တွေနဲ့ ပွဲထွက်လာပါလိမ့်မယ်။ အယ်ရော်နော့စီ ဒဏ်ရာရနေပေမယ့် ထိခိုက်မှုမရှိတဲ့ ဟော့ဖန်ဟိမ်းဟာ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် စတုဂတ်ကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ခြေစွမ်းမတည်ငြိမ်တဲ့ စတုဂတ်တို့အတွက် အခုပွဲ ခံစစ်ဦးစားပေးပြီး အမှတ်ရဖို့ကြိုးစားရုံကလွဲကာ မျှော်လင့်ချက်မြင့်မြင့်ထားလို့ မရတဲ့ပွဲပါ။

**ဟန်နိုဗာနှင့် ဝါဒါဘရီမင်**

ရှုံးပွဲတွေ ဆက်နေတဲ့ ဝါဒါဘရီမင်တို့ဟာ အခုပွဲ အဝေးကွင်းဖြစ်တာမို့ တစ်မှတ်ရအောင် ရုန်းကန်ရမယ့် အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် ဟန်နိုဗာနဲ့ဆုံတိုင်း ရလဒ်ကောင်းအောင်ကစားတတ်တာ ဝါဒါဘရီမင်ရဲ့ အားသာချက်ဖြစ်ပြီး အိမ်ရှင်တို့သတိထားရမယ့် အနေအထားပါပဲ။ လောလောဆယ်မှာ နှစ်သင်းစလုံးရလဒ်တွေမကောင်းကြပေမယ့် ဒီပွဲမှာ ဧည့်သည်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

**အင်ဂိုစတက်နှင့် ဖရန့်ဖတ်**

ဒီနှစ်မှ တန်းတက်လာတဲ့ အင်ဂိုစတက်ရဲ့ ခြေစွမ်းက လျှော့တွက်လို့တော့ မရပါဘူး၊ ကိုလုံးကို အဝေးကွင်းမှာ တစ်ဂိုးစီသရေကစားခဲ့တဲ့ အင်ဂိုစတက်ဟာ အခုပွဲအိမ်ကွင်းမှာ ဖရန့်ဖတ်ကို ဧည့်ခံရမှာဖြစ်ပါတယ်။ ဟာသာဘာလင်နဲ့ ရှော်ကေးကို ဆက်တိုက်ရှုံးပွဲကြုံတွေ့ထားတဲ့ ဖရန့်ဖတ်အတွက် ဒီပွဲမှာ အနိုင်ပြန်စတင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းဆုံတိုင်း သရေပွဲတွေချည်းများခဲ့တာမို့ အိမ်ရှင်တို့ အခုပွဲမှာ အမှတ်ပြည့်ရယူသွားနိုင်မယ့် အခြေအနေ ရှိပါတယ်။

---



## ဂိုးပေါင်း ၅၀၀ ကျော်သွင်းတဲ့ စီရော်နယ်ဒို

ကမ္ဘာကျော်တိုက်စစ်မှူး စီရော်နယ်ဒိုရဲ့ ဘောလုံးသမားဘဝတစ်လျှောက် ဂိုးပေါင်း ၅၀၀ မြောက်အဖြစ် ချန်ပီယံလိဂ်မှာ မာမိုနဲ့ကစားတဲ့ပွဲမှာ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်သမိုင်းတစ်လျှောက် ၃၂၃ ဂိုးနဲ့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ စံချိန်တင်ထားတဲ့ ရာအူးလ်ရဲ့ စံချိန်ကိုလည်း အမီလိုက်နိုင်ပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်အဖြစ် ဆွီဒင်ကလပ် မာမိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိရာမှာ စီရော်နယ်ဒိုက နှစ်ဂိုးစလုံးသွင်းယူပေးခဲ့တာပါ။ စီရော်နယ်ဒိုက ဒီပွဲမှာ ပွဲချိန် ၈၁ မိနစ်နဲ့ ၈၂ မိနစ်မှာ နှစ်ဂိုးဆက်တိုက်သွင်း ယူခဲ့တဲ့အတွက် စီရော်နယ်ဒိုဟာ သူ့ရဲ့ဘောလုံး သမားသက်တမ်းတစ်လျှောက် ဂိုးပေါင်း ၅၀၀ သွင်းယူနိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ရာအူးလ်အနေနဲ့ ပွဲပေါင်း ၇၄၁ ပွဲမှာ ၃၂၃ ဂိုးသွင်းယူခဲ့ပါတယ်။ ဒီအထဲမှာ ရီးရဲမက်ဒရစ်ပွဲအဖြစ် ၃၀၈ ပွဲသာ ကစားခဲ့တယ်လို့ ဆိုပါတယ်။ စီရော်နယ်ဒိုကတော့ ကစားသမားဘဝတစ်လျှောက်မှာ မန်ယူအတွက် ၁၁၈ ဂိုး၊ စပို့တင်းအတွက် ငါးဂိုး၊ ပေါ်တူဂီအတွက် ၅၅ ဂိုး သွင်းယူပေးခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ချန်ပီယံလိဂ်ဂိုးအဖြစ် ၆၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

## မန်ယူနဲ့အတူ ခြေစွမ်းပြလာတဲ့ မာတာ

မန်ယူကစားသမား မာတာဟာ ပရီမီယာလိဂ်မှာရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းပြကစားလာတာတွေ့ရပါတယ်။ မာတာဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာလည်း နိုင်ပွဲတွေရရှိအောင် ဂိုးပေါက်ဖန်တီးမှုတွေ အကောင်းဆုံးဖန်တီးပေးနေတဲ့ ကစားသမားဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)အဖြစ် ဝုဖ်ဘတ်အသင်းနဲ့ ကစားရာမှာလည်း ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခဲ့သလို အခြားကစားသမားတွေအတွက်လည်း ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ မန်ယူက ဝုဖ်ဘတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲမှာ မာတာနဲ့ စမောလင်းတို့က မန်ယူအတွက် ဂိုးသွင်းယူပေးခဲ့တာပါ။ မာတာဟာ ကိုယ်တိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သလို စမောလင်းကိုလည်း ဂိုးသွင်းနိုင်အောင် ဂိုးပေါက်ဖန်တီးပေးခဲ့ပါတယ်။ ဒီပွဲမှာ အထူးခြေစွမ်းပြကစားလာသူကတော့ ရှဝိန့်စတိန်ဂါဖြစ်ပါတယ်။ ရှဝိန့်စတိန်ဂါရဲ့ ခြေစွမ်းပြကစားမှုကြောင့် မန်ယူဟာ ဝုဖ်ဘတ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့တာပါ။






## ဆန်ချက်ဇ်အတွက် ပံ့ပိုးနိုင်မယ့် ကစားသမားလိုအပ်နေတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းအနေနဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်အတွက် ဂိုးပေါက်ဖန်တီးမှုများများပေးနိုင်ခဲ့တဲ့ ကစားသမား ကောင်းတွေ လိုအပ်နေပါတယ်။ ဆန်ချက်ဇ်ဟာ လက်စတာနဲ့ပွဲမှာ ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ အိုလံပီယာကော့စ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ခြင်းဟာ တိုက်စစ်မှာ ဆန်ချက်ဇ်ကို ပံ့ပိုးပေးနိုင်မှု အားနည်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

နည်းပြ အာစင်ဝင်းဂါးအနေနဲ့ အသင်းကိုအကောင်းဆုံး တည်ဆောက်ဖို့လိုနေပြီး ဆန်ချက်ဇ်ကို တန်ဖိုးရှိတဲ့တိုက်စစ်မှူးဖြစ်လာအောင် အတွဲညီတဲ့ ကစားသမားတွေနဲ့ အသင်းကိုအကောင်းဆုံး တည်ဆောက်ဖို့လိုနေပြီလို့ အာဆင်နယ်ပရိတ်သတ်တွေက ဝေဖန်ပြောကြားလျက်ရှိပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ အကောင်းဆုံးအသင်းအဖြစ် တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါက ဆန်ချယ်ဇ်အနေနဲ့ အာဆင်နယ်ကို ကျောခိုင်းထွက်ခွာသွားဖွယ်ရှိတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်




## (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၂**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ပြင်ဦးလွင်မြို့၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များအား စိတ်အား ထက်သန်စွာ ပူးပေါင်းကူညီခဲ့သည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၁၁ဦး နှင့် ရဲလုပ်ငန်းများတွင် စွမ်းစွမ်းတမံ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့်ဆုငွေ၊ လက်ဆောင်ပစ္စည်း များကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**တောင်ငူ အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ဇီဒိုင်းကျေးရွာအုပ်စု အိုးကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား သင်တန်းပို့ချခြင်းနှင့် မြစိမ်းရောင် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးက မြစိမ်းရောင်ချေးငွေများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီများထံသို့ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**

## ယာဉ်စည်းကမ်းလိုက်နာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်

**မြဝတီ အောက်တိုဘာ ၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းလိုက်နာစေရေးနှင့် ယာဉ်တိုက်မှု လျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှတ်(၇၃) ယာဉ်ထိန်းတပ်ဖွဲ့ခွဲစုမှူးရုံးမှရဲအုပ် ဇော်မျိုးဝင်းဦးစီးသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်သုမောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပို့/ဆက်နှင့် မြဝတီမြို့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြုအဖွဲ့များ၊ မထသအတွင်းရေးမှူး ဦးမောင်ချိုဦးစီးအဖွဲ့၊ မြဝတီမြို့ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့ ဘုရင့်နောင်လမ်းမကြီးနှင့် အာရှလမ်းမကြီးတွင် ဖြတ်သန်းသွားလာသည့် ဆိုင်ကယ်များကိုစစ်ဆေးကာ ဆိုင်ကယ်မောင်းသူများအား ယာဉ်စည်းကမ်းလမ်းစည်းကမ်းစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိရှိလိုက်နာရမည့်အချက်များအကြောင်း အသိပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်၌ မြို့နယ်အသီးသီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး၊ ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာရေးအတွက် အသိပညာပေးလုပ်ငန်းများကို ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## တရားမဝင် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံက ပြန်လည်လွှဲပြောင်း

**တာချီလိတ် အောက်တိုဘာ ၂**

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ကြသည့်မြန်မာလူမျိုးအလုပ်သမားများအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက စက်တင်ဘာ ၃၀ရက် နံနက်ပိုင်းက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁)တွင် လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ သိရသည်။

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီး ခုနစ်ဦးနှင့် အမျိုးသား ၁၅ ဦး စုစုပေါင်း ၂၂ ဦးကို လာရောက်လွှဲပြောင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ အလုပ်သမားများမှာ ထိုင်းနိုင်ငံရှိ ချင်းရိုင်း၊ ဖယောင်း၊ တပ်ဒ်၊ မယ်ဖလုံတို့၌ အလုပ်လုပ်ကိုင်နေကြစဉ် ထိုင်းတာဝန်ရှိသူများ၏ ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးအရေးယူခြင်းခံရခြင်းဖြစ်ပြီး လာရောက်လွှဲပြောင်းသူများအနက် တရားမဝင်သွားရောက်သူ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦး၊ နယ်မြေကျော်သွားရောက်သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦး၊ နယ်မြေကျော်နေထိုင်သူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရားမဝင်အလုပ်သမားများမှာ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှတစ်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ရှစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ခြောက်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ တစ်ဦးဖြစ်သည်။



လွှဲပြောင်းပေးခဲ့သော လုပ်သားများမှာ လူကုန်ကူးခံရခြင်းမရှိကြောင်းနှင့် အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများလည်းမရှိဘဲ ၎င်းတို့၏ဆန္ဒဖြင့် ကိုယ်တိုင်သွားရောက်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်နေကြသူများဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၂၂ ဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက လူကုန်ကူးမှုအန္တရာယ်နှင့်မြန်မာနိုင်ငံအတွင်း ပွင့်လင်းလာသည့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ရှင်းလင်းပြောကြားကာ တစ်ဖက်နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ လူ့အခွင့်အရေးဆုံးရှုံးမှုနှင့် လုပ်အားခေါင်းပုံဖြတ်ခံရမှုများကို သင်ခန်းစာယူကြရန် အားပေးစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ ဆွေမျိုးများထံ ခံဝန်ဖြင့်အပ်နှံခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လအတွင်း ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့် တရားမဝင်မြန်မာအလုပ်သမားများမှာ အမျိုးသား ၂၁၃ ဦး၊ အမျိုးသမီး ၈၆ ဦး၊ စုစုပေါင်း ၂၉၉ ဦး ရှိကြောင်းသိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မီးဘေးသင့်ပြည်သူများအား လှူဒါန်း

**ခရမ်း အောက်တိုဘာ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၌ စက်တင်ဘာ ၂၉ ရက်ညပိုင်းက ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်ခဲ့သည့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ခရမ်းမြို့ အမှတ်(၅)ရပ်ကွက် ကျောင်းသစ်ကျောင်းတိုက် ဓမ္မာရုံ၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန် ၁၇ အိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းမျိုးစုံပါ ပုံး ၁၇ ပုံး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါ စက္ကူပုံး ၁၇ ပုံး၊ Care Myanmar Family Kits မှ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံပါ အိတ် ၁၇ အိတ်၊ တောင်ပိုင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက ငွေကျပ်ရှစ်သိန်း၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ငွေကျပ်တစ်သိန်း၊ ပညာအားမာန် သူငယ်ချင်းများအဖွဲ့မှ ကျပ် ၃၂၆၀၀ တန်ဖိုးရှိ စောင်၊ ခြင်ထောင်နှင့် ခေါင်းအုံးများကို ပေးအပ်လှူဒါန်းရာ မီးဘေးသင့်ပြည်သူများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံခဲ့ပြီး မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့သည်။



**ကိုမင်း(ခရမ်း)**

## သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ရေတာရှည် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်နှင့် အသက် ၈၀ အထက် ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများပေးအပ်ခြင်း (၆) ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက စတင်ကျင်းပသည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်သို့ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များမှ ဘိုးဘွား ၁၃၅ ဦး တက်ရောက်ခဲ့သည်။ နိဗ္ဗာန်ဈေးပွဲတော်တွင် ဘိုးဘွားရိပ်သာနာယက ဒေါ်လှလှက ဘိုးဘွားရိပ်သာဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမင်းမင်းလတ်က သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပရခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ဘိုးဘွားရိပ်သာဥက္ကဋ္ဌကြီး ဒေါ်နော်လှမြင့်က အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ရေတာရှည်မြို့ခံ စေတနာရှင်များက နိဗ္ဗာန်ဈေးများ ဖွင့်လှစ်ခဲ့ပြီး လာရောက်ကြသည့် ဧည့်သည်များအား စားသောက်ဖွယ်ရာမျိုးစုံ တည်ခင်းကျွေးမွေး၍ အဘိုးအဘွားများကိုလည်း အဝတ်အထည်၊ ဆေးဝါးမျိုးစုံ၊ စားသောက်ဖွယ်ရာများနှင့်အလှူငွေများ စုပေါင်းလှူဒါန်းခဲ့ကြသည်။



**ကိုလွင်(ဆွာ)**

## သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို မိတ္ထီလာ ဘိုးဘွားရိပ်သာ၌ အောက်တိုဘာလ ၁ရက်က ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေနှင့်အလှူရှင်များက ဘိုးဘွားများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့ ဌာနဆိုင်ရာများနှင့် အလှူရှင်စေတနာရှင်များက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၂၁ သိန်းကျော်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အန်းဒရွိုက်ဖုန်းများအတွက် ဗိုင်းရပ်စ်သစ်များ ပေါ်ထွက်နေ

**ရန်ကုန် အောက်တိုဘာ ၃**

စက်တင်ဘာလဆန်းပိုင်းမှစ၍ Monkey Test နှင့် Time Service အမည်ရှိ အန်းဒရွိုက်ဖုန်း ဗိုင်းရပ်စ်သစ်များ စတင်ပေါ်ပေါက်လာပြီး စက်တင်ဘာလကုန်ပိုင်းတွင် မြန်မာနိုင်ငံမှ ဖုန်းအသုံးပြုသူများပါ အဆိုပါဗိုင်းရပ်စ်ကို ကြုံတွေ့လာနေရကြောင်း သိရသည်။

ယခင်က အန်းဒရွိုက်ဖုန်းများတွင် ဗိုင်းရပ်စ်ဝင်ရောက်မှု မရှိခဲ့ဖူးသော်လည်း ယခုပေါ်နေသော Monkey Test ဗိုင်းရပ်စ်မှာ အဆင့်မြင့်ဗိုင်းရပ်စ်တစ်မျိုးဖြစ်ကာ မြန်မာနိုင်ငံမှ ဖုန်းသုံးသူများပါ ဗိုင်းရပ်စ်ရန်ကို ခံနေရခြင်းဖြစ်သည်။

ဩဂုတ်လအတွင်းက Coolpad ဖုန်းများတွင် Monkey Test နှင့် TimeService ဆိုသည့် ဗိုင်းရပ်စ်ဝင်ရောက်နေသည်ကို စတွေ့ရရာမှ စက်တင်ဘာ ၁၈ ရက်တွင် ဗိုင်းရပ်စ် ဝင်ရောက်ကူးစက်ခံရသည့် ဖုန်းအရေအတွက် တရက်လျှင် ခုနစ်သိန်းအထိ ရှိလာကြောင်း၊ Samsung, Coolpad, Moto အပါအဝင် ဖုန်းမော်ဒယ်တစ်သောင်းကျော် ကူးစက်ခံရကြောင်း၊ အဆိုပါဗိုင်းရပ်စ်မဝင်ရောက်မီ Ghost Push ဆိုသည့် ဗိုင်းရပ်စ်က အရင်ဝင်ရောက်ပြီးမှ Ghost Push က ဖုန်း၏ System-level access ကို ရယူပြီး ဖုန်းကို root လုပ်ကာ MonkeyTest နှင့် Time Service များကို ထပ်မံဒေါင်းလုပ်ဒ်ချခြင်းဖြစ်ကြောင်း နည်းပညာကျွမ်းကျင်သူ ကိုညီညီလွင်က Facebook တွင် ရေးသားထားသည်။

ဖုန်းများတွင် ဗိုင်းရပ်စ်ဝင်ရောက်ပြီးပါက သိသာသော အချက်များအနေဖြင့် Monkey Test၊ Time Service စသည့်အမည်များ၊ ကိုယ်တိုင်အင်စတောလ် မလုပ်ထားသော အခြားအမည်များဖြင့် Application Icon များ ပေါ်လာခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ ဗိုင်းရပ်စ်၏ လုပ်ဆောင်မှုအနေဖြင့် ဖုန်း၏ အင်တာနက်ကို အလိုအလျောက်ဖွင့်ပြီး ကြော်ငြာများ၊ မလိုအပ်သော အပလီကေးရှင်းများကို ဒေါင်းလုဒ်ဆွဲနေခြင်းများကို လုပ်နေမည်ဖြစ်သည်။ ထို့ကြောင့် ဖုန်းဘေလ်များပိုကုန်လာခြင်း၊ ဒေါင်းလုဒ်ဆွဲလိုက်သော ဖိုင်များကြောင့် ဖုန်းသုံးရသည်မှာနှေးလာပြီ စက်ဟန်းခြင်းများဖြစ်နိုင်ကြောင်း လှည်းတန်းရှိ Today Mobile Service သင်တန်းမှ ဆရာတစ်ဦးက ပြောသည်။

ထို့အပြင် အချိန်ကြာမြင့်လာပါက ဗိုင်းရပ်စ်က ဖုန်း၏ Modem ဖိုင်များအထိ ဖျက်ပစ်နိုင်သဖြင့် ဗိုင်းရပ်စ်ဝင်ထားသည့် အချိန်ကြာပြီးသော ဖုန်းများတွင် ဗိုင်းရပ်စ်ကို သတ်ပြီးသည့်တိုင် အင်တာနက်ဖွင့်/ပိတ်၍ မရတော့ခြင်း၊ ဝိုင်ဖိုင်ကို ဖွင့်/ပိတ်၍ မရတော့ခြင်းများ ကြုံနိုင်ကြောင်း သိရသည်။ ထို့အပြင် ဗိုင်းရပ်စ်၏ ဖွဲ့စည်းထားပုံအရ အဆိုပါဗိုင်းရပ်စ်အနေဖြင့် ဖုန်းအတွင်းရှိ ဒေတာများကိုပါ ၄င်းနှင့်ချိတ်ဆက်ထားသည့် ဆာဗာများဆီသို့ အင်တာနက်မှတစ်ဆင့် ပေးပို့နိုင်ဖွယ်ရှိသော်လည်း လက်ရှိတွင်မူ မကြုံတွေ့ရသေးကြောင်းလည်း သိရသည်။

> **“ဗိုင်းရပ်စ်ဝင်လာရင် ဖုန်းက အော်တိုဝိုင်ဖိုင်တွေ ဖွင့်တတ်တယ်။ အင်တာနက်တွေဖွင့်တယ်။ ဆိုးလာတာက Data on ထားပြီးရင် ဖုန်းက လေးလာတာပဲ။ သူက သူ့အတွက် လိုတာတွေကို ဒေါင်းလုဒ်ဆွဲနေပြီလေ။ ဗိုင်းရပ်စ်က တော်တော်စုံလာရင်တော့ ဖုန်းမှာအမဲရောင် screen နဲ့ android System ဆိုတဲ့ Window က မကြာမကြာ တက်တက်လာမယ်။ ဒါဆိုရင် ဖုန်းရဲ့ Setting /app/All ထဲမှာ ကြည့်လိုက်တော့ မွထနေပြီပဲ. . . ”**

ဗိုင်းရပ်စ်ဝင်ရောက်မှုမှာ အပလီကေးရှင်းများကို အင်စတောလ်လုပ်ရာမှ စတင်ခြင်းဖြစ်ရာ ဗိုင်းရပ်စ်မဝင်ရောက်ရန်အတွက် စိတ်အချရဆုံးနည်းမှာ မည်သည့် အပလီကေးရှင်းကိုမှ အင်စတောလ်မလုပ်ရန်ဖြစ်သည်။ ဖုန်း၏ Setting, Security ထဲတွင် Unknown Sources ကို အမှန်ခြစ်ထားသည်ကို ဖြုတ်ထားခြင်းဖြင့် အန်းဒရွိုက်ဖုန်းများအတွက် အပလီကေးရှင်းများကို တရားဝင်ရောင်းချနေသည့် Google Playstore မှ အပလီကေးရှင်းများကိုသာ အင်စတောလ်လုပ်နိုင်တော့မည်ဖြစ်ရာ ဗိုင်းရပ်စ်များကပ်ပါလာသော အပလီကေးရှင်းများကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်မည်ဖြစ်သည်။ သို့သော် Playstore မှမဟုတ်သည့် အပလီကေးရှင်းများကို လည်း အင်စတောလ်မလုပ်ရန် မဖြစ်နိုင်သောကြောင့် မဖြစ်မနေ အင်စတောလ်လုပ်ရပါက ဗိုင်းရပ်စ်မပါကြောင်း သေချာသည့် အပလီကေးရှင်းများကိုသာ အင်စတောလ်လုပ်သင့်ကြောင်း သိရသည်။

“ဖုန်းသုံးတဲ့သူအနေနဲ့ နည်းပညာပိုင်းမကျွမ်းကျင်ရင်တော့ အဓိကအားဖြင့် Web ပေါ်မှာ မြင်မြင်သမျှ မကစ်ဖို့ပဲဗျ။ တရုတ် application တွေ၊ Du Speed Booster တို့လို App တွေမှာ ဝင်လာတတ်တယ်။ ပြီးတော့ Sex Video တွေကို ကြော်ငြာပေးတဲ့ Link တွေကနေ ဝင်လာတတ်တယ်။ ဆိုးတာက သူက တစ်ခုဝင်သွားရုံနဲ့ နောက်ဆက်တွဲက ဖြစ်လာတော့မှာလေ။ User က ဘာမှ လုပ်စရာမလိုဘူး။ Android Message Box လေးတက်လာပြီးတော့ ဖုန်းက လေးနေပါတယ်ဆိုရင် Ok လေးနှိပ်တာနဲ့ သူကအော်တိုဒေါင်းလုဒ်ဆွဲတာ။ ပြီးတော့ အင်စတောလ်လုပ်ရော”ဟု နည်းပညာပိုင်းဆိုင်ရာ Facebook Page တစ်ခုဖြစ်သော BMP IDE မှ အက်ဒမင် ကိုထူးဇော်ဖြိုးက ပြောသည်။

အဓိကအားဖြင့် ကြော်ငြာများပါသော အပလီကေးရှင်းများ၊ Sex ဆိုင်ရာ အပလီကေးရှင်းများမှာ ဗိုင်းရပ်စ် အများဆုံးပါဝင်သောကြောင့် အင်စတောလ်မလုပ်ရန် သတိပြုရမည်ဖြစ်ကြောင်း သိရသည်။ သို့သော် ကျွမ်းကျင်သူများ၏ လေ့လာချက်များအရ Talking Tom 3 ကဲ့သို့သော ဂိမ်းများတွင်လည်း အဆိုပါဗိုင်းရပ်စ်များ ပါဝင်နေကြောင်း သိရသည်။

“ဗိုင်းရပ်စ်ဝင်လာရင် ဖုန်းက အော်တိုဝိုင်ဖိုင်တွေ ဖွင့်တတ်တယ်။ အင်တာနက်တွေ ဖွင့်တယ်။ ဆိုးလာတာက Data on ထားပြီးရင် ဖုန်းက လေးလာတာပဲ။ သူက သူ့အတွက် လိုတာတွေကို ဒေါင်းလုဒ်ဆွဲနေပြီလေ။ ဗိုင်းရပ်စ်က တော်တော်စုံလာရင်တော့ ဖုန်းမှာအမဲရောင် screen နဲ့ android System ဆိုတဲ့ Window က မကြာမကြာ တက်တက်လာမယ်။ ဒါဆိုရင် ဖုန်းရဲ့ Setting /app/All ထဲမှာ ကြည့်လိုက်တော့ မွထနေပြီပဲ”ဟု ဗိုင်းရပ်စ်ဝင်ရောက်ပုံကို ကိုထူးဇော်ဖြိုးက ဆက်ပြောပြသည်။

ဗိုင်းရပ်စ်ဝင်ရောက်ပါက နည်းပညာကျွမ်းကျင်သူများအနေဖြင့် Busy Box နှင့် မြန်မာDeveloper တစ်ဦးရေးသားထားသော MCleaner အမည်ရှိ Tool များကို ဖုန်းတွင် အင်စတောလ်လုပ်၍ သတ်နိုင်မည်ဖြစ်သည်။ အဆိုပါ Tool များဖြင့် သတ်ခြင်းက ၈၀ ရာခိုင်နှုန်းခန့်အထိ စိတ်ချရသော်လည်း နည်းပညာဆိုင်ရာ မကျွမ်းကျင်သော သာမန်ဖုန်းသုံးသူများအနေဖြင့်မူ ဆိုင်သို့ပို့၍ ပြင်ခြင်းသာလျှင် စိတ်အချရဆုံးဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ဝင်သည့်အချိန် ကြာမြင့်လာပါက Firmware ပြန်ရေးရသည်အထိ ဖြစ်နိုင်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ဝင်ရောက်မှုမှာလည်း စက်တင်ဘာလကုန်ပိုင်းတွင် တဖြည်းဖြည်းများလာလျက်ရှိကာ ရန်ကုန်မြို့ ဖုန်းဆိုင်များသို့ ဆော့ဖ်ဝဲပိုင်းပြဿနာများကြောင့် ရောက်လာသည့်ဖုန်းများအနက် ၁၀ လုံးတွင် နှစ်လုံးခန့်မှာ အဆိုပါဗိုင်းရပ်စ်ကြောင့်ဖြစ်နေကြောင်း Today Mobile Service သင်တန်းမှ သိရသည်။

**သူရဖြိုး**

## New Product



ပြည်တွင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ဝင်ရောက်ခဲ့သည့် Oppo အမှတ်တံဆိပ် ဖုန်းမော်ဒယ်သစ် R7 Lite ဖုန်း၏ အားသာချက် အားနည်းချက်များကို ဖော်ပြလိုက်ပါသည်။

Oppo အမှတ်တံဆိပ် R စီးရီးစ်ဖုန်းများမှ နောက်ဆုံးထွက်ဖြစ်ပြီး အပြင်ပိုင်းကိုယ်ထည်အနေဖြင့် သတ္တုစပ်ကိုယ်ထည်နှင့် ပြုလုပ်ထားသဖြင့် လှပပြီး အကြမ်းခံသော ဒီဇိုင်းရှိကာ မျက်နှာပြင်အကျယ်မှာ ငါးလက်မဖြစ်သည်။ ထူးခြားချက်မှာ ကွေးညွှတ်ထားသော 2.5D Screen ပထမဆုံးအနေဖြင့် ပါဝင်လာခြင်းဖြစ်ပြီး အဆိုပါ Screen ကြောင့် မျက်နှာပြင်ကို လက်ချောင်းများဖြင့် ထိတွေ့သုံးရာတွင် ပိုမိုချောမွေ့စေမည်ဖြစ်သည်။

ကင်မရာပိုင်းတွင် 13 Megapixel ရှိသော နောက်ကင်မရာနှင့် 8 MP ရှိသော ရှေ့ကင်မရာများ ပါဝင်သောကြောင့် Selfie ရိုက်လိုသူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။ CPU အနေဖြင့် 1.5GHz 8 Core ပရိုဆက်ဆာ ပါဝင်ပြီး မင်မိုရီအနေဖြင့် 16GB ဖြစ်သည်။ ဘက်ထရီမှာ 2320 mAh Li-Po ဘက်ထရီဖြစ်သည်။ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး နက်ဝပ်အနေဖြင့် GSM နှင့် WCDMA နက်ဝပ်များတွင် အသုံးပြုနိုင်မည်ဖြစ်ကာ အင်တာနက် အသုံးပြုရာတွင် 3G နှင့် LTE စနစ်များအထိ အသုံးပြုနိုင်မည်ဖြစ်သည်။ အားနည်းချက်မှာ ဒုတိယဆင်းကတ်ကို ဖုန်း၏ SD ကတ်နေရာတွင် ထည့်သုံးရသောကြောင့် ဆင်းကတ်နှစ်ခုလုံး သုံးပါက မင်မိုရီကတ်ကို ထပ်မစိုက်နိုင်ခြင်းဖြစ်သည်။

**သူရဖြိုး**

## အမျိုးသားအဆင့် MCPA Quiz ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် MCPA Quiz 2015 (ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ)၏ အမျိုးသားအဆင့်ပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ အောက်တိုဘာ ၃ ရက်(ယနေ့) နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ငါးကြိမ်မြောက် Developer Conference ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သော Developer Conference ကို ပဥ္စမအကြိမ်မြောက်အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Developer Conference(Dev Con)သည် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာ၊ ဆော့ဖ်ဝဲ၊ နက်ဝက်နှင့် အိုင်တီနည်းပညာလုပ်ငန်းများမှ ပညာရှင်နှင့် လုပ်ငန်းရှင်များ၊ ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှစ်စဉ်တက်ရောက်၍ အိုင်တီနည်းပညာဆိုင်ရာများ၊ နောက်ဆုံးပေါ်နည်းစနစ်များကို ဆွေးနွေးဖလှယ်ကြသည့် တစ်ခုတည်းသော ဆွေးနွေးပွဲဖြစ်သည်။ Dev Con သို့ ပြည်တွင်းမှ ပညာရှင်များသာမက ပြည်ပနည်းပညာလုပ်ငန်းခွင်များသို့ ရောက်ရှိနေသော မြန်မာပညာရှင်များ၊ နိုင်ငံခြားတက္ကသိုလ်များမှ ပညာရှင်များပါ လာရောက်၍ ဝက်ဘ်၊ မိုဘိုင်းနှင့် Cloud နည်းပညာဆိုင်ရာများ၊ ဂိမ်းထုတ်လုပ်ခြင်း နည်းပညာများ၊ အန်းဒရွိုက် အပလီကေးရှင်းများ ရေးသားနည်းများ၊ E-Government ဆိုင်ရာ နည်းပညာများကို လက်ရှိနည်းပညာနယ်ပယ်တွင် လုပ်ကိုင်နေကြသော ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သည်။

ပြောင်းလဲလာသောခေတ်နှင့် စီးပွားရေး အခြေအနေများနှင့်အညီ တိုးတက်လာသောနည်းပညာများ၊ ပြောင်းလဲလာသော ဈေးကွက်အနေအထားများ၊ သိရှိထားသင့်သော ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်များကို ဆွေးနွေးပွဲမှတစ်ဆင့် သိရှိနိုင်မည်ဖြစ်ရာ နည်းပညာဆိုင်ရာ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သင့်သောပွဲလည်းဖြစ်သည်။

Dev Con 2015 သို့ တက်ရောက်လိုသူများအနေဖြင့် လက်မှတ်များဝယ်ယူ၍ တက်ရောက်ရမည်ဖြစ်ပြီး လက်မှတ်တန်ဖိုးမှာ ပုံမှန် ကျပ်တစ်သောင်းဖြစ်ကာ လက်မှတ်ကို ပွဲကျင်းပသည့်ရက်မတိုင်မီ ကြိုတင်ဝယ်ယူထားပါက ကျပ်ငါးထောင်ဖြစ်သည်။ MCPA အသင်း၏ Student Member များနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျပ်သုံးထောင်သာ ကျသင့်မည်ဖြစ်ကာ ပွဲကျင်းပသည့်ရက်တွင်မှ ဝယ်ယူပါက ပုံမှန်နှုန်းထားဖြစ်သော ကျပ်တစ်သောင်းကျသင့်မည်ဖြစ်ကြောင်း သိရသည်။ Dev Con ဖြစ်မြောက်ရေးအတွက် ပြည်တွင်းပြည်ပမှ နည်းပညာကုမ္ပဏီများက ပံ့ပိုးကူညီထားပြီး မီဒီယာပါတနာများအဖြစ် အင်တာနက်ဂျာနယ်၊ TechSpace နှင့် Itizen ဂျာနယ်များက ကူညီထားကြောင်း၊ တက်ရောက်သူများအတွက် နေ့လယ်စာနှင့် လက်ဆောင်များလည်း စီစဉ်ထားကြောင်း သိရသည်။

Dev Con အတွက် လက်မှတ်များဝယ်ယူရန်ဖြစ်စေ၊ အသေးစိတ်နှင့် နောက်ဆုံးသတင်းအချက်အလက်များကိုဖြစ်စေ ကြည့်ရှုနိုင်ရန်အတွက် www.devconmyanmar.org ဝက်ဘ်ဆိုက်ကိုလည်း လွှင့်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**



# (၆၃)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ ကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲကြီးကို စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ယခုနှစ်ကျင်းပသည့် (၆၃) ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲအောင်ပွဲကြီးတွင် ပုပ္ပားတောင်ကလပ်၌ ရေသွယ်ယူရေးလုပ်ငန်း ပြီးစီးနေပြီဖြစ်သဖြင့် မြန်မာပြည်အရပ်ရပ်မှလာရောက်ကြသည့် ယုံကြည်ကိုးကွယ်သူများနှင့် ဘုရားဖူးပြည်သူများမှာ သောက်သုံးရေ ခက်ခဲပြတ်လပ်မှုမရှိဘဲ လုံလောက်စွာသုံးစွဲနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးပြဿနာများမဖြစ်ပေါ်စေရန်အတွက်လည်း သန့်စင်ခန်း၊ ရေအိမ်များမှအစ ရေလုံလောက်စွာရရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးကိစ္စအတွက်လည်း CCTV ကင်မရာများကို နေရာ ၁၂ နေရာတပ်ဆင်၍ အချိန်ပြည့်ဝန်ထမ်းများဖြင့် စောင့်ကြပ်ကြည့်ရှုခဲ့ကြသည့်အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အင်အားပြည့်ကူညီခဲ့ကြကြောင်း ဂေါပကအဖွဲ့ဝင်ဦးလှဆင့်က ပြောသည်။

ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲနေ့မတိုင်မီ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့(စက်တင်ဘာ ၂၉ရက်)မှစ၍ တောင်ကလပ်တောင်ပတ်ဝန်းကျင် ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များတွင် ပရိသတ်များ အစုအဖွဲ့အလိုက် ရောက်ရှိလာကြပြီး လပြည့်ကျော် ၂ ရက်နေ့တွင် တောင်ကလပ်တောင်တော်သို့ လာရာလမ်းများဖြစ်သည့် ပုပ္ပားလမ်းနှင့် အောက်လမ်းဟုခေါ်သည့် ညောင်ပင်ဆိပ်လမ်းများတွင် မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ အနီးဝန်းကျင်မှ ခြေကျင်လာရောက်ကြသူများဖြင့် လမ်းလုံးပြည့်မျှဖြစ်ခါ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

"အမှန်က ဒီနှစ်ကတကယ်ကြီး မစည်ပါဘူးဗျာ။ မနှစ်ကလောက် ကြိတ်ကြိတ်တိုး၊ သွားလာမရလောက်အောင် မဖြစ်ပါဘူး။ လမ်းတွေပိတ်တယ်ပိတ်တယ်ဆိုတာက လမ်းကျဉ်းကျဉ်းမှာ အိမ်စီးကားလေးတွေက ရသလိုဇွတ်တိုး ဝင်ရင်းဝင်ရင်းနဲ့ မရတဲ့နေရာကျတော့ ကန့်လန့်ခံနေရော။ အဲဒီတော့ နောက်ကကားတွေ၊ဆိုင်ကယ်တွေပါ သွားလို့လာလို့ ခက်ကုန်ရော။ အဲလိုဖြစ်တာပါ။ ဒါတောင်မှ ဒီနှစ်က ယာဉ်ထိန်းတွေနဲ့ ရဲတွေ တော်တော်များများ နေရာယူပြီး ရှင်းပေးနေတာ"ဟု ကျောက်ပန်းတောင်းနှင့် တောင်ကလပ်သို့ ခေါက်တိုဆွဲနေသည့် ယာဉ်ပိုင်ရှင်ဦးထွန်းကျော်က ပြောသည်။

ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ အထိမ်းအမှတ်အဖြစ် ပုပ္ပားတောင်ကလပ်ဂေါပကအဖွဲ့မှ ဦးစီးနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် တော်သလင်းလပြည့်နေ့ နံနက်တွင် ဓနသိဒ္ဓိနန်းနှင့် တပင်ရွှေထီးနန်းတို့တွင် ပင့်သံဃာ ၁၁ပါးအား ဆွမ်းကပ်လှူပြီး နေ့လည်ပိုင်းတွင် ပင့်သံဃာ ၆၃ ပါးတို့အားဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာသူများ။

ထို့ပြင် လပြည့်ကျော် ၁ရက်နှင့် ၂ ရက်နေ့များတွင်လည်း သံဃာတော်များအား ဆွမ်းခဲဘွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ကျင်းပသော ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲအောင်ပွဲကြီးတွင် ဘိုးတော်အားယုံကြည်ကိုးကွယ်သူများက အောင်စည်အောင်မောင်းများ တီးခတ်ခြင်း၊ ရှမ်းအိုးစည်များ တီးခတ်ကခုန်ခြင်းအစီအစဉ်များဖြင့် အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

CAPITAL hypermarket

Furniture & Bedding Fair

29th Sept ~ 11th Oct, 2015 Yangon & Nay Pyi Taw





ပရိဘောဂနှင့်အိမ်ခန်းအသုံးအဆောင်ပစ္စည်းများ

သီတင်းကျွတ်အကြို အထူးဈေးရောင်းပွဲတော်

FREE Delivery

ကျပ် ၂၀၀,၀၀၀ ဖိုးနှင့်အထက် ဝယ်ယူပါက Delivery Free (သတ်မှတ်ဧရိယာအတွင်းသာ)

1st Sept ~ 15th Oct, 2015 GIANT SALE 2015 Win Trips To Hong Kong Disney Land

ကျပ် ၂သောင်း ဖိုးဝယ်ယူသူတိုင်း Hong Kong ခရီးစဉ် သို့ ၃ ညအိပ် ၄ ရက်ခရီး သွားရောက် လည်ပတ်နိုင်မည့် ကံထူးခွင့် အပါအဝင် ငွေကျပ် သိန်း (၃၀၀) တန်ဖိုးရှိ ကံစမ်းမဲအစီအစဉ်များတွင် ကူပွန်(၁) စောင်ရရှိနိုင်မည့်အခွင့်အရေး

# “ ဖုန်းတွေကို ပိုပို ပွတ် ဖို့ ”

# 1MB ကို ၆ ကျပ်



## အမြန်ဆုံး MPT 3G ကို 1MBလျှင် ၆ ကျပ်နှုန်းနှင့် ချိတ်ဆက်နိုင်ပါပြီ

**ဆွေသဟာ** ကိုရယူရန်
"SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS
ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်၊

SMS ဈေးနှုန်းသစ် ၁၀ ကျပ်

အင်တာနက် Package အသစ်ဖြင့် ဆွေသဟာကို အဆင့်မြှင့်လိုက်ပါ။

| မူလ ပမာဏ | လက်ဆောင် ပမာဏ | Package ဈေးနှုန်း | သက်တမ်း |
|---|---|---|---|
| 400 MB | 150 MB | 2,800 Ks | ၃၀ ရက် |
| 1 GB | 350 MB | 6,500 Ks | ၃၀ ရက် |
| 5 GB | 1.5 GB | 25,000 Ks | ၃၀ ရက် |

- MPT SIM ကဒ်ကို SIM slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက်ဝန်ဆောင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။
- ဆွေသဟာဝန်ဆောင်မှု ရယူထားသောသူများအတွက်သာ အကျုံးဝင်သည်၊
- Package ဝယ်ယူခကျသင့်ငွေကို ဖုန်းလက်ကျန်ငွေမှ နုတ်ယူပါမည်၊
- Data ဝန်ဆောင်မှုရယူရန် (400MB) သို့ (1GB) သို့ (5 GB) ဟုရိုက်ပြီး 1332 သို့ SMS ပေးပို့ပါ။

CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊

MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရှေ့သို့လှမ်းချီ မြန်မာပြည်


SAMSUNG
Galaxy
Galaxy Gift အသုံးပြုသူများသာ
ရရှိနိုင်သော အထူးကံစမ်း အစီအစဉ်
Samsung ဖုန်းသုံးစွဲသူများအတွက်
အပိုအခွင့်အရေးများနှင့် Discount
များရယူနိုင်ဖို့ Galaxy Gift
အက်ပလီကေးရှင်း ကို အသုံးပြုရင်း
SAMSUNG Galaxy Note5
များစွာ ထပ်မံ ကံထူးနိုင်မည့်
အခွင့်အရေး လာပါပြီ။
Galaxy Gift
ဘယ်လို ကံစမ်းကြမလဲ
အဆင့်(၁)
Play Store သို့သွားပြီး
Galaxy Gift ကိုရယူပါ။
အဆင့်(၂)
Samsung Device များဖြင့်
Galaxy Gift ကို
စာရင်းသွင်းပါ။
အဆင့်(၃)
Lucky Draw Campaign
ကိုရွေးချယ်ပါ။
အဆင့်(၄)
ကံထူးနိုင်မည့်
အခွင့်အရေး
ခလုတ်ကို နှိပ်ပါ။
အဆင့်(၅)
အကျိုးခံစားခွင့်နှင့် ပတ်သတ်သော
မတ်ဆေ့ချ်ကို ရရှိမည်ဖြစ်ပြီး
Samsung Galaxy
Gift Myanmar
အက်ပလီကေးရှင်း မှတဆင့်
ကံထူးသူအား
ကြော်ငြာပေးသွားပါမည်။
• Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတိုင်းအတွက်
Samsung Galaxy Note 5 ကို (၆) ကြိမ်တိုင်တိုင် ကံထူးနိုင်မည့် အထူးအခွင့်အရေး ဖြစ်သည်။
• ယခု ကံစမ်းအစီအစဉ်ကို နှစ်ပတ်တစ်ကြိမ် ပြုလုပ်သွားပါမည်။
• နီးစပ်ရာ Samsung Brand Shops များမှဝန်ထမ်းများကို လည်းအသေးစိတ်အချက်အလက်များမေးမြန်းနိုင်သည်။
• ကံထူးနိုင်မည့် အခွင့်အရေး ခလုတ်ကို နှိပ်ပြီး ယခု ကံစမ်းအစီအစဉ်တွင် အလွယ်တကူ ပါဝင်နိုင်ပါသည်။
• Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတစ်ဦးသည် နှစ်ပတ်လျှင် တစ်ကြိမ်သာ ကံစမ်းနိုင်သည်။
• Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းသာ နှင့် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG

သီတင်းကျွတ်ကာလအထူးအစီအစဉ်
(အောက်တိုဘာလ ၃၁ ရက်နေ့အထိသာ)

SUZUKI Way of Life!

Kyat 67 Lakh++
(US$ 5,777++)

Kyat 199 Lakh++
(US$ 17,900 ++)

SUZUKI NEW SUPER CARRY TRUCK

အရေအတွက်အကန့်အသတ်(First come ,First served)

The Brand New ERTIGA with 3-Row, 7-Seats!

facebook/Suzuki Myanmar Motor Co., Ltd.

အောက်ပါဆုရှင်ကြီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လွင်နှင့်စွမ်း မော်တော်**
ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၅၂၃၈၈၊ ၂၅၃၁၈၃၊ ၀၁-၃၇၁၇၆၂၊ ၃၉၃၀၇၀၊ ၀၉ ၇၉၅၅၅၉၉၉၅၇

**အောင် မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၆၇၉၁၆၊ ၆၅၅၈၁၃၊ ၀၁-၇၀၉၄၄၈၊ ၆၅၆၂၀၀

**မျိုး မော်တော်**
အမှတ် - ၁၉၂/၂၄၈ (ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၄၀၀၀၂၃၊ ၄၀၀၃၉၉၊ ၀၁-၅၅၆၆၈၅၊ ၅၄၆၃၄၅

**ရဲနဒီ မော်တော်**
အမှတ် - (၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၀၁၆၁၉ (Hot Line)၊ ၀၁-၂၀၂၁၄၃၊ ၀၁-၂၉၆၆၀၅၊ ၀၁-၂၉၇၂၁၄

**အေအိုင်ဂျီ မော်တော်**
၆/၂ သိပ္ပံလမ်း၊ ၆၀x၆၁ လမ်းကြား၊ ချမ်းမြေ့သာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆ ၊ ၀၉ ၇၃၀၄၀၃၇၇



၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်သည်
သိင်္ဂီရွှေဝါ မိုးထည်
အင်းလျားလမ်း (မွေ့စေတီလမ်းအနီး)၊ ကမာရွတ်မြို့နယ်။
Ph: 09-26 4545 008, 09-26 4545 009
NOW OPEN Hot Line 01-393143



October 5th
ကမ္ဘာ့ဆရာများနေ့
ကိုယ်ပိုင်သင်တန်း ဆရာ/ဆရာမများ၏ကမ္ဘာ့ဆရာများနေ့ အခမ်းအနားဖိတ်ကြားလွှာ
"ကမ္ဘာ့ဆရာများနေ့" အခမ်းအနားကို ကိုယ်ပိုင်သင်တန်းဆရာ/ဆရာမများ စုံညီစွာ စီစဉ်ကျင်းပလိုပါသဖြင့် မိတ်ဆွေဆရာ/ဆရာမများ မပျက်မကွက် တက်ရောက်ပေးကြပါရန် လှိုက်လှဲပျူငှာ ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။
၂၀၁၅-ခုနှစ်၊အောက်တိုဘာလ(၅)ရက်။
နေ့လည် (၁း၀၀) နာရီမှ ညနေ (၅း၀၀)နာရီ။
UMFCCI ခန်းမ၊ မင်းရဲကျော်စွာလမ်း၊ဒဂုံမြို့နယ်။
အခမ်းအနားဖြစ်မြောက်ရေးကော်မတီ



MANUFACTURING 2015 Myanmar
ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်း၊ ကုန်ကြမ်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာပြပွဲ
၁၅ - ၁၇ အောက်တိုဘာ ၂၀၁၅
(ကြာသပတေး - စနေ)
Myanmar Event Park ၊ ရန်ကုန်
စီးပွားရေးလုပ်ငန်းရှင်များသာ
အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု

မြန်မာနိုင်ငံ၏ အပြည့်စုံဆုံး ကုန်ထုတ်လုပ်မှုဆိုင်ရာပြပွဲကြီး
- ကိုရီးယား၊ စင်္ကာပူ၊ ထိုင်း နှင့်အခြားနိုင်ငံများမှ နိုင်ငံတကာ ပြသသူစာရင်းကျော်နှင့် တွေ့ဆုံနိုင်မည့် အရင်းအမြစ်
- စက်ပစ္စည်းများ၊ ကိရိယာများ၊ နည်းပညာများနှင့် ဖြေရှင်းနည်းများကို ကျယ်ပြန့်စွာပြသမည့်ပြပွဲ
- တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအဆက်အသွယ်များကို ဖန်တီးလိုက်ပါ
- လုပ်ငန်းနယ်ပယ်အတွက် နောက်ဆုံးပေါ် တိုးတက်မှုသတင်းများကို ရယူပါ
- ဝရိန်ဆော်နည်းပညာနှင့် ပတ်သတ်သည့် ဟောပြောပွဲသို့ အခမဲ့တက်ရောက်နိုင်မည့် အခွင့်အရေး

www.ManufacturingMyanmar.com

စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ဆက်သွယ်စုံစမ်းရန် ဦးထက်ဝေဖော်
ဖုန်း +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉
အီးမေးလ်။ events@sesallworld.com

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industy SMEs Development Department
Myanmar Engineering Society
MIA Myanmar Industries Association
AN ALLWORLD EXHIBITIONS EVENT

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ ၅လုံး၊ အခန်း ၁ ခန်း၊ မြေကွက် ၁ ကွက်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း ခြောက်လ တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး**

Lot(1) (၁) သိုရုံ-၇ အခန်း(၁) (၃၀'×၈၀'×၁၇') (သွပ်၊ အုတ်၊ ကွန်)၊ တကခ(၂)၊ အုပ်စု(၁၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

(ခ) **ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့မှ သိုလှောင်ရုံ(၃)လုံး**

Lot(2) (၁) မြ-၁၇၊(၈၂'×၃၆'×၁၄')၊ (မီးခံ၊ မီးခံ၊ကွန်) ပေါင်းတည်မြို့၊ လမ်း ၂၀။

Lot(3) (၂) မြ-၁၈၊ (၈၂'×၃၆'×၁၄') (မီးခံ၊မီးခံ၊ကွန်)၊ ပေါင်းတည်မြို့၊ လမ်း ၂၀။

Lot(4) (၃) မြ-၁၉၊(၈၂'×၃၆'×၁၄')(မီးခံ၊မီးခံ၊ကွန်)၊ပေါင်းတည်မြို့၊ လမ်း ၂၀။

(ဂ) **မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး**

Lot(5) (၁) မြ-၅(၈၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) နတ်မောက်မြို့၊ တမာပင်ရပ်။

(ဃ) **မန္တလေးတိုင်းဒေသကြီးမှ အခန်း(၁)ခန်း**

Lot(6) (၁) ပဆ-၉၁၈၈၊(၁၀'×၄၈'×၁၃') (သွပ်၊ အုတ်၊အုတ်)၊ အမှတ် ၁၂၂၊ ၈၄ လမ်း၊ (၃၀×၃၁ လမ်းကြား) မန္တလေးမြို့။

(င) **ဧရာဝတီတိုင်းဒေသကြီးမှ မြေ(၁)ကွက်**

Lot(7) (၁) မြေ ၀ ဒသမ ၀၅၉ဧက၊ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ မြောက်ပိုင်းရပ်ကွက်။

(စ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၀-၂၀၁၅ ရက်မှ ၁၃-၁၀-၂၀၁၅ ရက်အထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ဆ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၅-၁၀-၂၀၁၅ ရက် ၁၂း၀၀နာရီ၊ အမှတ်(၅၂)၊ နေပြည်တော်

(ဇ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၁၀-၂၀၁၅ ရက် မွန်းလွဲ ၁၃း၀၀နာရီ

(ဈ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အမှတ် ၂၂၈/၂၄၀၊ ဒုတိယ ထပ်၊ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ (၃၅)လမ်း၊(၆၄×၆၅) လမ်းကြား၊ပြည်ကြီးမျက်ရှင် ရပ်၊ မန္တလေး မြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၊ မကွေးမြို့နှင့် ခရိုင်ဦးစီးမှူးရုံး ပြည်မြို့။

(ည) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ၁၄-၁၀-၂၀၁၅ရက် အပြီး ပေးသွင်းရမည်ဖြစ်ပါသည်။

(ဋ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၅၂၊ နေပြည်တော်

(ဌ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ (၅) လုံး၊ အခန်း(၁)ခန်း၊ မြေကွက်(၁)ကွက်တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၂-၃၆၃၃၈၊ ၀၂-၃၆၃၄၀၊ ၀၄၂-၂၄၅၂၃၊ ၀၅၂-၂၂၂၁၈၄၄၊ ၀၅၃-၂၈၀၃၂၊ ၂၈၀၂၀၊ ၀၆၃-၂၃၁၉၇ တို့သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား တစ်ဦးတစ်ယောက်က တရားစွဲဆိုရန် (သို့မဟုတ်) ခုခံချေပနိုင်ရန် ချအပ်သည့်နို့တစ်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် -၃၅၉**

ဒေါ်ငွေခိုင်(ခ)ဒေါ်လှမေ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဖုန်းတင့်) **နှင့်** အမှတ် (၇)မော်တော်ယာဉ်အသင်း (၎င်း၏ဥက္ကဋ္ဌ ဦးကျော်ဆွေ)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်ရပ်၊ အကွက် (၃၇၄)နေ အမှတ် (၇)မော်တော်ယာဉ်အသင်း သိစေရမည်။

တရားလို ဒေါ်ငွေခိုင်(ခ)ဒေါ်လှမေ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဖုန်းတင့်)က အမှတ်(၇) မော်တော်ယာဉ်အသင်း(၎င်း၏ဥက္ကဋ္ဌ ဦးကျော်ဆွေ) အပေါ်တွင် အထက်ပါ တရားမမှု အခမဲ့သုံးစွဲခွင့်ပြုထားသော အမှတ် (၇)မော်တော်ယာဉ်အသင်းအား အချင်းဖြစ်မြေနှင့် အဆောက်အအုံမှဖယ်ရှား၍ လက်ရောက်ရလိုကြောင်း စွဲဆိုသည်ဖြစ်၍ အငြင်းပွားသည့်အကြောင်း အရာရာအရပ်ရပ်ကို ရုံးတော်က ကောင်းမွန်စွာ အပြည့်အစုံ(စီရင်ဆုံးဖြတ်)ရှင်းလင်းရန်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် သို့မဟုတ် ၎င်းရက်မတိုင်မီ ဤကဲ့သို့ အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား ထည့်သွင်းရန် သဘောတူမတူကို ရုံးတော်တွင် လျှောက်ထားရမည့်အကြောင်းနှင့် နို့တစ်စာချအပ်ပါသည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ယခုရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဒေါ်သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ ရန်ကုန်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော F.D.Aအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈၊ ၀၁-၅၄၄၀၀၀**

---

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

လှိုင်(အုတ်ကျင်း)၊ ဘောဂမြိုင်လမ်း၊ အမှတ်(၁၈)၊ ၁၂.၅ပေ× ပေ ၅၀ ငါးလွှာ (ဒါဘာ)ကြွေခင်း/ကပ် အပြည့်(Hall) တိုက်သစ်အရှေ့လှည့်အား ကျပ်သိန်း ၂၅၀။

**ဖုန်း-၀၉-၄၂၀၀၀၄၀၃၅၊ ၀၉-၉၇၄၁၃၀၀၄၅၊ ၀၉-၇၉၅၅၃၂၄၀၆**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀**
**ချမ်းအေးသာစံမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁**

ဦးအောင်ကျော်ဦး **နှင့်** ကိုကျော်စွာ

**တရားလို** **တရားပြိုင်**

ကိုကျော်စွာ (ဘ) ဦးဝမ်းအောင် ၅/ထခန(နိုင်)၀၂၈၆၅၄ ညောင်ပင်သာကျေးရွာ၊ ထီးချိုင့်မြို့နယ်၊ ကသာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်ဖိုးကြွေးတင်ယူငွေ ၃၂၄၂၈၅၇ ကျပ်ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိခိုင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

---

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၁ နှင့်ဆက်နွယ်သည်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၆၉**

ဒေါ်ကြည်ကြည်ဝင်း **နှင့်** ဒေါ်ခင်သန်းတင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ်(၁၅၂၅)၊ ဖိုးရာဇာလမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရှုံး ဒေါ်ခင်သန်းတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကြည်ကြည်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ၅ရက်(၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၄၀၈)၊ ဧရိယာ၀ဒသမ၀၈၂ဧကရှိ ဒေါ်ခိုင်မာမြင့် အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးစည်သူဦး (အထူးကိုယ်စားလှယ်လွှဲစာရသူ) ၉/မတရ(နိုင်)၀၉၃၉၇၇ (ဘ)ဦးညွန့်ဦး မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## မျိုးဝက်မခြံမန်နေဂျာ တိ/မွေးကုဆရာဝန် (၁) ဦး ခြံနေ၊ ခြံစား (စရိတ်ငြိမ်း) အလိုရှိသည်။

လစာ ၃၀၀၀၀၀ဝိ/- နှင့်အထက် (ညှိနှိုင်း)

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၉၅၅၁၊ ၀၉-၇၉၀၁၃၂၇၈၉၊ ၀၉-၃၃၂၈၅၂၅၂**

---

## တိုက်ခန်းရောင်းမည် (နေရာကောင်း/ပွဲစားမလို)

၁။ စမ်းချောင်း၊ ပေ (၂၅×၅၀)၊ 4.F (၅-လွှာ)၊ Hall (မပြင်ရသေး)၊ ကိုယ်ပိုင်(ရေ၊ မီး)၊ ဗဟိုလမ်းမနီး၊ ရှေ့/နောက်ဝရံတာပါ၊ တိုက်ခန်းအသစ်။ **ကျပ် (၈၉၅)သိန်း**

၂။ စမ်းချောင်း၊ ပေ (၂၅×၅၀)၊ 4.F(၅-လွှာ)၊ ကျွန်းပါကေး၊ MBR (1)၊ BR (1)၊ ဘိုထိုင် (2) ကြွေပြားပြည့်၊ သံပန်းဆန်းရှိတ်၊ ပြင်ပြီးတိုက်ခန်းအသစ်။ **ကျပ်သိန်း (၉၅၀)**

၃။ စမ်းချောင်း၊ ပေ (၁၂½×၅၀)၊ မြေညီ (ထပ်ခိုးပြည့်)၊ R.C၊ ထပ်ခိုး(ကျွန်းပါကေး၊ BR) မြေညီ (Hall) ကြွေပြားပြည့်၊ ဘိုထိုင်၊ ပြင်ပြီးတိုက်သစ်။ **ကျပ်သိန်း (၉၃၀)**

(ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်) **ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄**

---

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**စစ်တွေခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် စစ်တွေဘဏ်ခွဲ။ **နှင့်** ၁။ ဦးထွန်းသိန်း ၂။ ဒေါ်နုနုလှ အမှတ် ၃၉ လမ်းမကြီး၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့

**တရားနိုင်** **တရားရှုံးများ**

စစ်တွေခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၈/၂၀၀၉)အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ ရွှေပြားအကွက်အမှတ် ၃၁၊ ဦးပိုင်အမှတ် ၉၇/ဆ၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ အောက်ထပ်ကွန်ကရစ်ခင်း၊ အုတ်ကာနှစ်ထပ်တိုက်အိမ်တစ်လုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုနိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်း အတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**ခရိုင်တရားသူကြီး**
**စစ်တွေခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**စဉ့်ကိုင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၂၂**

ဦးချစ်တင် **နှင့်** ဦးကျော်မင်းစိုးပါ(၂)

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးကျော်မင်းစိုး(ဘ)ဦးတင်မြ၊ ယာဉ်မောင်း အမှတ် (၂)ချောင်းဒေါင်းရပ်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်တင်က ယာဉ်အမှတ် (3H/6224)(၁၂)ဘီးကားယာဉ်ဖြင့် ထိခိုက်မိ၍ ယာဉ်အမှတ် (8E/6814)လိုက်ထရပ်ယာဉ် ထိခိုက်ပျက်စီးခဲ့ရသဖြင့် ပြင်ဆင် စရိတ်နစ်နာကြေး (၃၈၂၅၈၅၀ဝိ/-) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်အသီးသီးတို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) နံနက် ၁၀နာရီတွင် တရားလို၏စွပ်စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညိုဌေး)**
**မြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုခင်
### (ဒုဥက္ကဋ္ဌ-မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)
### အသက်(၇၇)နှစ်

ဦးအေးကို (ဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး၊ ဦးဇော်ညွန့်ဦး(မန်နေဂျင်းဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး (President & CEO မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးအောင်ထွန်းဦး(ခ)ဦးထွန်းထွန်းဦး(ဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူချို တို့၏မိခင်ကြီး ဒေါ်နုနုခင် အသက်(၇၇)နှစ်သည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် (အထက်မြန်မာပြည်ရုံးခွဲများ)မှ ဝန်ထမ်းများကလည်း မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်**
**(ဟုမ္မလင်း၊ ခန္တီး၊ ထမံသီမှ ဝန်ထမ်းများ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်မေ
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
### အသက်(၇၇)နှစ်

ဦးကိုကိုအောင်(အင်ဂျင်နီယာချုပ်၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ဝင်းဝင်းရွှေတို့၏မိခင်သည် ၃၀-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာဌာန ဝန်ထမ်းများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**


# ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးကြေညာ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃ ရက်တွင် တာမွေမြို့နယ်အတွင်းရှိ (မေတ္တာညွန့်၊ နတ်ချောင်း၊ တာမွေကြီး(ခ)တာမွေကြီး (က+ဂ)၊ ဝါဝါဝင်းအိမ်ရာ၊ ချမ်းသာဂုဏ်ရောင်အိမ်ရာ)၊ သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ (၉၀န၊ စ-သုမင်္ဂလာ၊ ၁၀ သိန်း၊ ၉/မ၊ ၉/တ၊ ဦးစံဖေ၊ ဗိုလ်ကံညွန့်၊ (ခ) ရပ်ကွက်၊ (က) ရပ်ကွက်၊ ကျိုက်(န)၊ ၁၆/၄ ရပ်ကွက်၊ ၁၆/၃ရပ်ကွက်၊ ၁၆/၂ ရပ်ကွက်၊ ရန်အောင်၊ င/က ရပ်ကွက်၊ ဆ/က ရပ်ကွက်၊ ဆ/ ခ ရပ်ကွက်၊ ၃ ရပ်ကွက် (မိချောင်းကန်)ရပ်ကွက်)နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၂၊ ၂၆) ရပ်ကွက်တို့၌ အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများရှိမည်ဖြစ်သည်။

အောက်တိုဘာ ၄ ရက်တွင် ဗဟန်းမြို့နယ်အတွင်းရှိ ရွှေဂုံတိုင် (အရှေ့၊ အလယ်)၊ သာသနာ့ရိပ်သာ၊ ရွှေတောင်ကြား (၂)လမ်း၊ ဆ. သ. ရ ဗိုလ်စိန်မှန်လမ်း၊ ဆ. သ. ရ ဗိုလ်စိန်မှန် ငါးထပ်ကြီးဘုရားလမ်း၊ ပုလဲကွန်ဒို (C,D,E,F) တာမွေမြို့နယ်အတွင်းရှိ တာမွေကြီး (က၊ က/ခ၊ (က+ဂ)) ရပ်ကွက်များ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ(၆၊၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၅၁၄၊ ၁၅၊၁၆) ရပ်ကွက်တို့၌ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်သည်။

ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများ ဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## ဒေါ်တင်ရီ (သင်းကျွန်း)
### တောက်ထိန်တောင်ယောဂီ
### အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းရွာနေ (ဦးထွန်းတင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးလှစိုး(ဇေယျ-၆၄)၊ သင်းကျွန်းရွာနေ မကြည်လှ၊မောင်ထွေးအောင်တို့၏မိခင်သည် ၃၀-၉-၂၀၁၅ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် သင်းကျွန်းရွာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးကျူး(ခ)ဦးပြုံး
### သာကေတမြို့နယ် 'ရွှေလဝင်း' စက်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ
### အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ သာယာကုန်းကျေးရွာနေ (ဦးဖိုးစိန်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်) ရပ်ကွက်၊ ဇမ္ဗူသီရိအနောက် ၂လမ်း၊ အမှတ် ၆၄ (ခ)နေ ဒေါ်စိန်၏ခင်ပွန်း၊ ဦးသောင်းရွှေ-ဒေါ်ခင်လှ၊ (ဦးသန်းအေး)-ဒေါ်ကျင်ဝိုင်း၊ ဦးသန်းဦး-ဒေါ်တင်ဝင်း၊ ဦးဝင်းဦး-ဒေါ်ကြည်အေးတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏အဘိုးသည် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အမှတ် ၆၄ (ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မခင်အေးနိုင်(ခ)နိုင်နိုင်
### (တောင်ကြီး)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၇/၁၀နေ ဦးလှမြိုင် - (ဒေါ်မြကြင်)တို့၏သမီး၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ ယုဇနလမ်း၊ အမှတ် ၁၀၄၃နေ (ဦးတင်လှ)-ဒေါ်သန်းရင်တို့၏ချွေးမ၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဇောတိက ၃ လမ်း၊ အမှတ် ၁၆၈နေ ဦးစိုးဝင်း (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ ဇနီး၊ ဒေါ်နွယ်နွယ်အောင်၏ အစ်မသည် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် စမ်းချောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## (၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း

ဗိုလ်ချုပ်ကြီးမဟာသရေစည်သူ စိုးဝင်း ကွယ်လွန်ခဲ့သည်မှာ ၁၂-၁၀-၂၀၁၅ရက်တွင် (၈)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ခွဲခွာသွားခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူ နှမြောတသသတိရဆဲဖြစ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း-ဇနီးဒေါက်တာဒေါ်ဝေဝေသာ မိသားစု**
**သမ္မတရုံးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ
### အသက်(၈၃)နှစ်

ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ်(TIWJS Co.,Ltd.) (Ever Seiko Co.,Ltd.)တို့၏ဖခင်၊ ဦးတင်မောင်(ခ)ရှဲ့ကျုံးထီသည် ၂၃-၉-၂၀၁၅ရက်တွင် ထိုင်းနိုင်ငံ Param 9 Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ
### (General Drugs House Company Limited)
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ် ၂၃နေ (ဒေါ်ကြင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအပ်ခြို(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(General Paints & Chemicals Industries Co.,Ltd)၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(TWJS Co.,Ltd.)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ်(TWJS Co.,Ltd.) (Every Seiko Co.,Ltd.)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး(TWJS Co.,Ltd.) (Oriental Orchid Co.,Ltd.) တို့၏ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ အသက်(၈၃)နှစ်သည် ၂၃-၉-၂၀၁၅ရက် ထိုင်းနိုင်ငံ စံတော်ချိန် ည ၇း၂၂နာရီတွင် Praram 9 Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်-ဒေါ်နော်နော်**
**ဇာနည်ဆေးဆိုင်(မိသားစု)**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အမာတင် (လပွတ္တာမြို့)
### အသက်(၇၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၅၆နေ ဦးကျော်ရင်၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းဗိုလ်-ဒေါ်ကျင်ညွန့်၊ ဦးမြင့်ခိုင်-ဒေါ်ယဉ်ယဉ်၊ ဦးမြင့်အေး-ဒေါ်ယဉ်ယဉ်မွေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာဝင်း (တောင်ငူ)
### အထပြ(ငြိမ်း)၊ အထက(၂)သထုံ
### အသက်(၆၈)နှစ်

သထုံမြို့၊ သုဓမ္မဝတီမြို့သစ်၊ (၈)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် C-29 နေ (ဦးမောင်)-ဒေါ်ရွှေတင်တို့၏သမီး၊ ဦးကျင်ဖေ-(ဒေါ်လှမြိုင်)တို့၏သမီးချွေးမ၊ ဦးအုန်းမြင့်[ဒု-ဝန်ကြီး(ငြိမ်း)၊ လယ်/ဆည်]-ဒေါ်သက်ဝါ၊ ဦးအေးမင်း-ဒေါ်တင်တင်နွယ်တို့၏ညီမ၊ ဦးဝင်းအောင်-ဒေါက်တာဒေါ်မိုးမြင့်(ပင်လုံဆေးရုံအုပ်)တို့၏အစ်မ၊ ဦးကျော်ဝင်း(ဌာနခွဲမှူး၊ တာယာစက်ရုံ)၏ဇနီး၊ ဒေါ်စုမွန်ကျော်(အလယ်တန်းပြ၊ ကာယ၊ အထက-၃၊ ကတိုက်ကလေး)၏မိခင်သည် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သုဓမ္မဝတီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အမာဟန် (အလက၊ ငြိမ်း)
### ရေကျော်၊ ဥမြို့နယ်
### အသက်(၆၂)နှစ်

အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးညွန့်-ဒေါ်မြင့်မြင့်ခိုင်(အလက၊ ငြိမ်း)တို့၏အစ်မ ဒေါ်အမာဟန်သည် ၂၉-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/အမှုထမ်းများ**
**အား/ကာသိပ္ပံ(မော်လမြိုင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းတင်(ခ)ရခိုင်ကြီး
### ဟံသာဝတီ ကားပွဲစားတန်း(အရည်ကျို)
### အသက်(၄၁)နှစ်

ရုတ်တရက် ခွဲခွာသွားလိမ့်မယ်လို့ ဘယ်လိုမှ မထင်မှတ်ခဲ့တဲ့အတွက် ဦးအောင်လွင်ဦး မိသားစုမှ ဝမ်းနည်းကြေကွဲရပါတယ်။

**ဦးအောင်လွင်ဦး မိသားစု**
**A.L.O (Car Sale.Center)**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တတေဇောဘာသ
### (အရာခံဗိုလ်ထွန်းလွင်) (ရဲညွန့်ဟောင်း)
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၁၆)ဝါ

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီလဝါတောရကျောင်း (မိုးကြိုးစွမ်း)တွင် သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အရာခံဗိုလ်ထွန်းလွင်) ရဲညွန့်ဟောင်းသည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၄ရက်) ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၅း၁၅နာရီတွင် ဘဝနတ်ထံပျံ လွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တောင်သလင်းလပြည့်ကျော် ၆ရက်) ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် သီလဝါတောရကျောင်း(မိုးကြိုးစွမ်း)၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစုများနှင့် တပည့်ဒါယကာများ

## ဦးသာဆင် (ပြွန်တန်ဆာ၊ ချောင်းရင်းရွာ)
### ရသာရုံကားဘော်ဒီဆရာကြီး
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာနေ (ဦးရွှေဘော်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်ညို)၏ခင်ပွန်း၊ ဦးမြတ်သူ-ဒေါ်နီနီလွင် (အထက-၅၊ တာမွေ)၊ ဦးရဲထွဋ်-ဒေါ်ဝေဝေမြင့်၊ ဦးတင်ထွဋ်၊ ဦးစောယု-ဒေါ်သီတာ၊ ဦးအောင်သူ-ဒေါ်ဝါဝါမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးမင်းသူတို့၏ဖခင်ကြီးသည် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈း၅၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ဖေ
### (မြန်မာ့မီးရထား၊ ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ကတန်ကျွန်းလမ်း၊ အမှတ် ၁၃၂နေ(ဦးဘဦး-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးထွန်းလွင်-ဒေါ်စိန်နွဲ့)တို့၏သားသမက်၊ [ဒေါ်ငြိမ်းမြင့် (ပညာရေး၊ ငြိမ်း၊ ပဲခူး)]၏ခင်ပွန်း၊ ဦးလှကြိုင်(ခ)ဦးဝိဝေက-ဒေါ်နန်းနန်းအေး၊ ဦးသက်ဆွေ-ဒေါ်မာမာအေး(ပဲခူး)၊ မမြတ်သူ၊ ကိုအောင်လှထူး-မဝင်းသန္တာထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ရွှေ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ(၇)လမ်း၊ အမှတ် ၃၀၄/ကနေ (ဦးဘသော်-ဒေါ်သန်းမျှင်)တို့၏ သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ပျဉ်းကတိုးလမ်း၊ အမှတ် ၈၇ နေ (ဒေါ်နွဲ့ကြည်)၏ခင်ပွန်း၊ ဦးကိုကိုနိုင်၊ ဦးသိန်းငွေ-(ဒေါ်မဉ္ဇူ)၊ ဒေါ်စပယ်၊ ဦးယဉ်နွယ်တို့၏ဖခင်၊ မအိချမ်းမြငြိမ်း၏အဘိုးသည် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၄)ရပ်ကွက်၊ပျဉ်းကတိုးလမ်း၊အမှတ် ၈၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း(ခ)
## ဦးအောင်ငယ် (မြိတ်)
### အသက်(၅၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကျောက်မီးသွေးလမ်း၊ အမှတ် ၂၅၂နေ (ဦးယုန်ကြည်)-ဒေါ်စန်းတင့်တို့၏ချစ်လှစွာသောသား၊ဦးမျိုးအောင်-ဒေါ်ယုယုကြူ၊ ကိုအေးသန်း-မမြင့်မြင့်သီတို့၏ညီ/မောင်၊ မငွေးငွေးကြူ၊ ကိုသန်းဝင်း-မငွေးငွေးရှိန်တို့၏ အစ်ကို၊ မောင်ဖြိုးသန့်ပိုင်၊ မမျိုးယုသော်၊ မောင်အောင်ထွန်းကျော်၊ မောင်နေသန့်ခိုင်၊ မောင်မိုးရှန်ဟိန်း၊ မောင်မျိုးရဲဟိန်း၊ မောင်မျိုးရဲသူတို့၏ဦးလေးသည် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့် (ခတ္တိယ)
### အသက်(၈၁)နှစ်

(ဦးအုန်းရွှေ - ဒေါ်ငွေစိန်)တို့၏ သမီး၊(ဦးအုန်း-ဒေါ်သိန်း)တို့၏ချွေးမ၊ ဦးအောင်ချိုထွန်း (ပထဝီဝင်ဌာန၊ အနောက်ပိုင်းတက္ကသိုလ်) - ဒေါ်မိုးမိုးကြည်၊ (ဦးမင်းအောင်ဆွေ)-ဒေါ်စန်းစန်းဦးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိန်လှိုင် (မဒေါက်)
### CDC-3257
### လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)
### မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန ၁လမ်း၊ အမှတ် ၉နေ (ဦးချစ်ခိုင်-ဒေါ်သန်းရွှေ)တို့၏သား၊(ဦးတာတီး-ဒေါ်ရတီ)တို့၏ သားသမက်၊ ဒေါ်တင်လှ (ကကလုံ၊ ငြိမ်း)၏အစ်ကို၊ ဒေါ်ခင်ဝင်းချစ်၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုကျော်မိုးနိုင်)၊ ကိုအောင်သော်မိုး-မကြည်ကြည်ဆွေ၊ မစုစုလှိုင်(ရေကြောင်းဦးစီးဌာန)၊ ကိုမျိုးခင်-မစုစုသော်၊ မနန်းရူပါလှိုင်၊ မချောရူပါလှိုင် (it star mobile)၊ ဗိုလ်ကြီးအောင်ပြည့်ဖြိုး (တပ်မတော်ဗိုလ်ရွေးအဖွဲ့)-မသီရိဖြူစင်သန့်တို့၏ ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၁၀-၂၀၁၅ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းထွဋ်
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်နေ ဒေါ်ချိုပြုံးဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသုခိုင်-မကေသီစိန်သန်း၊ မောင်သက်မင်းညို-မဇင်ထက်ထက်လှိုင်၊ Patrick Cher-မဝိုင်းသဉ္ဇာအိ၊ မလှချောစုတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ကမ္ဘာ့အကြီးဆုံး စာအုပ်သင်္ဘောကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက် စာအုပ်များကို လွတ်လပ်စွာဝယ်ယူနိုင်မည့်အပြင် အခမဲ့လေ့လာနိုင်

သတင်း-သီဟသူ
ဓာတ်ပုံ-ဘအေး



**ရန်ကုန်  အောက်တိုဘာ ၂**

ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းသင်္ဘောကြီးဖြစ်သည့် M.V Logos Hope သည် စေတနာ့ဝန်ထမ်း သင်္ဘောသားနှင့် လုပ်အားပေးသူ ၄၀၀ ကျော်နှင့်အတူ ရန်ကုန်မြို့ အလုံနိုင်ငံတကာသင်္ဘောဆိပ်ကမ်းသို့ ယနေ့နံနက် ၉ နာရီတွင် ဆိုက်ရောက်လာခဲ့ကြောင်းသိရသည်။

အဆိုပါသင်္ဘောကြီးသည် ရန်ကုန်မြို့တွင် အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်နေ့အထိ သုတ၊ ရသ၊ နည်းပညာဆိုင်ရာစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ၊ အတတ်ပညာ၊ ဆေးပညာ၊ အားကစားနှင့်ကလေးစာပေ စသည့် စာအုပ်ပေါင်း ငါးထောင်ကျော်ကို သက်သာသောနှုန်းထားများဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရပြီး ယင်းသင်္ဘောကြီးပေါ်တွင် လိုက်ပါလာသည့် စေတနာ့ဝန်ထမ်းလုပ်အားပေးများက

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

## ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ မြန်မာအသင်းသရေကျ



သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန်  အောက်တိုဘာ ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) တတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းနှင့် တီမောအသင်းတို့ ဂိုးမရှိသရေကျသွားသည်။

ခြေစွမ်းပိုင်းနှင့် ရရှိခဲ့သည့် ဂိုးသွင်းခွင့်များကြောင့် အိမ်ရှင်မြန်မာအသင်း အနိုင်ရသင့်သော်လည်း ဂိုးကံခေမှု၊ အဆုံးသတ်အားနည်းမှုများကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ တီမောအသင်းမှာ ဩဂုတ်လက ကျင်းပခဲ့သည့် အာဆီယံယူ-၁၉ ပြိုင်ပွဲကတည်းက မြန်မာအသင်းကို အခက်တွေ့အောင်ကစားပြီး

*စာမျက်နှာ ၁၄ ကော်လံ ၄* ◆

## ယူရိုပါလိဂ် အုပ်စုဒုတိယပွဲစဉ်တွင် လီဗာပူးတို့ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အုပ်စု ဒုတိယပွဲစဉ်များကို စက်တင်ဘာ ၂ ရက် နံနက်က စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပွဲစဉ်များအနက် အုပ်စု(B)မှ အင်္ဂလန်ကလပ် လီဗာပူးနှင့် ဆွစ်ဇာလန်ကလပ် ဆီယွန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် အဆင့် ၉ နေရာ၌ရှိနေပြီး နည်းပြရော်ဂျာသည် ဖိအားပေးခံနေရသည်။ ယခုပွဲတွင် နည်းပြရော်ဂျာသည် ၄-၁-၂-၃ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဂျော်ဒန်အိုင်ဘီ၊ ဒန်နီအင့်စ်၊ အိုရီဂီ၊ လယ်လာနာ၊ ဂျိုးအလန်၊ ရော့စ်စစ်တာနှင့် နောက်တန်းတွင် ဂိုမက်ဇ်၊ ကိုလိုတိုရေး၊ အီမရီကန်း၊ စီလီနီ၊ ဂိုးနေရာ၌ မစ်နိုလတ်တို့ပါဝင်လာသည်။

ဆွစ်ဇာလန်ကလပ် နည်းပြဒီဒီယာသိုလော့၏ ဆီယွန်အသင်းမှာ ဆွစ်ဇာလန် စူပါလိဂ်တွင် ၁၀ သင်း ယှဉ်ပြိုင်သည့်အနက် အဆင့်ငါး၌ ရပ်တည်နေသည်။ ဆီယွန်အသင်းသည်လည်း ၄-၁-၂-၃ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။

ပွဲစပြီး လေးမိနစ်တွင် အိုရီဂီဖန်တီးပေး၍ လယ်လာနာက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၁၈ မိနစ်တွင် ဆီယွန်အသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး အက်စ်စီဖတ်က သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၆* ✻


**ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း**



ဆရာသောင်း
(ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ မြန်မာ့အသံရေဒီယိုမှာလည်း ပြုံးပဒေသာဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်နဲ့ ရေးနေပြီး မြို့မ(ရမည်းသင်း)တေးဂီတအဖွဲ့တွေမှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက်လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင်၊ အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ် ကိုရောက်လာပြီး **"ဆရာ၊ ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ **"ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါး"**ကို ညအိပ်ယာဝင်တိုင်းလိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ၊ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ။ စာလည်းရေးနိုင်ပြီး သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ . . . **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်. . .

ဆရာသောင်း(ရမည်းသင်း)၊ အလီမ္မာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်တင်နွဲ့ရီ၊ 'ရွှေမိုးငွေမိုး'ဖိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)


မြန်မာ့အလင်း
mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

ရွေးကောက်ပွဲကျင်းပရန်

**၃၆**


ရက်သာလိုတော့သည်။






## မဲပုံး


ပလတ်စတစ် အကြည်ပုံးများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့) တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းရင်းသားလူမျိုး မဲပုံးစသည့် မဲပုံးများတွင် လွှတ်တော် အမည်ပါ စာရွက်များ ကပ်ထားမှာပါ။







## မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။




## ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီများ တွေ့ဆုံ

**မတ္တရာ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီတို့ တွေ့ဆုံပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ရဲမှူးညီညီက ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၈၈ အုပ်စုမှ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

# ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   အောက်တိုဘာ ၂

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသောမဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းဖြစ်ပါတယ်။ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား။ ကျွန်တော်တို့ပါတီရဲ့ ဖြစ်ပေါ်လာမှုနှင့် ဖွဲ့စည်းတည်ရှိမှုတို့ကို တင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ၂၀၁၄ခုနှစ် နိုဝင်ဘာလမှ စတင်ကာ နိုင်ငံရေးအမြင်ရှိသူများ၊ စီးပွားရေးအမြင်ရှိသူများ၊ ပြည်သူများရဲ့ အကျိုးကိုဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်ပေးလိုသော အတွေ့အကြုံရှိကြသော ပုဂ္ဂိုလ်များနှင့်စုဖွဲ့ကာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့ အလံနှင့်တံဆိပ်ကိုလည်း အဖြူရောင်ခွပ်ဒေါင်းကို ကြယ် ၁၄ လုံးမှ စက်ဝိုင်းပုံသဏ္ဌာန်ဝန်းရံထားပါတယ်။

အဓိပ္ပာယ်ဖော်ပြရမယ်ဆိုလျှင် ဒီမိုကရေစီပြောင်းလဲရေးအတွက် တစ်တိုင်းပြည်လုံး ဆန္ဒထုတ်ဖော်ပြသရာတွင် ယနေ့ပါတီ ဖွဲ့စည်းခဲ့သော ပါဝင်ခဲ့သော ပုဂ္ဂိုလ်များသည် ကျောင်းသားအဖြစ်တည်ရှိနေရာမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ကျောင်းသားများဖြစ်သည့်အတွက် ကျောင်းသားများရဲ့သင်္ကေတ (ဗိုလ်ချုပ်အောင်ဆန်းတို့မှ စတင်ခဲ့သည့်) ခွပ်ဒေါင်းအား သင်္ကေတ ယူခဲ့ပါသည်။ ယခင်က ခွပ်ဒေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေးကာလဖြစ်သည့်အတွက် မျိုးချစ်စိတ်ရှိစေရန် အနီရောင်ဖြစ်သော်လည်း ယနေ့ကာလသည် ငြိမ်းချမ်းစွာပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးနေသည့်အတွက် အရောင်ကင်း၍အဆင်းလှသော "အဖြူရောင်ခွပ်ဒေါင်း" ဖြစ်ပါသည်။ ဝန်းရံထားသော ကြယ် ၁၄ လုံးမှာ ကျွန်တော်တို့ရဲ့ ညီနောင်များဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သော ပြည်နယ်ဒေသကြီး၊ တိုင်းဒေသကြီးများအတွက် သင်္ကေတအမှတ်အသားဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထားများကို ဆက်လက်တင်ပြ အစီရင်ခံပါမယ်ခင်ဗျား-

နိုင်ငံခြားရေးမူဝါဒအနေဖြင့် ဘက်လိုက်မှုကင်းပြီး လွတ်လပ်၍ တရားမျှတသော မူဝါဒဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံရဲ့ လွှမ်းမိုးခြင်းကို လက်မခံဘဲ ဘက်လိုက်မှု ကင်းရှင်းခြင်းကို လက်ခံတဲ့မူဝါဒ ဖြစ်ပါတယ်။

မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းပြုလုပ်မှာမဟုတ်သလို၊ မိမိနိုင်ငံနဲ့ တိုင်းပြည် လူမျိုးပေါ်ကိုလည်း ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ကျင့်သုံးပါမည်။

အင်အားကြီးနိုင်ငံများ / လက်နက်အင်အားတောင့်တင်းသော နိုင်ငံများနှင့် ထိစပ်နေရသည့် ကျွန်တော်တို့ တိုင်းပြည်အတွက် အင်အားတောင့်တင်းသော ခေတ်မီလက်နက်တပ်ဆင်ထားသော ပြည်ထောင်စုတပ်မတော်တစ်ရပ်ဖြစ်တည်ရေး ဆောင်ရွက်မည့် မူဝါဒများဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

စီးပွားရေးမူဝါဒအနေနဲ့

အခြေခံ လူတန်းစားအများစုပါဝင်သော သမဝါယမလုပ်ငန်းများ ဦးစားပေးပါမည်။ အခြေခံအလုပ်သမားများပါဝင်သော အသေးစားတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ပါမည်။ အများပိုင်ကုမ္ပဏီများပေါ်ပေါက်ရေး ဦးစားပေးပါမည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ရန် မူဝါဒနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုဆောင်ရွက်ပေးပါမည်။

**ပညာရေးမူဝါဒအနေဖြင့်**

မသင်မနေစနစ်အား အခြေခံပညာအထက်တန်းအထိ အဆင့်ဆင့်ဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လူသားအရင်းအမြစ်များ ရရှိရေးအတွက် ခေတ်မီလျော်ညီသော ပညာရေးမူဝါဒချမှတ်ဆောင်ရွက်ပါမည်။

ပညာရေးအစ ဘက ပညာရေးကျောင်းကဆိုသည့် စကားအရ၊ တိုင်းရင်းသားပြည်သူအများ လေးစားယုံကြည်သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပါမည်။

**ကျန်းမာရေးမူဝါဒအနေဖြင့်**

လက်ရှိနိုင်ငံတစ်ဝန်းရှိ ဆေးရုံ/ ဆေးခန်းများအား နိုင်ငံတကာနှင့်ယှဉ်နိုင်စေရန် ခေတ်မီကိရိယာများတပ်ဆင်ခြင်းအား ဦးစားပေးပါမည်။ သက်ကြီးရွယ်အိုအားလုံးအား ဆေးဝါးအခမဲ့ကုသခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်ပေးသော ဂေဟာများ ဖွင့်လှစ်တည်ထောင်ပေးပါမည်။ ကလေးမွေးဖွားစဉ်သေဆုံးမှုလျော့ကျရေးနှင့် ကျန်းမာရေးနှင့် အသိပညာပေးမှုများအား လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ပေးသွားပါမည်။ တိုင်းပြည်၏ အခြေခံဒေသများဖြစ်သော မြို့များနှင့် ဝေးကွာသည့်နေရာဒေသများ၊ တောင်ပေါ်ဒေသများတွင် ကျေးရွာအုပ်စုအလိုက် တိုက်နယ်ဆေးရုံတစ်ရုံစီနှင့်ကျန်ကျေးရွာများတွင် ဆေးပေးခန်း/ သားဖွားခန်းများကို ဖွင့်လှစ်နိုင်ရေး အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

**လူမှုရေးမူဝါဒအနေဖြင့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ယုံကြည်ကိုးကွယ်ရာဖြစ်သော လွတ်လပ်စွာ ကိုးကွယ်နေမှုအား ဆက်လက်၍ ကူညီပံ့ပိုးပေးသွားပါမည်။ အသင်းအဖွဲ့များအား ဥပဒေနှင့်အညီလွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်ပေးပါမည်။ နိုင်ငံသားတိုင်းရရှိရမည့် တန်းတူအခွင့်အရေးရရှိမှုများအား တိုးတက်နိုင်သမျှ တိုးတက်စေရေး ဦးစားပေးပါမည်။ အခြေခံလူတန်းစား (မြေမဲ့၊ ယာမဲ့) တို့၏ လူနေမှုဘဝမြင့်တင်ရေးကိုလည်း အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အခြေခံလူတန်းစားများဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများ အများဆုံးနေထိုင်ရာမြို့နယ်မှာ ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်သမားများရဲ့ အခွင့်အရေးများကို မဆုံးရှုံးစေရန် အဓိကထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်သမားများရဲ့ လယ်ယာမြေများအား မှန်ကန်စွာ ပြန်လည်ရရှိရေးဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသလို လယ်သမားများ ရရှိရမယ့် အခွင့်အရေးများကိုလည်း မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခုကျွန်တော်တို့ပါတီ အခြေစိုက်ရာဒေသသည် စက်ရုံပေါများပြီး အလုပ်သမားထုများ များပြားစွာလုပ်ကိုင်လျက်ရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်နေကြသော ညီအစ်ကိုမောင်နှမများအား ၎င်းတို့၏ အခက်အခဲများကို အဓိကထား ဦးစားပေးညှိနှိုင်းဖော်ဆောင်ပေးသွားပါမယ်လို့ ကတိပြုပါတယ်။ ရသင့်ရထိုက်သည်များကို အမှန်တကယ်ရရှိရေး အထူးဆောင်ရွက်ပေးသွားပါမယ်လို့ ကတိပေးအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

အထက်ကဖော်ပြခဲ့တဲ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒများကို မိဘပြည်သူများအား တင်ပြဆွေးနွေးခြင်းသည် ယခုကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကိုယ်စားလှယ်များရွေးချယ်ရာတွင် အတွေးများပြီး အရွေးမမှားစေဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ဖော်ပြချက်အား အပြည့်အဝထောက်ခံပြီး ရွေးကောက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူအားလုံးလိုလားသော ဒီမိုကရေစီစနစ်ကို တစ်သင်း/တစ်ဖွဲ့/တစ်ပါတီတည်း မသွားဘဲ ပါတီစုံကို အခြေခံသွားခြင်းဖြစ်ကြောင်း မှန်ကန်သော လမ်းကြောင်းအဖြစ် မှတ်ယူပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အမှီအခိုကင်းပြီး အရောင်ဖြူစင်တဲ့အတွက် ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ နောက်ကလိုက်နေရတဲ့ နောက်လိုက်တွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပါတီဝင်အားလုံးဟာ ဒီမြေမှာမွေး၊ ဒီမြေမှာကြီး၊ ဒီရေကို အတူသောက်ခဲ့တဲ့ ညီရင်းမောင်နှမတွေပါ။ ကျွန်တော်တို့ ကိုယ့်အိမ်၊ ကိုယ့်နိုင်ငံကိုပစ်ပြီး ဘယ်မှမသွားခဲ့ကြဘဲ ဒီတိုင်းပြည်အပေါ်မှာ သံယောဇဉ်ရှိစွာ နေခဲ့ကြတာပါ။ ယနေ့မဲပေးမယ့် မိဘပြည်သူများဟာ ဒီနိုင်ငံမှာ မွေးရာကစ သေဆုံးသည့်တိုင် နေထိုင်လျက်ရှိကြတဲ့အတွက် စိတ်ထားမြင့်မြတ်တဲ့ လူမျိုးများဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီဟာ အခွင့်အရေးရရှိနိုင်ရေးအတွက် လောဘရမ္မက်ကြီးသော လူများနဲ့ ဖွဲ့စည်းထားတဲ့ ပါတီမဟုတ်ပါဘူး။ သေအတူရှင်မကွာ ဒီနိုင်ငံရဲ့ ခေတ်အဆက်ဆက် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ယခုလို ဖော်ဆောင်ခွင့်ရတဲ့ အချိန်မှာ မြန်မာနိုင်ငံသား စိတ်ဓာတ်အပြည့်နဲ့ ထမ်းဆောင်ချင်ပါတယ်။ အပေါ်ယံရွှေမှုန်ကြဲ အနှစ်က နွားချေးမခံပါဘူး။ အပေါ်ယံသဘောနဲ့ ပြောဆိုမှုများကို ရှုတ်ချပြီး မှန်ကန်စွာ ပြောဆိုတဲ့ အခြားပါတီတွေကို မဲပေးကြပါ။ အရွေးမမှားစေပါနဲ့။ ကိုယ့်တိုင်းပြည်ကို နွံထဲအကျမခံပါနဲ့လို့ တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ရောက်မယ့် ကျွန်တော်တို့ ပါတီကိုယ်စားလှယ်လောင်းများရဲ့ အရောင်ကင်း အဆင်းဖြူတဲ့ ဒေါင်းဖြူကို ကြယ် ၁၄ လုံးဝန်းရံထားသော ကျွန်တော်တို့ပါတီရဲ့ သင်္ကေတဘေးမှာ အမှတ်တံဆိပ်ခတ်နှိပ်ပေးရင်း ရွှင်လန်းတက်ကြွစွာ မဲပေးကြပါ။ ကျွန်တော်တို့ပါတီအနေဖြင့် အပြောကောင်းခြင်းမဟုတ်ဘဲ အကောင်းပြောခြင်းသာဖြစ်ကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါသည်ခင်ဗျာ။

ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ကတော့-
လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ၊
စဉ်ဆက်မပြတ်လူထုအတွက်၊
အားသွန်ခွန်စိုက် ထမ်းရွက်ကာ၊
ပြည်သူချစ်တဲ့ ဒေါင်းဖြူပါ။ ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့စေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။

## သာယာပါစေတို့အမိမြေ

**တေးရေး/တေးဆို-စောကြီး**

V1 သမိုင်းတစ်ခေတ်ဆန်းသစ်လို့လာပြီ. . . ဒီမိုကရေစီနိုင်ငံသစ်သို့ချီ. . .
ကျောင်းသားများရဲ့အားမာန်နဲ့ . . . ဒီပါတီကို တည်ထောင်ခဲ့ကြပြီ. . .
ဖွဲ့လုံ့လ ဝီရိယအားမာန်နဲ့ . . . ပြည်သူ့အကျိုးကိုမျှော်ကိုးလို့ရယ်. . .
ဘယ်နေရာမဆိုအရှေ့က မားမားမတ်ရပ်တည်. . . ပျော်ရွှင်ဖွယ်ရာ နိုင်ငံသစ်သို့ချီ. . .

V2 မြန်မာ့သမိုင်းရဲ့ ခရီးလမ်းတစ်လျှောက်မှာလည်း . . . ပြည်သူ့အကျိုးပြုလုပ်ငန်းများကို. . .
ကျောင်းသားများက ဦးဆောင်ပြီး . . . အသက်ပေးကာ တာဝန်ထမ်းခဲ့သည်. . .
အားလုံးရဲ့ဘဝအေးချမ်းစေဖို့ . . . နိုင်ရာ တာဝန်ကိုယ်စီထမ်းကြပြီ. . .
ညီညွတ်ခြင်းနဲ့ စည်းလုံးခြင်းအားမာန်. . . ဒီမိုကရေစီကိုလေ ဖော်ဆောင်ပြီ. . .

CHO ပြည်ထောင်စုမပြိုကွဲရေး. . . တိုင်းရင်းသားစည်းလုံးညီညွတ်ရေး. . .
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး. . .
စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော . . . ဒီမိုကရေစီထွန်းကားရေး. . .
လွတ်လပ်ခြင်းတရားမျှတခြင်းနဲ့အတူ . . . လောကပါလ တရားများ ထွန်းကားရေးအတွက် ဦးတည်ပါမည်။

V3 ပြည်သူ့အကျိုးပြု ကျောင်းသားများပါတီ . . . ပြည်သူ့အကျိုးကို ထာဝရထမ်းရွက်မည်. . .
လူ့အခွင့်အရေး အပြည့်အဝရစေမည်. . . သန္နိဋ္ဌာန်ကေန်ချမှတ်ပြီ. . .
ပြည်သူ့အရေးနဲ့ အခြားအရေးများပါမကျန်. . . ဘာသာရေးနဲ့ သာသနာရေးများအတွက် . . .
အတူလက်တွဲကာကြိုးစားခရီးဆက်မယ်. . . သာယာပါစေတို့မိမြေ. . .

CHO (ပြည်ထောင်စုမပြိုကွဲရေး. . . တိုင်းရင်းသားစည်းလုံးညီညွတ်ရေး. . .
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး. . .
စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော . . . ဒီမိုကရေစီထွန်းကားရေး. . .
လွတ်လပ်ခြင်းတရားမျှတခြင်းနဲ့အတူ. . . လောကပါလ တရားများ ထွန်းကားရေးအတွက် ဦးတည်ပါမည်။)၂
တို့ရဲ့မြန်မာပြည် ကြီးပွားတိုးတက်ရေးအတွက်. . . အစဉ်ကြိုးစားနေမည်. . .

# လမ်းပြကြယ်ပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂

**လမ်းပြကြယ်ပါတီ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ လမ်းပြကြယ် ဦးအေးမြင့်က ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ယုံကြည်အားကိုးလေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ဤနေရာမှနေ၍ မိဘပြည်သူများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်. . . .

ကျွန်တော်ဟာ လမ်းပြကြယ်ပါတီ၏ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ လမ်းပြကြယ် ဦးအေးမြင့်ဖြစ်ပါတယ်။ ကျွန်တော်၏ ပါတီမှ ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရန်အတွက် စာရင်းတင်သွင်းထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မဲဆန္ဒနယ်တွင် လမ်းပြကြယ်ပါတီကိုယ်စားလှယ်နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် လမ်းပြကြယ်ပါတီကိုယ်စားလောင်းနှစ်ဦးနှင့် ဖြူးမြို့နယ်မဲဆန္ဒနယ်တွင် လမ်းပြကြယ် ကိုယ်စားလှယ်လောင်းတစ်ဦး စုစုပေါင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ထားပါသည်။

မိဘပြည်သူများမှ လမ်းပြကြယ်ပါတီကိုယ်စားလှယ်လောင်း ငါးဦးအပေါ် စိစစ်လေ့လာသုံးသပ်၍ ကြိုက်နှစ်သက်ပါက လမ်းပြကြယ်ပါတီ၏ ကြယ်ကြီးတစ်လုံးအား ကြယ်ဖြူ ၁၄ လုံး ဝန်းရံထားတဲ့ တံဆိပ်အမှတ်အား ဘေးမှာရိုက်နှိပ်ပေးပြီး ကြိုက်နှစ်သက်ခြင်းမရှိပါက မိဘပြည်သူများ၏ ဆန္ဒအတိုင်း တံဆိပ်တုံးမရိုက်ဘဲ လွတ်လပ်စွာ ပစ်ပယ်ထားနိုင်ပါတယ်လို့ ပြောကြားလိုပါတယ်. . . .

ကျွန်တော်တို့ပါတီကို မိဘပြည်သူများမှ မေးလိုတဲ့ မေးခွန်းရှိပါတယ်လို့ ယုံကြည်ပါတယ်။ "အဲဒါကတော့ မင်းတို့ပါတီက တို့ကိုဘာတွေလုပ်ပေးနိုင်လဲ" လို့ ကတိကဝတ်တောင်းဆိုချင်ပါလိမ့်မယ်ဟု ထင်ပါတယ်။ အဲ့ဒီလို မေးလာတဲ့အခါ ကျွန်တော်တို့ပါတီက ပြန်လည်ဖြေကြားလိုတဲ့ စကားရပ်ကတော့ "ကတိပေးခြင်း" ဆိုတဲ့စကားရပ်မှာ "ကတိပေးရလွယ်ကူသလို အကောင်အထည်ဖော်ရတာ ခက်ခဲပါတယ်"လို့ ပြန်လည်ဖြေကြားလိုပါတယ်. . . .

လမ်းပြကြယ်ပါတီအနေဖြင့် မိဘပြည်သူများကို တင်ပြလိုသော စကားရပ်ကတော့ "လွှတ်တော်ထဲရောက်သည့်အခါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ထုတ်ပြီး မိဘပြည်သူများဖြစ်စေလိုသောဆန္ဒကို ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးပါမည်"ဟု ဤနေရာမှနေပြီး ကတိပေးပါတယ်. . . .

ဒါကတော့ ပြည်ထောင်စုလွှတ်တော်အတွင်းသို့ လမ်းပြကြယ်ပါတီ ကိုယ်စားလှယ်တစ်ယောက်ကို မိဘပြည်သူများ ရောက်အောင်ပို့ပေးလိုက်လို့ လွှတ်တော်ထဲရောက်တဲ့အခါ ဘာတွေလုပ်ရမည်၊ ဘယ်အချက်တွေ ပြင်ရမည် စတဲ့လုပ်ငန်းတွေဟာ များပြားကျယ်ဝန်းလှပါတယ်။ "လွှတ်တော်တွင်း နိုင်ငံရေးသည် ပြင်ပနိုင်ငံရေး လုပ်ဆောင်သကဲ့သို့ လွယ်လင့်တကူ လုပ်ဆောင်၍ မရပါ။ ဥပဒေစည်းကမ်း၊ နည်းလမ်းအတွက် သတ်မှတ်သဖြင့် ဘဝအတွေ့အကြုံ၊ လေ့လာမှုအား တက်ကြွသောစိတ်ထားဖြင့် ကြိုးစားလုပ်ဆောင်ရာတွင် လုပ်ငန်းနယ်ပယ်အသီးသီး၏ စည်းကမ်းနည်းလမ်းများ (ပြဋ္ဌာန်းဥပဒေ)များ၏ သဘောသဘာဝကို အဆင့်မြင့်ပညာဉာဏ်စွမ်းဖြင့် သုံးသပ်ဆုံးဖြတ်ရသော လွှတ်တော်တွင်း နိုင်ငံရေးဖြစ်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အကျင့်သီလစာရိတ္တနှင့် ပညာဉာဏ်စွမ်းတို့ ပြည့်စုံဖို့လိုအပ်ပါတယ်. . .

တံတားကြီးတည်ဆောက်ပေးပါမည်၊ လမ်းမကြီးဖောက် လမ်းခင်းပေးပါမယ်၊ ခုတင် (၁၀၀၀)ဆံ့ ဆေးရုံကြီးဆောက်ပေးပါမည်ဟု ကတိမပေးနိုင်ပါ။ "နိုင်ငံတစ်ခုလုံးနှင့်ဆိုင်ပြီး အများပြည်သူအကျိုးရှိသည့် ဆောင်ရွက်ချက်မျိုးကိုသာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်ဆောင်ရွက်ပေးပါမည်" ဆိုသော ကတိစကားသာ ပေးနိုင်ပါတယ်. . .

ဒီအချိန်အခါမှ ကျွန်တော်တို့ လမ်းပြကြယ်ပါတီအနေဖြင့် အစိုးရဖွဲ့နိုင်လောက်အောင် ကိုယ်စားလှယ်လောင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသေးပါ။ လမ်းပြကြယ်ပါတီအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ရရှိခဲ့သည့် ကာလမှာ အချိန်တိုပိုင်း လသားအရွယ်သာရှိသေးသောပါတီ ဖြစ်ပါတယ်. . .

လမ်းပြကြယ်ဆိုတဲ့အမည်ကို မြန်မာတစ်ဝန်းလုံးက ကြားသိပြီး နားယဉ်ပြီးသား ဖြစ်ပါလိမ့်မယ်၊ ဒုက္ခနှင့် ရင်ဆိုင်နေရသော အလုပ်သမား၊ လယ်သမားကိစ္စများ၊ ကလေးစစ်သားကိစ္စများနှင့် တရားဥပဒေ အရိပ်ခို၍ ပြည်သူလူထုကို မောက်မာစော်ကားခဲ့သည့် ကိစ္စများအတွက် အမှန်တရားဘက်ကရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်ခဲ့သဖြင့် "မိဘပြည်သူများ အသိအမှတ်ပြုခဲ့လို့ ဂုဏ်တင်ခဲ့သောအမည်" ဖြစ်ပါတယ်. . .

လမ်းပြကြယ်အမည်ဖြင့် လွှတ်တော်ပြင်ပကနေ ပြောင်းလဲလိုသော အရွေ့တစ်ခုကိုကြိုးစားနေခြင်းဟာ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ရင်းနှီးခဲ့ရသော အတွေ့အကြုံများအရ တရားဝင်ပါတီမှတ်ပုံတင်ပြီး တရားဝင်ပြောခွင့်ဆိုခွင့်ရသော "ပြည်ထောင်စုလွှတ်တော်" အတွင်း ဝင်ရောက်ပြီး မိမိတို့တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန်အတွက် ရွေ့လိုသော ရွေ့ခြင်းက ပိုမိုကောင်းမွန်သည်ဟု ယူဆသဖြင့် "ကျွန်တော်နှင့် ကျွန်တော့်ကို ယုံကြည်လေးစားအားကိုးပြီး အကူအညီပေးနေသော လမ်းပြကြယ်အဖွဲ့ဝင်များ စုပေါင်းပြီး လမ်းပြကြယ်ပါတီကို တရားဝင်ပါတီ" အဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်. . . .

ဒီမိုကရေစီကို အများစုလိုလားကြပါတယ် "လိုချင်တော့ ခြသေ့်ဆီ ခပ်နေတာက အုန်းမှုတ်ခွက်××× တောင်းဆိုသူကလည်း အုန်းမှုတ်ခွက်ဘဝမှ ရွှေခွက်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန် လိုအပ်ပါတယ်. . . .

မြန်မာ့နိုင်ငံရေးကို အခြေခံလူတန်းစားဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားများက သူတို့တွေ့ကြုံဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံများအရ တစ်စတစ်စ နားလည်သဘောပေါက်လာခဲ့သဖြင့် "နိုင်ငံရေးသမား" (သို့) အစိုးရကို ရဲရဲတောက် အတိုက်အခံပြု ဆန့်ကျင်ခဲ့သော "နိုင်ငံရေးသူရဲကောင်း" များကို အယုံအကြည်မရှိ အားမကိုးရဲတော့ဘဲ ကိုယ့်မိသားစုအရေးကို ကာကွယ်ရင်း စိတ်မောလူမောနှင့် ကြားက ပွဲကြည့်ပရိသတ် သဖွယ် ထိုင်စောင့်ကြည့်နေသော ကာလဆိုတာ လမ်းပြကြယ်ပါတီက နားလည်ပါတယ်. . . .

မှန်ပါတယ် လူထုကြားထဲ လမ်းပြကြယ်တွေက လမ်းလျှောက်နေကြတော့ သိလာရတယ်၊ မိဘပြည်သူများက လေ့လာဆန်းစစ်တဲ့နေရာမှာ "အမတ်လောင်း" ဟာ "နိုင်ငံရေးသမားလား" ဒါမှမဟုတ် "နိုင်ရင် ပြောထားတဲ့ ကတိကိုမတည်ဘဲ မိသားစုကောင်းကျိုးအတွက် စဉ်းစားမလား" ဆိုတာ မျက်လုံးဒေါက်ထောက်ပြီး ခွဲခြားနေကြပြီ၊ ဒါကို လမ်းပြကြယ်ပါတီမှ ကိုယ်စားလှယ်လောင်းများ ကောင်းစွာ နားလည်ကြပါတယ်၊ ကျွန်တော့် အသက်အရွယ်အားဖြင့် တတိယအရွယ်ဖြစ်ပြီး တဖြည်းဖြည်းနှင့် လုပ်ကိုင်နိုင်စွမ်း ကျဆင်းလာမည်ဖြစ်သဖြင့် လူငယ်၊ လူလတ် ပါတီဝင်များကို လွှတ်တော်အတွင်း ဝင်ရောက်ပြီး စနစ်တကျ နိုင်ငံရေးပြုလုပ်နိုင်ရန်အတွက် ပါတီဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ရပ်တည်ပြီး အလားအလာရှိပြီး အရည်အချင်းရှိသော လူငယ်၊ လူလတ် ကိုယ်စားလှယ်လောင်း ငါးဦးကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းသာဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုး ကိုယ့်စရိတ်ကိုယ်စိုက်ပြီး မိမိမွေးဖွားကြီးပြင်းရာ မြို့နယ်တွေမှာ သတ္တိရှိရှိ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်. . . .




အိမ်ကွင်းမှာ မကန်ဘဲ အဝေးကွင်းထွက်ကန်လိုသော ကိုယ်စားလှယ်လောင်းများကို လက်မခံပါ။ ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများ အတွေ့အကြုံများအရ ရွေးကောက်ကာလတုန်းကတော့ ခေါင်းပေါင်းစ တထောင်ထောင်နှင့် ဟိုဟာပေး၊ ဒီဟာလုပ်ပေးမည်ပြောပြီး အမတ်ဖြစ်ရေး မျက်နှာချိုသွေးပြီး အမတ်/ ဝန်ကြီးဖြစ်သွားတဲ့အခါ မိမိမဲဆန္ဒနယ်ကို ပြန်မရောက်လာတဲ့ "ဘုရားကိုပဲ ရွှေချဖို့ကြိုးစားပြီး ဘုရားရှေ့က ခြသေ့်ကို ထုံးသုတ်ရန် မေ့သောအမတ်လောင်း" မဟုတ်ကြောင်း ကျွန်တော်တို့ ပါတီက ကတိပေးနိုင်ပါတယ်. . . .

နိုင်ငံရေးသမားတွေပြောနေတဲ့ "မဲစာရင်းနှင့်ပတ်သက်လို့" ပြည်ထောင်စုကော်မရှင်က စနစ်တကျလုပ်ပေးနေတာ အတွင်းကျကျလေ့လာလျှင် တွေ့မြင်နိုင်ပါတယ်။ နောက်လာမည့် အနာဂတ်ရွေးကောက်ပွဲများအတွက် စနစ်တကျဖြစ်အောင် လုပ်ထားခြင်းဖြစ်ပါတယ်ဆိုတာ လမ်းပြကြယ်ပါတီက ကော်မရှင်ကိုယ်စား အာမခံသလို ကော်မရှင်နာ တမင်မှားအောင် လုပ်ထားပြီး ဘက်လိုက်သည့် အထောက်အထားတွေ့ခဲ့ရင် ဥပဒေအရ တရားပြန်စွဲမှာဖြစ်ကြောင်း အာမခံကတိပေးပါတယ်. . . .

နောက်ဆုံးအနေဖြင့် မိဘပြည်သူများ ကျွန်တော်ပါတီဥက္ကဋ္ဌအနေဖြင့် အထူးတင်ပြပြီး ပြောလိုသောစကားကတော့ "လမ်းပြကြယ်ပါတီမှ ကိုယ်စားလောင်းများကို မဲပေးပါလို့ မတောင်းဆိုလိုပါ၊ ခိုင်းကြည့်ပါလို့ပဲ ပြောချင်ပါတယ်" မဲရုံကို ကိုယ်တိုင်သွားရောက်မဲထည့်ကြပါ၊ မထည့်ဘဲနေခြင်းသည် အစိုးရကောင်းမရအောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်. . . .

နောက်တစ်ခုထပ်ပြောလိုတာတော့ နိုင်ငံရေးသိပ္ပံသဘောတရားအရ လူထုနှင့် ထိုက်တန်သော အစိုးရသာရမှာ ဖြစ်တဲ့အတွက် "မိဘပြည်သူများ၏ မဲဆန္ဒပေးမှုသည် မျောက်လက်ထဲ စက်သေနတ်အပ်လိုက်သော မဲပေးမှုမျိုးမဖြစ်ပါစေနဲ့လို့" ပြောကြားရင်း မိဘပြည်သူများအားလုံး မိသားစုအတူတကွ လွတ်လပ်ကျန်းမာပျော်ရွှင်နိုင်ကြပါစေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်. . . .။

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မူဆယ် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၏ ဌာနဆိုင်ရာများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက်က မူဆယ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဌာနဆိုင်ရာများအနေဖြင့် မိမိဆောင်ရွက်ရမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အချိန်၊ မိမိဌာနမှပေးအပ်ထားသော တာဝန်များကို သတ်မှတ်စံနှုန်းနှင့် ပြည့်မီအောင် အချိန်မီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် ရှေးရှုလုပ်ဆောင်ရန်၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သော ခရိုင်ဥပဒေအရာရှိ ဦးဝင်းတင်ကလည်း ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရှင်းလင်းဆွေးနွေး

**ကလေး အောက်တိုဘာ ၂**

အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးကျော်သူဇော်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စများကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျင်ခန့်ပေါင်က ကြုံတွေ့ရသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးအောင်ခင်းနှင့် ပါတီအထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းတို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**(ရှမ်းနီဘာသာဖြင့် နှုတ်ခွန်းဆက်ဆုတောင်းစကားပြောကြားခြင်း)**

မိဘပြည်သူများနှင့်တကွ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများအားလုံး အနာရောဂါကင်းရှင်းကြပြီး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ရှိကြပါစေ။ စားရေး၊ ဝတ်ရေးမှအစ ရွှေ၊ ငွေ၊ ဥစ္စာ ရတနာပစ္စည်း ပြည့်ပြည့်စုံစုံ ပိုပိုလျှံလျှံရှိကြပါစေ။

အကြောက်တရားများကင်းရှင်းပြီး မိမိတို့ဆန္ဒရှိသလို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ ပြောနိုင်၊ ဆိုနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်ကြသူများ ဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ကျွန်တော်ကတော့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေး ပါတီဥက္ကဋ္ဌ ဦးအောင်ခင်း ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုဝင်အပေါင်းတို့ဟာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း ဝင်ရောက်အခြေချ နေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီလိုအခြေချနေထိုင်ရာမှာ ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေဟာ မည်သည့်လူမျိုးရဲ့ နယ်မြေကိုမှ အနိုင်ကျင့်တိုက်ခိုက်လုယူခဲ့ခြင်းမျိုးမဟုတ်ဘဲ နယ်သစ်ပယ်သစ်ရှာဖွေတွေ့ရှိပြီး ခုတ်ထွင်ရှင်းလင်းကာ ဓားမဦးချအခြေချနေထိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အုပ်ချုပ်မှုအတတ်ပညာတွေလည်း အဲဒီကတည်းက အဆင့်မြင့်ထွန်းကားနေခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ အခြေချနေထိုင်လျက်ရှိတဲ့ဒေသတွေကတော့ စစ်ကိုင်းတိုင်း မြောက်ပိုင်းမှာ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ နန်းယွန်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ကချင်ပြည်နယ်မှာ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီ၊ ရှမ်းပြည်မြောက်ပိုင်းမှာ မိုးမိတ်၊ မဘိမ်းဒေသများပဲ ဖြစ်ပါတယ်။ သို့ပေမယ့် အချို့ဒေသမှာ နေထိုင်တဲ့ ရှမ်းနီများဟာ မိမိဘာသာစကားကို ပြောကြားခြင်း မရှိတော့သည့်အပြင် မိမိကိုယ်မိမိ ရှမ်းနီလူမျိုးဖြစ်ကြောင်းကိုပင် မသိရှိကြတော့ပါဘူး။ အလွန်ရင်နာစရာကောင်းလှပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးခေတ်မှာ ကျွန်တော်တို့ ရှမ်းနီတွေဟာ ဝန်းသိုစော်ဘွား ဦးအောင်မြတ် ဦးဆောင်ပြီး ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ နယ်ချဲ့တော်လှန်ရေးဖက်ဆစ်ဆန့်ကျင်ရေးကာလတွေမှာလည်း အသက်သွေးချွေးတို့ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့ကြလို့ နိုင်ငံတော်က မော်ကွန်းဝင်ဆုတံဆိပ်ပေါင်း ၇၀ ကျော် ချီးမြှင့်ပြီး အသိအမှတ်ပြုခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသားပေါင်းစုံတို့က မိမိတို့ရလိုတဲ့အခွင့်အရေးအတွက် လက်နက်ကိုင်ပြီး နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရှမ်းနီအပါအဝင် မြောက်ပိုင်းရှမ်းမျိုးနွယ်စုဝင်တို့ဟာ လက်နက်ကိုင်ဆန့်ကျင်ခြင်း မပြုခဲ့ဘဲ နိုင်ငံတော်နှင့် ဒိုးတူပေါင်ဖက် တစ်သားတည်း နေထိုင်ခဲ့ကြသည်မှာ ယနေ့အထိပဲဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

အငိုသန်တဲ့ကလေး နို့စို့ရတယ်ဆိုသလိုပဲ တိုင်းရင်းသားအတော်များများဟာ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ရရှိခဲ့ကြပေမယ့် ကျွန်တော်တို့ ရှမ်းနီလူမျိုးတွေကတော့ မငိုတတ် မတောင်းတတ်တဲ့အတွက် အခြားတိုင်းရင်းသားတွေလို အခွင့်အရေးတွေ မရရှိသေးပါဘူး။ ရှမ်းနီလူမျိုးများဖြစ်ပေမယ့် မှတ်ပုံတင်မှာ ရှမ်းနီလူမျိုးဆိုပြီး ဖော်ပြခွင့်မရရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ပါတီက ယခုလာမယ့် ရွေးကောက်ပွဲအတွက် ဆောင်ပုဒ်နှစ်ခု ချမှတ်ခဲ့ပါတယ်။ အဲဒါတွေကတော့



**(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ကြယ်ငါးပွင့်ကို ဒို့- မဲပေး**

**(၂) ကိုယ့်လူမျိုး အမည်မှန်ပေါ်ပေါက်ဖို့ ကြယ်ငါးပွင့်ကို ထောက်ခံစို့။**

တို့ပဲဖြစ်ပါတယ်။ ဒီဆောင်ပုဒ်နဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့၊ ကိုယ့်လူမျိုး အမည်မှန်ပေါ်ပေါက်ဖို့ ကျွန်တော်တို့ပါတီက စွမ်းစွမ်းတမံကြိုးစားအားထုတ်သွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေလို့လည်း မရနိုင်စရာ မရှိပါဘူး။ နိုင်ငံတော်ကို တရားဝင် တင်ပြတောင်းခံနိုင်ဖို့ပဲ လိုအပ်ပါတယ်။ အရေးကြီးတာက ကျွန်တော်တို့လူမျိုးတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိကြဖို့ပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့နဲ့ ပူးပေါင်းကြပါ။ အားပေးကြပါ။ ထောက်ခံကြပါလို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်တို့နဲ့ ပတ်သက်ပြီး ပါတီ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းက ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ **(ကျေးဇူးတင်ပါတယ်)**



**(မိုင်ဆွန်ခ)အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ခင်ဗျား။**

ကျွန်တော့်ကို ဦးစွာ မိတ်ဆက်ခွင့်ပြုပါ။ ကျွန်တော်ကတော့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ Shan Ni & Nothern-Shan ethnic solidiarity Party (S.N.S.P) ရဲ့ အထွေထွေအတွင်းရေးမှူး စောဝင်းထွန်းဖြစ်ပါတယ်။ ဒီနေ့ ရုပ်မြင်သံကြားမှ ထုတ်လွှင့်မယ့် အစီအစဉ်အတွက် ပါတီမှ တာဝန်ပေးအပ်ချက်အရ ပါတီရဲ့ နောက်ခံသမိုင်း၊ မူဝါဒများနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များကို မိဘပြည်သူ များအား အသိပေးတင်ပြသွားပါမယ်။

**မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ ကျွန်တော်တို့ (S.N.S.P)ရဲ့ ရည်ရွယ်ချက်၊ မူဝါဒများနဲ့ ရှေ့လုပ်ငန်းစဉ်များကို အကျဉ်းရုံး တင်ပြပါမယ်။

**-ရည်ရွယ်ချက်၊**

(က) နိုင်ငံသားအားလုံး၏ အခြေခံ လူ့အခွင့်အရေးများကို အာမခံနိုင်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအား ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန်။

(ခ) နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး အတွက် ပါဝင်ဆောင်ရွက်ရန်။

(ဂ) ဒေသခံတိုင်းရင်းသားများအချင်းချင်း ယှဉ်တွဲနေထိုင်၍ နေထိုင်ရာဒေသ၏ အကျိုးစီးပွားများကို ဖော်ထုတ်ဆောင်ရွက်ရန်။

(ဃ) ပျောက်ကွယ်နေပြီဖြစ်သော တိုင်းရင်းသားများတို့၏ အမျိုးသားလက္ခဏာ ပြန်လည်ဖော်ထုတ်ရန်နှင့် သမိုင်းအမွေအနှစ်၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရန်။

(င) အမည်နာမနှင့် နေရာဒေသကွဲပြားနေသော မိမိတို့၏ အမျိုးသားများအားလုံး ပြန်လည်စုစည်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးအား တည်ဆောက်ရန်။

(စ) ပြောင်းလဲနေသော မြန်မာနိုင်ငံရေး အခြေအနေပေါ်မူတည်၍ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၏ အမျိုးသားရေးအကျိုးစီးပွားအား ဖော်ဆောင်ရယူရန်။

(ဆ) မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသော မတရားဖိနှိပ်မှု၊ ဆက်ကြေးကောက်ခံမှု၊ လူသူစုဆောင်းမှု၊ အဓမ္မညှဉ်းပန်းနှိပ်စက်မှုများအား နိုင်ငံရေးနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ရန်။

**မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ နေထိုင်တဲ့ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသများဟာ တည်ငြိမ်အေးချမ်းမှုမရှိသေးဘဲ ယနေ့ထက်တိုင် အဖြူရောင်နယ်မြေမဖြစ်သေးတာ၊ လက်နက်ကိုင်တိုက်ပွဲများ မရပ်စဲနိုင်သေးတာ မိဘပြည်သူများလည်း သိပြီးဖြစ်မှာပါ။ ဒီလိုကာလမျိုး ဒီလိုအခြေအနေအောက်မှာ ကျွန်တော်တို့ လူမျိုးစုများ ဒေသခံ လူထုများအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ အခွင့်အရေးများကို မမျှော်လင့်နိုင်တဲ့အပြင် ဒေသအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားလို့ ဆိုရမှာဖြစ်တဲ့ စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းအစရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ဖို့ အခွင့်အလမ်းနည်းပါးနေတာကို နားလည်နိုင်မှာပါ။ ဒါ့အပြင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း တည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်မှုလုပ်ငန်းများ တည်ထောင်ရေး အစရှိတဲ့လုပ်ငန်းများကို တည်ထောင်၊ ဆောက်လုပ်နိုင်မှာမဟုတ်ပါ။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့၊ ဖြစ်လာဖို့ဆိုလျှင် ပထမဦးစွာ လိုအပ်တာဟာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်တိုက်ပွဲများရပ်စဲရေး တစ်နည်းပြောရရင် **ငြိမ်းချမ်းရေး**ဟာ ကျွန်တော်တို့အတွက် အဓိကအရေးအကြီးဆုံး၊ ပထမဦးဆုံး ဦးစားပေးရမယ့်လုပ်ငန်းစဉ်ဖြစ်တယ်လို့ ပါတီကခံယူထားပါတယ်။

ဒါဆိုငြိမ်းချမ်းရေးရရှိပြီးနယ်မြေဒေသတည်ငြိမ်မှုမှတစ်ဆင့် နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ ဒေသခံပြည်သူလူထု၊ တိုင်းရင်းသားမျိုးနွယ်စုများအနေနဲ့ ဘယ်လိုပါဝင်ဆောင်ရွက်မှာလဲ၊ လက်ရှိအခြေအနေမှာနိုင်ငံတော်မှ အကောင်အထည်ဖော်နေတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ဟာ အချောသပ်အတည်ပြုပြီး နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးမယ့်ရက် သတ်မှတ်ဖို့ နောက်ဆုံးညှိနှိုင်းကြတဲ့အဆင့်ရောက်နေပြီဆိုတာ မိဘပြည်သူများလည်း သိပြီးဖြစ်မှာပါ။ မဝေးတော့တဲ့ရက်မှာ(NCA)ကို လက်မှတ်ရေးထိုးနိုင်ကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဒီလိုအနေအထားဖြစ်ပေါ်လာရင် (NCA) စာချုပ်အရ ဆက်လက်ဆောင်ရွက်ကြမယ့် နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း၊ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲ (Political Dialouge) ကျင်းပခြင်းအဆင့်ဆင့်ကိုသတ်မှတ်ထားတဲ့ ရက်စွဲ၊ အချိန်ဘောင်အကန့်အသတ် (Time Frame) အရ ဆက်လက်ဆောင်ရွက်ကြတော့မှာ ဖြစ်ပါတယ်။ ဒီအဆင့်ကိုရောက်လာရင် နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး (အထူးသဖြင့် မိမိတို့နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး) ဖြစ်စဉ်မှာ **နိုင်ငံရေးပါတီများ ပါဝင်ဆောင်ရွက်ခွင့်** ရရှိလာမှာ ဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော်တို့ပါတီမှ အမိအရ ဆုပ်ကိုင်ပြီး (အစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပါဝင်သင့်သူများ)မှ စုပေါင်းဆွေးနွေးဆုံးဖြတ်ကြမယ့် **နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုများ**မှတစ်ဆင့် ငြိမ်းချမ်းရေးနဲ့ ဒေသတည်ငြိမ်ရေးကို ရရှိနိုင်မှာဖြစ်တယ်လို့ လေးလေးနက်နက် ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကိုရဖို့ အခြားနည်းလမ်းမရှိဘူးလို့ ကျွန်တော်တို့ပါတီမှ ခံယူထားပါတယ်။

**မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ နိုင်ငံမှာ အထူးသဖြင့် ကျွန်တော်တို့ နေထိုင်ရာ ဒေသမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ အကျိုးဆက်ဖြစ်တဲ့ နယ်မြေမတည်ငြိမ်မှု၊ တရားဥပဒေမသက်ရောက်မှု၊ မလွတ်လပ်မှု၊ မမျှတမှုများကြောင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေး တန်းတူညီမျှဖြစ်ရေး အစရှိသည်တို့ကို ဘယ်လိုမှ အကောင်အထည်ဖော်ဆောင်ရွက်လို့ မရနိုင်တာ မိဘပြည်သူများ နားလည်မယ်လို့ ယုံကြည်ပါတယ်။

နယ်မြေအေးချမ်းမှ (တစ်နည်း- ငြိမ်းချမ်းရေးရှိမှ) ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်၊ တိုးတက်လာမှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခွင့်အလမ်းများ ဖွံ့ဖြိုးလာမယ်၊ ဒီလို ဖွံ့ဖြိုးလာမှ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများနဲ့ ဒေသခံပြည်သူလူထုရဲ့ လူနေမှု အဆင့်မြင့်မားလာမယ်။ ဘဝလုံခြုံမှုရှိလာမယ်။ အသိဉာဏ်ပညာအဆင့်မြင့်မားလာမယ်။ ဒီအခြေအနေထိရောက်အောင် ဆောင်ရွက်ပါမှ တိုင်းရင်းသားအခွင့်အရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းရေး၊ နိုင်ငံရေးတန်းတူညီမျှရေး ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်တို့ကို ရရှိမှာဖြစ်ပါတယ်။

ယခုလက်ရှိအခြေအနေအောက်မှာ ကျွန်တော်တို့ SNSP၊ ကြယ်ငါးပွင့်ပါတီအနေနဲ့ ဘာတွေကိုဆောင်ရွက်ပေးမယ်။ ဘာတွေကို ကတိပြုတယ်ဆိုတဲ့ အခြေအနေမရှိပါဘူး။ အရိုးသားဆုံးပြောရရင် ပြည်သူလူထုအတွက် ခုအချိန်မှာ ဘာမှလုပ်ပေးနိုင်တဲ့ အခြေအနေမရှိသေးပါဘူး။ ဒါပေမယ့် ဘာတွေကို ဘယ်လိုလုပ်ရင် ရနိုင်တယ်၊ ဒီမပြည့်စုံမှုတွေထဲက လွတ်မြောက်ဖို့ ဘယ်နည်းလမ်းကဖြင့် လက်တွေ့အဖြေရှိတယ်ဆိုတဲ့ စဉ်းစားထားတဲ့ လုပ်ငန်းစဉ်များ ကျွန်တော်တို့ SNSP ၊ ကြယ်ငါးပွင့် ပါတီမှာရှိပါတယ်။ ကျွန်တော်တို့ စဉ်းစားချမှတ်ထားတဲ့ လုပ်ငန်းစဉ်များဖြင့် မိဘပြည်သူများရဲ့ ဒုက္ခဆင်းရဲတွင်းမှ လွတ်နိုင်ဖို့၊ တိုးတက်လာစေဖို့အတွက် မိဘပြည်သူများ ကိုယ်စားဆောင်ရွက်ခွင့်ရှိရင် ပေးဆပ်နိုင်ဖို့ မိဘပြည်သူများထံကို ခွင့်ပန်ခြင်းဖြစ်ပါတယ်လို့ ပြောပါရစေ။

ဒါကြောင့် ကျွန်တော်တို့ SNSP ကြယ်ငါးပွင့် ပါတီအနေဖြင့် အမျိုးသား နိုင်ငံရေးလုပ်ငန်းစဉ် (၄)ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။

- နံပါတ်တစ်လုပ်ငန်းစဉ်အနေဖြင့် ဒေသတွင်းအပစ်အခတ် ရပ်စဲရေးမှတစ်ဆင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးမှာ ဆောင်ရွက်လို့ရနိုင်သောအဆင့်အနေအထားမှတစ်ဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်၍ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်** အားဆောင်ရွက်ရန်၊

- နံပါတ်နှစ်လုပ်ငန်းစဉ်ဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်မယ့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးခြင်းဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးစုများရဲ့ နိုင်ငံရေးရပိုင်ခွင့်၊ နိုင်ငံရေးတန်းတူညီမျှမှုအခွင့်အရေးများကို အမိအရ တောင်းဆို၊ ဆွေးနွေးရယူခြင်းဖြင့် **အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်** အား ဖော်ဆောင်ရန်၊

- နံပါတ်သုံးအနေနဲ့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာမှုနဲ့အတူ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံရေးတန်းတူညီမျှမှု အခွင့်အရေးများကို လက်ကိုင်ပြုပြီး မိမိတို့နိုင်ငံ၊ နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံ ပြည်သူလူထုများ မိမိတို့တိုင်းရင်းသား မျိုးနွယ်စုများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုအဘက်ဘက်မှ တိုးတက်မြင့်မားစေမယ့် **အမျိုးသားအကျိုးစီးပွားလုပ်ငန်းစဉ်** အား တည်ဆောက်ရန်၊

- နံပါတ်လေးအချက်ဖြစ်တဲ့ တည်ငြိမ်ပြီး ဖွံ့ဖြိုးလာတဲ့မိမိတို့ ဒေသအတွင်းရှိ ရှမ်းနီနဲ့ မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ၊ ဒေသခံပြည်သူလူထုများမှ ဒီမိုကရေစီစနစ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပြည်ထောင်စု ညီလာခံမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး၊ သန့်ရှင်းကောင်းမွန်တဲ့ နိုင်ငံတော်အုပ်ချုပ်ရေး၊ ယန္တရားဖြစ်ပေါ်လာရေးအစရှိတဲ့ **ပြည်ထောင်စုအဆင့်လုပ်ငန်းစဉ်** အား အခြားနိုင်ငံရေးအင်အားစုများနှင့်အတူ အကောင်အထည်ဖော်ရန်၊

ကျွန်တော်တင်ပြခဲ့တဲ့ ဖော်ပြပါလုပ်ငန်းစဉ် (၄) ရပ်ကို မိမိတို့ တိုင်းရင်းသား လူမျိုးစုများအနေနဲ့ ပကတိတည်ရှိနေတဲ့ နယ်မြေဒေသအခြေအနေ၊ နိုင်ငံရေးအခြေအနေများအောက်မှာ အကောင်အထည်ဖော်နိုင်ဖို့ ဘယ်ပါတီ၊ ဘယ်ကိုယ်စားလှယ်က အကောင်းဆုံးဆောင်ရွက်နိုင်မှာလဲဆိုတာ မိဘပြည်သူများ ရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ နေထိုင်ရာဒေသနဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ဖို့ မိဘပြည်သူများက ကျွန်တော်တို့ SNSP ၊ ကြယ်ငါးပွင့်ပါတီကို တာဝန်ပေးအပ်မယ်ဆိုရင်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုတာ **(ရှမ်းနီ (တိုင်းလိုင်)နဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ)**မှ ပြည်သူလူထုကို ကတိပြုရင်း နိဂုံးချုပ်ပါတယ်။ **(အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။)**